# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာ စောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၈ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၉)



**ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေး ဝါကျွတ်အိ(ဒ်) မိတ်ဆုံညစာစားပွဲအခမ်းအနားကျင်းပ** ပြည်တွင်းသတင်း စာ » ၃

**ကိုလံဘီယာ ငြိမ်းချမ်းရေးစာချုပ် ခြိမ်းခြောက်မှုများအောက် ရောက်နေ** နိုင်ငံတကာသတင်း စာ » ၁၄

**ယီမင်စစ်ပွဲတစ်လျှောက် အပြင်းထန်ဆုံးတိုက်ပွဲဖြစ်လာမယ့် အာရပ်တပ်ပေါင်းစုရဲ့ ထိုးစစ်ဆင်တိုက်ပွဲ** နိုင်ငံတကာသတင်း စာ » ၁၅




# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ မွန်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်နေရာများအား လိုက်လံကြည့်ရှု

**မော်လမြိုင် ဇွန် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် မော်လမြိုင်နှင့် မုတ္တမမြို့များမှ ရေကြီးနစ်မြုပ် ပျက်စီးသည့်နေရာများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်ပြည်နယ်အတွင်း ဇွန် ၁၆ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပွားလျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် မုတ္တမတိုက်နယ်ဆေးရုံနှင့် အခြေခံပညာ အထက်တန်းကျောင်းများသို့ ရောက်ရှိကြပြီး ရေလွှမ်းမိုးခြင်းခံခဲ့ရသော တိုက်နယ်ဆေးရုံ၏ ပျက်စီးမှုအခြေအနေ၊ ရေတိုက်စားမှုကြောင့် အုတ်တံတိုင်းပြိုကျမှု အခြေအနေနှင့် စာသင်ကျောင်းနံရံနှင့် သိပ္ပံခန်း အဆောင်ပျက်စီးမှု အခြေအနေများကိုကြည့်ရှုပြီး စေတနာ့ဝန်ထမ်းအဖွဲ့များ၊ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးကာ ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

*စာမျက်နှာ ၇ ကော်လံ ၁* ❑




## ဖြူးမြို့အနီး အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**နေပြည်တော် ဇွန် ၁၇**

ဇွန် ၁၇ ရက် မြန်မာစံတော်ချိန် ည ၇ နာရီ ၅၁ မိနစ် ၂၂ စက္ကန့်အချိန်တွင် တောင်ငူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၈ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖြူးမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်)အကွာ မြောက်လတ္တီတွဒ် (၁၈ ဒသမ ၃၁) ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် (၉၆ ဒသမ ၀၉) ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး(၅ ဒသမ ၁)အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**မြန်မာ့အလင်း**

## တနင်္သာရီတိုင်းဒေသကြီး၊ ကရင်နှင့်မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇွန် ၁၇**


နေပြည်တော်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့ တွင် နေရာအနှံ့အပြား၊

*စာမျက်နှာ ၄ ကော်လံ ၁* ◆




KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

**မြန်မာ့အလင်း**

# ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမှ ဖွံ့ဖြိုးရေးသို့

ဇွန်လ ၁၆ ရက်နေ့က ဗန်ကောက်မြို့တွင် (၈) ကြိမ်မြောက် ဧရာဝတီ၊ ကျောက်ဖရား၊ မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ **(ACMECS)** တစ်ရပ်ကျင်းပခဲ့သည်။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ ခေါင်းဆောင်များ ဒေသတွင်းသယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံ တိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စည်းမျဉ်းများ လိုက်ဖက်စေရေး၊ လူသားရင်းမြစ် ဖွံ့ဖြိုးရေးတို့ကို အဓိကထားသည့် ငါးနှစ်စီမံကိန်း တစ်ရပ်ကို အတည်ပြုခဲ့ကြသည်။

**ACMECS** ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုထိရောက်မှုရှိအောင် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ပြီးခဲ့သည့် (၇) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် **ACMECS Master Plan (2019-2023)** ကို ထိုင်းနိုင်ငံက ရေးဆွဲအဆိုပြုခဲ့သည်။ ထိုအဆိုပြုချက်ကို ယခုထိပ်သီးအစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့ရာ ဒေသတွင်းစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဟု ဆိုရမည်ဖြစ်ပါသည်။ အဆိုပါစီမံကိန်းအရ အဓိကအားဖြင့် လမ်းပန်းဆက်သွယ်ရေးကို ဦးစားပေး လုပ်ဆောင်ရန်ဖြစ်သည်။ စီမံကိန်းတွင် အရှေ့-အနောက်စင်္ကြံနှင့် တောင်ပိုင်းစီးပွားရေးစင်္ကြံဟူ၍ လမ်းကြောင်းနှစ်ခု ပါဝင်ပါသည်။ အရှေ့-အနောက်စင်္ကြံသည် ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့မှစတင်ပြီး လာအိုနှင့် ထိုင်းနိုင်ငံတို့ကို ဖြတ်သန်း၍ မြန်မာနိုင်ငံ မော်လမြိုင်မြို့သို့ ပေါက်သောလမ်းဖြစ်သည်။ တောင်ပိုင်းစီးပွားရေးစင်္ကြံသည် ဗီယက်နမ်နိုင်ငံ **Vang Tao** မြို့မှစတင်ကာ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံတို့ကို ဖြတ်ကျော်၍ မြန်မာနိုင်ငံ ထားဝယ်မြို့သို့ ပေါက်မည်ဖြစ်ပါသည်။

ဤစင်္ကြံလမ်းများသည် တောင်တရုတ်ပင်လယ် ဆိပ်ကမ်းမြို့များမှ အက်ဒမန်ပင်လယ်ဆိပ်ကမ်းမြို့များသို့ ယခင်က မလေးရှားကျွန်းဆွယ်ကို ပတ်၍ **V** ပုံသဏ္ဌာန် သွားရသော အလွန်ရှည်လျားသည့် ရေလမ်းခရီးကို များစွာသက်သာစေမည် ဖြစ်သည်။ ယခုလမ်းကြောင်းများသည် ဗီယက်နမ်ကမ်းခြေမြို့များမှ မြန်မာနိုင်ငံကမ်းခြေမြို့များအထိ လက်ရှိ ၅ ရက်ကြာ သွားရသောခရီးကို နာရီ ၃၀ နှင့် အရောက်သွားနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ဤစင်္ကြံလမ်းစီမံကိန်းများကို ဒေသတွင်း ၅ နိုင်ငံ၏ကိုယ်ပိုင်ရင်းနှီးမတည်မှုဖြင့် အဓိကဆောင်ရွက်မည်ဖြစ်ရာ ပြင်ပနိုင်ငံများ၏ မှီခိုမှုကင်းသော စီမံကိန်းလည်း ဖြစ်လာပါလိမ့်မည်။ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ယခုဒုတိယနှစ်ဝက်ကာလတွင် ဒေသတွင်း ၅ နိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ တွေ့ဆုံ၍ အသေးစိတ်ဆွေးနွေးမည်ဟု သိရသည်။ စီမံကိန်း၏ ကနဦးမတည်ငွေကို ဒေသတွင်းနိုင်ငံများမှ စိုက်ထုတ်ပြီး ဤအဖွဲ့မှ ဂျပန်ဦးစီးသော အာရှဖွံ့ဖြိုးရေးဘဏ်၊ တရုတ်နိုင်ငံမှ ဦးစီးသော အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးဘဏ် **(AIIB)** အပြင် အခြားသောအဖွဲ့အစည်းများကိုလည်း ပါဝင်ရန်ဖိတ်ကြားမည်ဖြစ်ပြီး ဒေသပြင်ပမှ နိုင်ငံများကလည်း ပါဝင်ရန် ဆန္ဒရှိကြသည်ဟု သိရသည်။

ဤဒေသအတွင်း မဲခေါင်အမည်ပါဝင်သော စီမံကိန်းအချို့ရှိခဲ့သည်။ မဟာမဲခေါင်ဒေသ စီးပွားရေး စင်္ကြံ **(GMS)**၊ လန်ချန်းမဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု **(LMC)**၊ မဲခေါင်အောက်ခြမ်း ဖွံ့ဖြိုးရေးစီမံကိန်း **(LMI)** စသည်ဖြင့် စီမံကိန်းများကို တရုတ်နိုင်ငံ ရန်ပုံငွေစိုက်ထုတ်မှု၊ အမေရိကန်ရန်ပုံငွေစိုက်ထုတ်မှုများဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ ယခုစီမံကိန်းကိုမူ ပြည်ပချေးငွေမပါဝင်ဘဲ စတင်မည်ဖြစ်ရာ အနှောင်အဖွဲ့ကင်းသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်လာမည် ဖြစ်ပါသည်။

ယခု ထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ တက်ရောက်ခဲ့ပြီး '**Master Plan** ၏ မဏ္ဍိုင်(၁)တွင် အဆိုပြုထားသည့်အတိုင်း လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်နှင့် ဒစ်ဂျစ်တယ်ကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်း စီးပွားရေးစင်္ကြံများဖြစ်သည့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ၊ တောင်ပိုင်းစီးပွားရေးစင်္ကြံများတွင် အဆက်ပြတ်နေသည့်နေရာများကို ဆက်သွယ်ပေးမည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ရေးကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း' ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ ယခုထိပ်သီးအစည်းအဝေးကျင်းပသည့် ရည်ရွယ်ချက်များနှင့်အညီ ဧရာဝတီ၊ ကျောက်ဖရား၊ မဲခေါင်နိုင်ငံများ၏ အစိုးရ၊ ပုဂ္ဂလိကနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကြား နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုများက အဖွဲ့ဝင်နိုင်ငံများ၏ တစ်နိုင်ငံချင်းသာမက ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုများကိုပါ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း တင်ပြရပါသည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် လှိုင်းဘွဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ဇွန် ၁၆ ရက် နံနက်ပိုင်းက ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သမ္ဘာန်ကျေးရွာအုပ်စု သမ္ဘာန်စိုက်ပျိုးရေးစခန်း၌ ကျင်းပသည့် မျိုးစေ့ချသရုပ်ပြပွဲသို့ သွားရောက်၍ တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ မျိုးစေ့ချကိရိယာ Seeder ဖြင့် မျိုးစေ့ချသရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့ပြီး သမ္ဘာန်နည်းပညာပေးစင်တာ၌ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်မောင်မောင်က မျိုးစေ့ထုတ်ခြံ ထူထောင်ပြီးစီးမှုနှင့် R.S to C.S မျိုးစေ့ထုတ် ဆောင်ရွက်မှုများအား ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ် ထီးလင်းဝင်းသာကျေးရွာ၌ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပွဲတော်သို့ တက်ရောက်ပြီး ပျိုးပင်များပေးအပ်ကာ ဒေသခံကျေးရွာသူ၊ ကျေးရွာသားများနှင့်အတူ သစ်ပင်များစိုက်ပျိုးပေးခဲ့ကြသည်။ ထိုသစ်ပင်စိုက်ပွဲတွင် ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ အော်ရီးရှား၊ ခရေ၊ ရေတမာ အစရှိသည့် သစ်ပင်ပေါင်း ၂၅၀ ခန့် စိုက်ပျိုးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ ကွင်းအမှတ် ၁၅၄၅၊ ဦးပိုင်အမှတ် ၄ တွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန R.S to C.S မျိုးစေ့ထုတ်ဧက ၂၀ စိုက်ခင်းတွင် ကျင်းပသည့် မျိုးသန့်မျိုးစေ့ထုတ် စိုက်ကွက် ပျိုးထောင်ခြင်းလုပ်ငန်း နည်းပညာပေးဆွေးနွေးပွဲသို့ တက်ရောက်၍ တောင်သူဦးကြီးများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးဆိုင်ရာအခက်အခဲများအား မေးမြန်း၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံ-လှိုင်းဘွဲ့လမ်း (၃၃ ဒသမ ၄ ကီလိုမီတာ - ၃၅ ကီလိုမီတာ)အတွင်း လှိုင်းဘွဲ့မြို့ အဝင်လမ်း လယ်ကျွန်းအား လမ်းတာဖို့၍ ကတ္တရာလမ်းတိုးချဲ့ခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူရက လမ်းတိုးချဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ အဆိုပါလမ်းပိုင်းကို ရန်ပုံငွေကျပ် ၂၁၈ သန်းဖြင့် ချစ်လင်းမြိုင်တိုယိုတာကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း) ငွေကျပ် ၁၂၆ သန်းဖြင့် ဒေါ်နနတ်သမီး ကုမ္ပဏီလီမိတက်က တည်ဆောက်သည့် လှိုင်းဘွဲ့မြို့နယ် ကမော့ကချူးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန လှိုင်းဘွဲ့ မူလတန်းကြိုကျောင်း တည်ဆောက်ပြီးစီးမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ဘတ်ဂျက် ငွေကျပ်သန်း ၉၀ ဖြင့် ဆောင်ရွက်ခဲ့သော မီတာ(၄၀၀) ပြေးလမ်းပါ ဖွဲ့မာန်ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်းနှင့် ပြေးလမ်းဖောက်လုပ်ခြင်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**

# လောင်းရှည်မြို့ မြို့ရှင်ကြီးရေကန် ပြန်လည်ပြုပြင်ပြီးစီး

**လောင်းရှည် ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်းရှိ လောင်းရှည်မြို့မှာ ယခုအခါ ဆောမြို့နယ်အတွင်းရှိ ကျေးရွာအဆင့်သာရှိနေသော်လည်း ရှေးမြန်မာမင်းများလက်ထက်က တည်ထားခဲ့သည့် မြို့တစ်ခုဖြစ်ခဲ့ကာ အဆိုပါမြို့တည်စဉ်ကပင် ပါဝင်ခဲ့သည့် နတ်နန်း၊ နတ်စင်များကို ဒေသခံများက ပြုပြင်ထိန်းသိမ်းကြသည့်အပြင် ရှေးဟောင်းရေကန်ဖြစ်သည့် မြို့ရှင်ကြီးရေကန် ပြုပြင်ခြင်းလုပ်ငန်းကိုလည်း ဒေသခံများက ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ရာ ယခု ပြုပြင်မှုများပြီးစီးသဖြင့် ကန်အတွင်းသို့ ရေများဝင်နေပြီဖြစ်ကြောင်း သိရသည်။

ရေကန်မှာ ပတ်လည်အကျယ် ပေ ၃၀၀ ကျော်ရှိကာ ကန်ပြုပြင်မှုများအဖြစ် ရေကန်အတွင်းမှ ရေဟောင်းများ ဖောက်ထုတ်ခြင်း၊ ကန်အောက်ခြေ ပြန်လည်တူးဖော်ခြင်း၊ ကန်ပေါင်များကို စနစ်တကျဆည်ဖို့ခြင်း စသည်တို့ကို ဇန်နဝါရီလမှ စတင်ကာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြပြီးနောက် ဇွန်လဆန်းတွင် လုပ်ငန်းများ ပြီးစီးခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့တစ်ပတ်ကစပြီး လောင်းရှည်မှာ မိုးအဆက်မပြတ်ရွာတော့ မြို့ရှင်ကြီး ရေကန်ကို ရေဝင်ပြီလေ၊ ရေကန်နားက ကျီးသားပင်တွေမှာကပ်ထားတဲ့ သစ်ခွပန်းပင်တွေလည်း ပွင့်ပြီ၊ ဆက်လက်ပြီးတော့ ရေကန်ထဲမှာ ကြာဖြူ၊ ကြာနီတွေ ချထားပေးဦးမယ်၊ ရေကန်ပတ်ဝန်းကျင်မှာတော့ ကံ့ကော်ပင်တွေ စိုက်ပျိုးနိုင်ဖို့ ပျိုးထောင်ထားပါတယ်"ဟု သမိုင်းသုတေသီ ဦးစောမင်းနိုင်က ပြောသည်။

လောင်းရှည်မြို့ကို ကောဇာသက္ကရာဇ် ၃၈၀ ပြည့်နှစ် ကဆုန်လပြည့် တနင်္လာနေ့တွင် နက္ခတ်ကိုးလုံးနှင့်ယှဉ်လျက် အမတ်သိဋ္ဌည်းနှင့် အဘယတေဇဘွဲ့ခံ မြို့သူကြီး ငကာတို့က လောင်းရှည်မြို့ဟု တည်ထောင်သတ်မှတ်ခဲ့ကြောင်း မြို့တည်သမိုင်းမှတ်တမ်းတွင် ဖော်ပြချက်အရသိရပြီး မြို့သက်တမ်းသည် နှစ်ပေါင်း ၁၀၀၀ ရှိပြီဖြစ်ကာ လောင်းရှည်မြို့တည် နှစ် ၁၀၀၀ ပြည့်ပွဲကိုလည်း ၂၀၁၈ ခုနှစ်အတွင်း ကျင်းပနိုင်ရန် စီစဉ်နေကြကြောင်းနှင့် မြို့ရှင်ကြီးရေကန် ပြုပြင်ခြင်းမှာလည်း မြို့တည် နှစ် ၁၀၀၀ ပြည့်ပွဲ၏ လုပ်ငန်းတစ်ခုအဖြစ် ပါဝင်ကြောင်း သိရသည်။

**၁၀၁**

## မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးဟောပြော

**သထုံ ဇွန် ၁၇**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာအုပ်ပြပွဲအခမ်းအနားကို ဇွန် ၁၅ ရက်က သထုံမြို့နယ် နောင်ကုလားရှမ်းရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်လေးနွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် သထုံမြို့ စာပေချစ်သူများအဖွဲ့မှ စာရေးဆရာမ ရွှေထုံခင်သီတာလှိုင်တို့က ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **၁၃၈**

**ထင်သာမြင်သာပြုပြင်စရာ**

# မူလတန်းကျောင်းရှေ့ရှိ မြို့ဝင်ဘီးခွန်ကောက်ဂိတ်ကို ပြောင်းရွှေ့ပေးစေချင်

သာစည်မြို့၏ မြို့ဝင်ဘီးခွန်ကောက်ဂိတ်ကို အမှတ် ၄ ထိန်ကန်အနောက်ပိုင်း အခြေခံပညာမူလတန်းကျောင်းရှေ့ရှိ မိတ္ထီလာ-တောင်ကြီး အဝေးပြေးကားလမ်းမကြီးပေါ်၌ ဖွင့်လှစ်ထားသဖြင့် ကျောင်းနှင့် နီးစပ်နေသောကြောင့် ကျောင်းသားမိဘများအနေဖြင့် မိမိတို့၏ ရင်သွေးငယ်များ ကျောင်းတက်/ကျောင်းဆင်းချိန်တွင် ယာဉ်အန္တရာယ်နှင့် ကြုံတွေ့နိုင်မည်ကို အထူးစိုးရိမ်နေကြသည်။

"မြို့ဝင်ဘီးခွန်ကောက်ဂိတ်ကို ကျောင်းနဲ့ဝေးတဲ့နေရာမှာ သတ်မှတ်ပေးရင် ပိုကောင်းပါတယ်၊ ဒီဂိတ်ရှိနေတော့ ကလေးငယ်တွေအဖို့ ယာဉ်အန္တရာယ်ဆိုတာ တစ်ချိန်မဟုတ် တစ်ချိန်မှာ ထိခိုက်နိုင်စရာရှိပါတယ်၊ ကျွန်တော်တို့ ကျောင်းသားမိဘတွေအနေနဲ့ ဒီမြို့ဝင် ဘီးခွန်ကောက်ဂိတ်ကို ပြောင်းရွှေ့ပေးဖို့ သက်ဆိုင်ရာကို မေတ္တာရပ်ခံချင်ပါတယ်"ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

အဆိုပါ ဘီးခွန်ကောက်ဂိတ်နှင့်ပတ်သက်၍ ကျောင်းသားမိဘများက နေရာပြောင်းရွှေ့ပေးရန် သက်ဆိုင်ရာသို့ စုပေါင်းလက်မှတ်ထိုးပြီး တင်ပြမည်ဟု သိရပြီး



မြို့ဝင်ဘီးခွန်ကောက်ဂိတ်ကို အမြန်ဆုံးပြောင်းရွှေ့ပေးရန် မျှော်လင့်နေကြကြောင်း သိရသည်။

**မောင်ကို(သာစည်)**

# ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရေး ဝါကျွတ်အိ(ဒ်) မိတ်ဆုံညစာစားပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၁၇**

ဘာသာပေါင်းစုံ ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ရေး ဝါကျွတ်အိ(ဒ်) မိတ်ဆုံညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ကမ်းနားလမ်းရှိ Strand hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ ဘာသာအသီးသီးမှ ဘာသာရေးခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာမွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်း(ယာယီ) ဦးစီးနာယက ဒေါက်တာဦးလှမောင် (အငြိမ်းစားသံအမတ်ကြီး) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ကမ္ဘာ့ပညာရှင်ကြီးများက အစဉ်အမြဲလမ်းညွှန်ပြောကြားခဲ့သည့် အတိုင်း နိုင်ငံ၏လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးလာစေရန် အဓိကကျသည့် လိုအပ်ချက်တစ်ရပ်မှာ ယခုကဲ့သို့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ ဘာသာပေါင်းစုံစည်းလုံးညီညွတ်မှုရရှိရေးကို ဦးစားပေးဆောင်ရွက်ရန် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး H.E. Mr. Scot Alan Marciel နှင့် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ်ကြီး H.E. Dr. Khalid Hussain Memon တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာမွတ်စလင် စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးသန်းလွင်က ကျေးဇူးတင်စကားပြောကြားပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း(အင်းစိန်)သို့ သွားရောက်ကြည့်ရှု

**ရန်ကုန် ဇွန် ၁၇**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများသည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း(အင်းစိန်)သို့ သွားရောက်ကြည့်ရှုသည်။ **(အောက်ပုံ)**

ရှေးဦးစွာ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း(အင်းစိန်) ကျောင်းအုပ်ကြီး ဒေါက်တာမြတ်ကိုက ကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည့် သင်တန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် သင်တန်းလုပ်ငန်းစဉ်များနှင့် လက်ရှိဆောက်လုပ်လျက်ရှိသည့် အဆောက်အအုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မိမိတို့တိုင်းဒေသကြီးအတွင်းရှိ နည်းပညာနှင့် သက်မွေးသင်တန်းကျောင်းများအား ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုကြောင်း၊ နည်းပညာသင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအား လက်တွေ့အတတ်ပညာပိုင်းအရ အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး အဆင့်မြင့်ပညာရပ်များကို ဆက်လက် သင်ယူနိုင်ကြစေလိုကြောင်း၊ စက်မှုဇုန်များနှင့် ချိတ်ဆက်ပြီး စက်မှုဇုန်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးရန်လိုအပ်ပါကြောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ တက်ရောက်အောင်မြင်သည့် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတကာအဆင့်မီပြီး စက်ရုံအလုပ်ရုံများတွင် ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအဖြစ် သင်ကြားလေ့ကျင့်ပေးရန်လိုအပ်ပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီဖြည့်ဆည်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းက လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နိုင်ငံသူ နိုင်ငံသားများအား လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်စေရေးအတွက် နည်းပညာနှင့် သက်မွေးပညာရေးကို ပထမတန်းစားပညာရေး ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နည်းပညာနှင့် သက်မွေးပညာသင်တန်းကျောင်းများ၊ တက္ကသိုလ်များရှိ စားသောက်ဆိုင်များအား သန့်ရှင်းသပ်ရပ်ရေး၊ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်စေရေး ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း (အင်းစိန်) မှ စက်မှုဇုန်များကို အကျိုးပြုနိုင်သည့် ကာလတို၊ ကာလရှည် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ ဒေသ၏လိုအပ်ချက်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်း၊ စင်ကာပူ-မြန်မာနည်းပညာ သင်တန်းကျောင်းနှင့် Myanmar Aquarium သို့ သွားရောက်ခဲ့ပြီး သင်တန်းကျောင်း ဆောက်လုပ်နေမှုများနှင့် သင်တန်းဖွင့်လှစ်ဆောင်ရွက်နေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်အားပေး

**မြစ်ကြီးနား ဇွန် ၁၇**

၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြစ်ကြီးနားတက္ကသိုလ်ဝင်းအတွင်း၌ ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် ပြည်နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ သူနာပြုသင်တန်းကျောင်းနှင့် ပညာရေးကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ကျွန်း၊ ပျဉ်းကတိုး၊ ယင်းမာ၊ ကံ့ကော်၊ ရေတမာ၊ ယုဇန အစရှိသည့် ပျိုးပင်ပေါင်း ၁၇၀၀ ကို စိုက်ပျိုးခဲ့ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက်ရှိ စိမ်းမြရော ပန်းခြံဘေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းတိုးချဲ့နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး ကြက်ပေါင်ခြံရပ်ကွက်၌ ဖြတ်သန်းသွားသော ပင်မရေနုတ်မြောင်းအား ရေစီးရေလာကောင်းမွန်ရေး၊ နုန်းမြေဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဈေးကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံအနီး Box Culvert တည်ဆောက်မည့် အခြေအနေနှင့် ရေနုတ်မြောင်းအတွင်း ပိတ်ဆို့နေမှုကို ဆောင်ရွက်နိုင်ရန် ကြည့်ရှုစစ်ဆေးပြီး ခေမာသီရိ ရပ်ကွက်အတွင်း အနော်ရထာ လမ်းမကြီးအား AGD ဘဏ်ရှေ့မှ အမှတ်(၂) ရဲစခန်းအထိ လမ်းပိုင်းအား ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအနေဖြင့် လမ်းများ တိုးချဲ့ဆောင်ရွက်ရာတွင် လုပ်ငန်းများ စနစ်တကျရှိစေရေး ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၁၇-၆-၂၀၁၈**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၁၃ ဒသမ ၇၀ လက်မ၊ ချောင်းဆုံမြို့တွင် ၁၁ ဒသမ ၈၉ လက်မ၊ မုဒုံမြို့တွင် ၁၁ ဒသမ ၆၉ လက်မ၊ ရေးမြို့တွင် ၉ ဒသမ ၂၅ လက်မ၊ ကျိုက်မရောမြို့တွင် ၇ ဒသမ ၇၂ လက်မ၊ ကျိုက္ခမီမြို့တွင် ၆ ဒသမ ၂၂ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၅၃ လက်မ၊ ကျိုက်ဒုံမြို့တွင် ၄ ဒသမ ၄၂ လက်မ၊ ကော့သောင်းမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ လပွတ္တာ မြို့တွင် ၄ ဒသမ ၂၁ လက်မ၊ ကြာအင်းဆိပ်ကြီး မြို့တွင် ၄ ဒသမ ၀၄ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၃ ဒသမ ၃၀ လက်မနှင့် မြိတ်မြို့တွင် ၃ ဒသမ ၀၇လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**



တောင်ငူမြို့နယ် ကေတုမတီ မြို့သစ်နယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်လင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက်က မိုးရွာမှုကြောင့် ပျက်စီးနေသော ကေတုမတီမြို့သစ် သဝဏ်ငယ်ရပ်နှင့် မန်ကျီးကုန်းရွာသို့ ဆက်သွယ်ထားသည့် နဝဒေးလမ်းကိုမြေသားလမ်းပြုပြင်ခြင်းနှင့် ကျောက်သားမြေခင်းခြင်းတို့ကို ဆောင်ရွက်စဉ်။ သူရ (တောင်ငူ)

# ဖြူးမြို့နယ်အတွင်းရှိ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဇွန် ၁၇**

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများအား မန်းအောင်ငြိမ်း ဖောင်ဒေးရှင်းက ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ဖြူးမြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက တက်ရောက်အမှာစကားပြောကြားသည်။



အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပဲခူးတိုင်းဒေသကြီးပညာရေးမှူး၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ကျောင်းသားမိဘများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့ကျင်းပသည့် အခမ်းအနားသည် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုသည့် အခမ်းအနားဖြစ်ပါကြောင်း၊ ထူးချွန်ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုခြင်းသည် ကျရှုံးခဲ့ရသည့် ကျောင်းသား ကျောင်းသူများအား ပစ်ပယ်ထားခြင်းမဟုတ်ပါကြောင်း။

ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအတွက် အဆင့်မြင့်ပညာများကို ဆက်လက်သင်ယူနိုင်ရန် အခွင့်အလမ်းများရရှိသကဲ့သို့ ကျရှုံးခဲ့ရသော ကျောင်းသား ကျောင်းသူများသည်လည်း မိမိတို့ဘဝ တိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ ကမ္ဘာပေါ်တွင် ပညာရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်များတွင် ထင်ပေါ်ကျော်ကြားအောင်မြင်နေကြသည့် ပုဂ္ဂိုလ်အချို့သည် အထက်တန်းအောင်မြင်ခြင်းမရှိဟု လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ ပြည်တွင်း ပြည်ပတွင် အထက်တန်းအောင်မြင်ခြင်းမရှိဘဲ သူ့နည်းသူ့ဟန်ဖြင့် ချမ်းသာတိုးတက်အောင်မြင်နေသည့် ပုဂ္ဂိုလ်များ ရှိပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျရှုံးခဲ့ရသည့် ကျောင်းသား ကျောင်းသူများသည် တစ်ဘဝလုံးဆုံးရှုံးသွားပြီဟု တွေးတောကာ စိတ်ဓာတ်မကျစေလိုပါကြောင်း၊ အရှုံးမပေးဘဲ မိမိတို့ဘဝ အောင်မြင်ရေးလမ်းကြောင်းများကို ကြိုးစားရှာဖွေဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း၊ ဆရာ ဆရာမများကလည်း ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်မကျအောင် အားပေးနှစ်သိမ့်ပေးရန် လိုအပ်ပါကြောင်း။

ဒေသတစ်ခု၊ မြို့တစ်မြို့ဖွံ့ဖြိုးတိုးတက်ရန်နှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေးစသည့် နယ်ပယ်ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးဖြစ်သည့် ရပ်ကွက်နှင့် ကျေးရွာများရှိ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အဓိကအရေးကြီးပါကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ၊ မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၁၀ ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၂၁ ဦးအား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါ်ညွန့်ညွန့်ဌေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်နှင့် ဒေါ်ချိုချို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြသောင်းနှင့် ဦးမင်းဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်နှင့် ဒေါ်နွယ်နီဝင်းတို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့အတူ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းက နှစ်ဘာသာဂုဏ်ထူးရရှိသူ ၅၉ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၂၉၃ ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို နေရာအရောက် ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြူးမြို့နယ်မှ အောင်ချက်အကောင်းဆုံး ပထမဆုရ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းခွဲ (ဇေယျဝတီ)၊ ဒုတိယဆုရ အခြေခံပညာ အထက်တန်းကျောင်းခွဲ(ဖြူး)၊ တတိယဆုရ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခွဲ(ဇေယျဝတီ)၊ အောင်ချက်အကောင်းဆုံး ကျော်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ဖြူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းများမှ ကျောင်းအုပ် ဆရာ ဆရာမကြီးများအား ဂုဏ်ပြုဆုများကို အသီးသီးပေးအပ်သည်။

ယင်းနောက် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများကိုယ်စား ဖြူးမြို့နယ် ပညာမြင့်မိုရ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မယွန်းဝတီကျော်နှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်း ပထမဆုရအမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခွဲ(ဇေယျဝတီ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးဖြူတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဖွဲ့စည်းမှု၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကော်မရှင်သည် ပညာဆိုင်ရာဥပဒေများ၊ မူဝါဒများနှင့် မျှော်မှန်းချက်များကို လေ့လာဆန်းစစ်သုံးသပ်ရန် အဖွဲ့ဝင်များဖြစ်ကြသည့် ပညာရှင်များအား အထူးတာဝန်တစ်ရပ်အနေဖြင့် တာဝန်ပေးဆောင်ရွက်လျက် ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် နိမ့်ကျလျက်ရှိသည့် မိမိတို့နိုင်ငံ၏ ပညာရေးစနစ်ကို ပြန်လည်တိုးတက်စေရန် အားနည်းချက်၊ ချို့ယွင်းချက်များကို ရှာဖွေဖော်ထုတ်ရန်၊ ပြန်လည်ပြင်ဆင်နိုင်ရေးနည်းလမ်း၊ အချိန်ကာလနှင့် ပြင်ဆင်ရမည့် အတိုင်းအတာကို သိရှိရန် လိုအပ်လျက်ရှိပါကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ထူးချွန် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် မြို့မိ မြို့ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်ဘူတာကြီးမှ တညင်းကုန်းဘူတာအထိ လမ်းပိုင်းစစ်ဆေး

**နေပြည်တော် ဇွန် ၁၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ဇွန် ၁၆ ရက် မွန်းလွဲပိုင်းတွင် RBE ရထားဖြင့် ရန်ကုန်မြို့ပတ်လမ်းပိုင်းအတွင်းရှိ ရန်ကုန်ဘူတာကြီးမှ တညင်းကုန်းဘူတာအထိ လမ်းပိုင်း ပြုပြင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ရှေးဦးစွာ လမ်းမတော်ဘူတာယာဒ်ဝင်းအတွင်း ချုံခုတ်သန့်ရှင်းရေး ပြုလုပ်နေမှု၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုတို့အား လည်းကောင်း၊ ရှမ်းလမ်းဘူတာယာဒ်ဝင်းအတွင်း ခရီးသည်များ ရထားမရောက်မီ နားနေနိုင်ရန် အဆောက်အအုံများ ဆောင်ရွက်ထားရှိမှု၊ ကြည့်မြင်တိုင်ဘူတာ ယာဒ်ဝင်းတွင် လူကူးခုံးကျော်တံတားများ ပြုပြင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့ပတ်လမ်းအတွင်း တပ်ဆင်ထားသော အချက်ပြစနစ်များအား စနစ်တကျ အသုံးပြုပြီး အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်နိုင်ရေး၊ ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်အောင် ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမိုင်းဘူတာ ဈေးဟောင်းမှ ဈေးသစ်သို့ ပြောင်းရွှေ့ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ အင်းစိန်ဘူတာ ယာဒ်ဝင်းအတွင်း ကြီးကြပ်ရေးမှူး (ရထား) ရုံးခန်း တည်ဆောက်ထားရှိမှုနှင့် အင်းစိန်ဘူတာသန့်ရှင်း သပ်ရပ်မှု ရှိစေရန် မှာကြားခဲ့ပြီး တညင်းကုန်းဘူတာ ယာဒ်ဝင်းအား တညင်းကုန်း ကုန်စိမ်းလက်ကားဈေးသို့ ကုန်ပစ္စည်းများ တင်ချခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန်အတွက် ဘူတာယာဒ်ဝင်းလမ်းအား တိုးချဲ့တည်ဆောက်ပေးရမည့်မြေနေရာတို့အား ကြည့်ရှုစစ်ဆေးပြီး တညင်းကုန်း ကုန်စိမ်းလက်ကားဈေးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

◆ ***ရှေ့ဖုံးမှ***

ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# မိုးရွာမှုကြောင့် ဘားအံ-မြဝတီကားလမ်း ရေလျှံ

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် လွန်းညကျေးရွာအုပ်စု ခနိမ်းဒိုရွာအနီး ဘားအံ- မြဝတီကားလမ်း တံတားအမှတ် ၁၅ တွင် တံတားနေရာရှိလမ်းမှာ မိုးရွာမှုကြောင့် ဇွန် ၁၇ ရက်က ရေကြီးရေလျှံဖြစ်ကာ ခနိမ်းဒိုတောင်ကျချောင်းရေ တိုက်စားသဖြင့် ကျောက်သားလမ်း ရှစ်ပေခန့် ပြိုကျခဲ့ကြောင်း သိရသည်။

အဆိုပါနေရာ CRBC ကုမ္ပဏီ မှတာဝန်ရှိသူများမှ ပြင်ဆင်နေဆဲရှိကြောင်းနှင့် အိန္ဒြနယ်မြေရဲစခန်း စခန်းမှူးရဲအုပ်မင်းအောင်ထွန်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် လွန်းညကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစောအေးမောင်နှင့်အဖွဲ့ဝင်များ၊ အိန္ဒြ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ယာဉ်ကြီး၊ ယာဉ်ငယ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# လေပြင်းတိုက်၍ သစ်ပင်လဲကျမှုကြောင့် စာသင်ကျောင်းဆောင်ပျက်စီး

**ကျွန်းစု ဇွန် ၁၇**

ကျွန်းစုမြို့နယ် ကတ္တလူကျေးရွာအုပ်စု လိပ်ကြယ်ကျေးရွာ၌ ဇွန် ၁၈ ရက် နံနက်က မိုးသည်းထန်စွာရွာ၍ လေပြင်းတိုက်မှုကြောင့် သစ်ပင်လဲပြိုကာ စာသင်ကျောင်းဆောင် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်မှုကြောင့် အလျား ပေ ၆၀၊ အနံ ၂၄ ပေရှိသော တစ်ထပ်တိုက် မူလတန်းကျောင်းဆောင်၏ ခြံစည်းရိုး အုတ်တံတိုင်းအပြင်ဘက်ရှိ အလုံးပတ် ခုနစ်ပေခွဲ၊ အမြင့် ပေ ၈၀ ခန့်ရှိသော ရော်ဘာပင်မှာ စာသင်ကျောင်း၏ အမိုးပေါ်သို့ လဲကျပိမိရာ စာသင်ကျောင်း အမိုး၊ သစ်သားတန်းများ၊ မျက်နှာကြက်များ အရှည် ပေ ၄၀ ခန့် ထိခိုက်ပျက်စီး၍ လူ၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ကျွန်းစု(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အင်းလေးကန် ရေဝေရေလဲဧရိယာ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး၊ အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာထွန်းလှိုင်တို့နှင့်အတူ ဇွန် ၁၆ ရက် နံနက်ပိုင်းက အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း နုန်းပို့ချမှုလျော့နည်းစေရေးအတွက် နုန်းတားတမံတည်ဆောက်နေမှုအခြေအနေ၊ ရေဝေရေလဲစိုက်ခင်း တည်ထောင်ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောသို့ ရောက်ရှိရာ Future Energy Co., Ltd. ၏ မန်နေဂျာ ဦးမျိုးထွဋ်က အင်းလေးကန်အတွင်းသို့ နုန်းပို့ချမှု လျော့နည်းသက်သာစေရေးအတွက် သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ ၎င်းတို့၏ ကုမ္ပဏီက ကုန်ကျစရိတ်ကျခံကာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ နုန်းတားတမံ ၅၅ ခုကို တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုအသစ်တည်ဆောက်ခဲ့သည့် နုန်းတားတမံများ၏ ဒီဇိုင်း၊ ကြံ့ခိုင်မှုစွမ်းအားတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နုန်းတားတမံ တည်ဆောက်ရန်အတွက် နေရာရွေးချယ်မှု မှန်ကန်ရေးမှာလည်း အရေးကြီးပါကြောင်း၊ နုန်းပို့ချမှုများနိုင်သည့် ချောင်းများအား ဦးစားပေးရွေးချယ်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ နုန်းတားတမံ ရေရှည်တည်တံ့စေရေးအတွက် အမြဲပြန်လည်ဆန်းစစ်ရန် လိုအပ်ကြောင်း၊ ရေစီးသန်သည့် ချောင်းများ၌ တည်ဆောက်ထားပါက ရေတိုက်စားမှုကြောင့် အချိန်တိုအတွင်း ပျက်စီးနိုင်သည့်အတွက် တမံအထက်ပိုင်းတွင် ဇီဝခြံစည်းရိုးအဖြစ် ချုံနွယ်တက်နိုင်သောအပင်များ စိုက်ပျိုးရန်လိုအပ်ကြောင်း၊ ရေစီးမသန်သည့်နေရာများတွင် ယူကလစ်၊ ကသစ်၊ မိုးမခ၊ ဘောစကိုင်း၊ မအူ၊ လက်ပံနှင့် ဒေသမြက်မျိုးများ စိုက်ပျိုးရန်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သစ်တောဦးစီးဌာနက အင်းလေးအနောက် ကြိုးပြင်ကာကွယ်တောအတွင်း တည်ထောင်စိုက်ပျိုးထားသည့် ၂၀၁၈ ခုနှစ်၊ ရေဝေရေလဲ စိုက်ခင်း ဧက ၅၀ အား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ညောင်ရွှေမြို့နယ် မင်းအနော်ရထာကုမ္ပဏီလီမိတက်က ဆောင်ရွက်သည့် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းဧရိယာအနီး အင်းလေး အနောက်ကြိုးပြင်ကာကွယ်တောအတွင်း ဒေသအခေါ် ပွေးတောင်(ကျောက်တောင်)ဧရိယာ၌ သစ်ပင်ပေါက်ရောက်မှု မရှိသည့်နေရာများတွင် ကွန်တိုကန်သင်း နည်းစနစ်ဖြင့် သစ်ပင်စိုက်ပျိုးရန်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် ကလောမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းတည်ရှိသည့် အာရှကမ္ဘာမြေစက်မှုနှင့် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ ရွှေသတ္တုလုပ်ကွက်သို့ သွားရောက်စစ်ဆေးသည်။ ယင်းနောက် လုပ်ကွက်ဧရိယာအတွင်းရှိ ရွှေတောင်ကြီးနဂါးရုံဘုရားအနီးတွင် အမှတ်တရ ကံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလောမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိရုံး၌ တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၌ ၂၀၁၈ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ စိမ်းလန်းစိုပြည်ရေးနှင့် ရေမြေထိန်းသိမ်းရေးအတွက် စိုက်ပျိုးဆောင်ရွက်ထားရှိသည့် ဗက်တီဗာမြက်စိုက်ခင်းနှင့် ဝါးစိုက်ခင်းတို့အား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ မဏိရတနာကျောက်စိမ်းခန်းမ၌ ဇွန် ၂၀ ရက်မှ ၂၉ ရက်အထိ ကျင်းပမည့် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် အကြို ခင်းကျင်းဆောင်ရွက်နေမှုလုပ်ငန်းများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း နှစ်လယ်အစည်းအဝေးနှင့် နေပြည်တော်အသင်းခွဲ၏ ပထမအကြိမ် ညီလာခံကျင်းပ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း နှစ်လယ်အစည်းအဝေးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းခွဲ၏ ပထမအကြိမ် ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။ **(ယာပုံ)**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ သွားနှင့်ခံတွင်းဆရာဝန်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သွားနှင့်ခံတွင်းဆရာဝန်များ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သွားနှင့်ခံတွင်း ဆရာဝန်များကို ပြည်သူ့ကျန်းမာရေးဦးစီးအရာရှိများအဖြစ်ပါ တိုးချဲ့ခန့်ထားခဲ့ပါကြောင်း၊ ၎င်းတို့အနေဖြင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများ၊ မူကြိုကလေးများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများတွင် အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပြီး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် UHC (Universal Health Coverage) ရရှိရန်အတွက် အမျိုးသားကျန်းမာရေးစီမံကိန်း ပထမ (၅)နှစ် (၂၀၁၇-၂၀၂၁) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးစီမံကိန်းကို ဖော်ဆောင်ကြသည့် ကျန်းမာရေးပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကို အစဉ်ဦးထိပ်ထားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူလူထုကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရေးအတွက် အစိုးရ၊ ပြည်သူ၊ ပြည်သူ့ဝန်ထမ်း၊ လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဗဟိုဥက္ကဋ္ဌ အငြိမ်းစားပါမောက္ခချုပ် ဒေါက်တာ ဦးသိန်းကြူက မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းဗဟို (ရန်ကုန်) အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသင်းခွဲပေါင်း ၁၅ သင်းကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ ယင်းအသင်းခွဲများအားလုံးက မိမိတို့ဒေသရှိ သွားဆရာဝန်များ၏ အင်အားကို ယူပြီး ပြည်သူများ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် သွားဆရာဝန်များ လက်လှမ်းမမီနိုင်သည့် နေရာများသို့လည်း သွားရောက်ကုသမှုများ ပေးနေပါကြောင်း၊ သွားဆရာဝန်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် သွားနှင့်ခံတွင်းဆိုင်ရာ ဟောပြောပို့ချမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ်တွင် ပြည်သူများအား သွားနှင့်ခံတွင်း ပညာပေးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။




ယင်းနောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း နေပြည်တော်အသင်းခွဲ နာယက ဒေါက်တာဒေါ်မေစိုးဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ညီလာခံဖွင့်ပွဲသို့ တက်ရောက်လာကြသူများသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ခင်းကျင်းပြသထားသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို ကြည့်ရှုလေ့လာကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ညီလာခံကို ဆက်လက်ကျင်းပရာ သွားနှင့်ခံတွင်းဆိုင်ရာ ပါမောက္ခကြီးများက Dental Health Education နှင့် Clinical Field Trip အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးဟောပြောကြပြီး တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သွားနှင့်ခံတွင်းဆရာဝန်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**သတင်းစဉ်**

# မြို့နှင့်ဝေးကွာသော ကျေးရွာများတွင် မီးအလင်းရောင်ရရှိရေး NEP ဆိုလာစီမံကိန်းဖြင့် ဆိုလာ ၂၂၁ ခု ထပ်မံဆောင်ရွက်ပေးမည်

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ်အတွင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း(NEP)စနစ်ဖြင့် တပ်ဆင်ဆောင်ရွက်ပေးမည့် ဆိုလာပစ္စည်းများအကြောင်းနှင့် ပတ်သက်ပြီး ဘားအံမြို့နယ်အတွင်း ဆိုလာတပ်ဆင်လိုသည့် ကျေးရွာများမှ အိမ်ထောင်စုများအား ရှင်းလင်းခြင်းကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ဘားအံစုပေါင်းရုံးတွင် ပြုလုပ်ကြောင်း သိရသည်။

"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)စနစ်ဖြင့် ဆိုလာမီးရရှိရေး ဆောင်ရွက်ပေးရာမှာ နိုင်ငံတော်က ၆၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်က ၃၀ ရာခိုင်နှုန်း၊ ပြည်သူက ၁၀ ရာခိုင်နှုန်း ကုန်ကျငွေကို ပေါင်းစပ်ထည့်ဝင်တဲ့စနစ်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရယူနိုင်တဲ့ ဆိုလာပါဝါအားဖြင့် (60-w) ၊ (100-w) ဖြစ်ပါတယ်၊ ဒါ့အပြင် အခမဲ့စနစ်အနေနဲ့ ကျေးလက်အခြေခံပညာကျောင်းတွေ၊ ကျေးလက်ကျန်းမာရေး၊ ဘာသာရေးအဆောက်အအုံနဲ့ ကျေးရွာတွင်း လမ်းမီးတိုင်များအတွက်လည်း ဆောင်ရွက်ပေးမှာဖြစ်ပါတယ်၊ အဓိက ကတော့ မဟာဓာတ်အားလိုင်းနဲ့ ၁၀ မိုင်အထက်ဝေးတဲ့ ကျေးရွာတွေ၊ နောက် ၁၀ နှစ်အတွင်း ဓာတ်အားလိုင်းမရောက်နိုင်သေးတဲ့ ကျေးရွာတွေမှာ ဆိုလာမီးတွေနဲ့ မီးလင်းရေးအတွက် ဆောင်ရွက်ပေးတဲ့စနစ်ဖြစ်ပါတယ်" ဟု မြို့နယ်ကျေးလက်ဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

အဆိုပါ NEP စီမံကိန်းစနစ်ဖြင့် ကရင်ပြည်နယ်အတွင်း ဘားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်မြို့နယ်များမှ ရယူကြမည့် ကျေးရွာများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ပေးခဲ့ရာ ဘားအံမြို့နယ်တွင် ကျေးရွာအုပ်စု ၁၁ စု၊ ကျေးရွာ ၂၃ ရွာအတွက် ဆိုလာ ၂၀၆၂ ခုကို ဆောင်ရွက်ပေးခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ တွင် ကျေးရွာ လေးရွာဖြစ်သည့် ဘန့်ဘွေးကုန်းကျေးရွာတွင် ၈၃ ခု၊ ရွှေလူကျေးရွာတွင် ၃၇ ခု၊ ကရစ်ကျဲကျေးရွာတွင် ၁၅ ခု၊ ထုံးတောင်ကျေးရွာတွင် ၈၆ ခု စုစုပေါင်း ၂၂၁ ကို ထပ်မံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အဆိုပါ ကျေးလက်ဦးစီးဌာနမှ သိရသည်။

တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း ၅၀ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ်အတွင်း ၇၅ ရာခိုင်နှုန်း၊ ၂၀၃၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ဘားအံမြို့နယ်အတွင်း မြို့နှင့်အလှမ်းဝေးကွာပြီး လျှပ်စစ်မီးမရှိသေးနိုင်သော ကျေးရွာများဖြစ်သည့် ယခင်နှစ် ဆောင်ရွက်ပေးခဲ့သောကျေးရွာ ၂၃ ရွာ၊ ယခုနှစ် ထပ်မံဆောင်ရွက်ပေးမည့် ကျေးရွာ လေးရွာရှိ ကျေးရွာနေပြည်သူများအား တစ်အိမ်သုံး ဆိုလာနှင့်ပတ်သက်သည့် ရယူနိုင်သည့်စနစ်များ၊ အသုံးပြုထိန်းသိမ်းခြင်းနည်းစနစ်များအား ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# နမ့်ထွမ်ချောင်းရေဖြင့် လျှပ်စစ်အလင်းများ ဝေဖြာလာတော့မည့် ပူတာအိုဒေသ

ဖျင်ဒူဝါ

**ပူတာအိုလေယာဉ်ကွင်းသို့ လေယာဉ်ဆင်းသက်တော့မည် ဖြစ်ကြောင်း လေယာဉ်မယ်၏ ကြေညာသံကြားလိုက်ရသည်နှင့် လေယာဉ်မှန်ပြတင်းမှ အပြင်သို့ကြည့်မိသည်။ မြစ်ကြီးနားလေဆိပ်သို့ လေယာဉ်ဆင်းသက်စဉ်က မိုးဖွဲဖွဲကျနေသော်လည်း သည်မှာတော့ မိုးရိပ်မိုးသားမမြင်ရ။ ခပ်လှမ်းလှမ်းက တောင်တန်းတွေပေါ်မှာတော့ တိမ်ပဝါခပ်ပါးပါး တွေ့ရ၏။ လေယာဉ်တဖြည်းဖြည်း နိမ့်ဆင်းလာသည်နှင့် လွင်ပြင်ကျယ်ကျယ် ရွာစုစုတို့ဖြင့် ပူတာအိုဆေးရောင်စုံမြင်ကွင်း ကျယ်ပန်းချီကားကြီးက ပို၍ပို၍ ထင်ရှားလာတော့၏။**



> **“နမ့်ထွမ်ချောင်းရေကို အမြင့် ၄၁ ပေရှိ ကွန်ကရစ်တမံဖြင့် ပိတ်ဆို့ကာ ထိုနေရာမှ တစ်မိုင်ခွဲခန့်အကွာအထိ ရေသွယ်မြောင်းဖြင့် ရေကိုယူသွားပြီး ရေလှောင်ကန်အောက် ပေ ၁၄၀ ခန့်နိမ့်သောနေရာ၌ ထိုရေစီးအဟုန်ဖြင့် ဓာတ်အားပေးစက်များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်ယူထားရာ အလွန်ရိုးရှင်းသည့်စနစ်ဖြစ်သည်၊ သဘာဝပတ်ဝန်းကျင်လည်းသိပ်မပျက်စီး၊ ရေလည်း အလဟဿမဖြစ်ဘဲ အကျိုးရှိသော စနစ်ဖြစ်၏”**

### ပူတာအိုမြို့

ပူတာအိုသည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၄၂၉ ပေတွင် တည်ရှိသည်။ တစ်နှစ်ပတ်လုံး စိမ်းလန်းနေသော သစ်တောများ၊ နှင်းဖုံးတောင်၊ ကြည်လင်အေးမြသောရေ အလျဉ်သွင်သွင်စီးနေသော မြစ်ချောင်းများကြောင့် သဘာဝ တောလမ်းခရီးနှင့်ခြင်းကို ဝါသနာပါသော၊ အေးချမ်းမှုကို နှစ်ခြိုက်သော၊ ဇီဝမျိုးကွဲမျိုးစုံကို လေ့လာလိုသော ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ တကူးတကလာရောက်လည် ပတ်လေ့ရှိသည့် မြို့ဖြစ်သည်။

ရှေးယခင်က ပူတာအိုနယ်မြေကို ခန္တီးလုံဟု ခေါ်ဆိုပြီး ရှမ်း စော်ဘွားများအုပ်ချုပ်ခဲ့သည်။ ကိုလိုနီခေတ် ၁၉၁၄ ခုနှစ်တွင် ယခု ပူတာအိုဟုခေါ်သော ပူတောင်းရွာ၌ တပ်များ၊ ရုံးများ စိုက်ကာ ပူတာအိုနယ်ခြား ခရိုင်အဖြစ် သီးသန့် အုပ်ချုပ်ရေး စတင်ခဲ့ပြီး ၁၉၂၀ ခန့်တွင်မှ အုပ်ချုပ်ရေး နေသားကျလာခဲ့သည်။ အင်္ဂလိပ်အရေးပိုင် မစ္စတာ ဟဒ် ရောက်လာသည့်အခါ ဖို့ဟဒ် (Ford Hartz) ဟုလည်း ခေါ်တွင်ခဲ့သေးသည်။

လွတ်လပ်ရေးရပြီး ၁၉၅၄ မှ ၁၉၅၆ ခုနှစ်များအတွင်း ပြည်ထောင်စုအစိုးရက ယိမ်းနွဲ့ပါး စစ်တံခွန်အဖွဲ့ကို သုံးကြိမ် စေလွှတ်ကာ နယ်စပ်ဒေသနေ တိုင်းရင်းသားများနှင့် ထိတွေ့ စေခဲ့သည်။ အိမ်စောင့်အစိုးရလက်ထက် ၁-၁၀-၁၉၅၉ တွင် ခရိုင်ဝန်ရုံးကို မချမ်းဘော၌ အသစ်ဆောက်လုပ် အခြေစိုက်ခဲ့ သည်။ ၄-၈-၁၉၇၂ တွင် ပူတာအိုကို မြို့နယ်အဆင့် စတင် သတ်မှတ်ခဲ့ပြီး ယခုအခါ ခရိုင်မြို့ကြီး ဖြစ်နေပေပြီ။

### ပူတာအို၏ လမ်းပန်းဆက်သွယ်ရေး

မြစ်ကြီးနားတွင် တာဝန်ကျစဉ်က ဆွမ်ပရာဘွမ်အထိ ရောက်ခဲ့ဖူးသော်လည်း ပူတာအိုသို့ရောက်ရန် အကြောင်း မသင့်ခဲ့။ မြစ်ကြီးနားနှင့် ပူတာအိုကားလမ်းခရီးက ၂၁၆ မိုင်။ စင်စစ် သည့်ခရီးက နေပြည်တော်-ရန်ကုန် ခရီးလောက် သာ ရှိမည်။ ပုံမှန်ယာဉ်မောင်းနှုန်းဖြင့် ငါးနာရီအတွင်း ရောက် နိုင်သည်။ သို့သော် သည်ဒေသ၏ လမ်းပန်းဆက်သွယ်ရေး အခြေနေက မြေပြန့်နှင့်မတူ။ နွေရာသီတွင် လမ်းပန်းသာ သော်လည်း မိုးရာသီ၌ ဗွက်တန်းကြီးတွေ၊ တောင်ပြိုတာတွေ၊ တံတားကျိုးတာတွေနှင့် အခန့်မသင့်လျှင် လမ်းတွင် အနည်း ဆုံး နှစ်ညမျှ အိပ်ရတတ်သည်။ သည်အထဲ လုံခြုံရေးမကောင်း သည့်အချက်ကို ထပ်လောင်းပေါင်းထည့်လိုက်လျှင် ဆို ဖွယ်ရာမရှိတော့။ ထို့ကြောင့် လေကြောင်းတစ်ခုတည်းကိုသာ အားကိုးရသည်။ လေကြောင်းခရီးသာရှိသဖြင့် ကုန်ပစ္စည်း တွေ ဈေးမြင့်လာသလို လူသူအရောက်အပေါက်လည်း နည်းပါးသွားစေသည်။

### အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်း

စာရေးသူတို့အဖွဲ့တွင် ရေအားလျှပ်စစ် အကောင် အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဝင်သုံးဦး ပါရှိသည်။ ယနေ့ခရီးစဉ်က ပူတာအိုမြို့အနီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အထက် နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်း၏ အပြီးသတ်လုပ်ငန်းများ ကို ညွှန်ကြားရေးမှူးချုပ်က လာရောက်စစ်ဆေးသည့် ခရီးစဉ်ဖြစ်၏။ လေယာဉ်ပေါ်မှဆင်းသည်နှင့် အမှတ် ၂ တည်ဆောက်ရေးနှင့် စက်မှုလျှပ်စစ်တပ်ဆင်ရေး ဌာနခွဲတို့ မှ အင်ဂျင်နီယာများက လာရောက်စောင့်ကြိုနေကြသည် ကို တွေ့လိုက်ရ၏။

စီမံကိန်းနယ်မြေသို့ လမ်းကြမ်းသုံးကားများဖြင့် ထွက်ခွာခဲ့ကြသည်။ အထက်နမ့်ထွမ် ရေအားလျှပ်စစ် စီမံကိန်းမှာ ပူတာအိုမြို့၏ အနောက်တောင်ဘက် ခုနစ်မိုင် ခန့်အကွာတွင် တည်ရှိ၏။ မြို့လယ်လမ်းမကြီးပေါ်ရောက် သည်နှင့် တောင်ဘက်သို့ မောင်းခဲ့သည်။ ပူတာအိုမြို့သည် တောင်မြောက် ရှည်လျားပြီး အရှေ့အနောက်ကျဉ်းသည့် မြို့တန်းရှည်ကြီး ဖြစ်၏။ သစ်သားအိမ်များကို အများဆုံး တွေ့ရ၏။ အိမ်ခြံဝင်းများမှာ ကျယ်ဝန်းပြီး ခြံစည်းရိုးကို မြစ်ကျောက်ဝိုင်းဝိုင်းလေးများဖြင့် ပြုလုပ်ထားကြ၏။ မြို့ပေါ်တွင် ရပ်ကွက်ကြီး ၁၀ ခု၊ အိမ် ခြေ ၂၈၀၀ ကျော်၊ အစိုးရရုံးဌာန ၃၆ ခုရှိကာ လူဦးရေ ၁၅၀၀၀ ကျော် နေထိုင် ကြောင်း သိရ၏။ သို့ရာတွင် လမ်းတစ်လျှောက် မည်သည့် ဆူညံသံကိုမျှ မကြားရ။ ယာဉ်အသွားအလာကျဲ၏။

မြို့တွင်းတစ်နေရာရှိ “အထက်နမ့်ထွမ်ရေအားလျှပ်စစ် စီမံကိန်းသို့”ဟု ညွှန်ပြထားသော လမ်းညွှန်ဆိုင်းဘုတ် အရောက်တွင် စာရေးသူတို့ ယာဉ်အုပ်စု ညာဘက်သို့ ကွေ့ခဲ့ သည်။ ကွေ့ပြီး တစ်ခဏအတွင်းမှာပင် မြို့ပြင်သို့ရောက်လာ တော့၏။ ရှေးဦးစွာ လုပ်ငန်းခွင်သို့အဝင်လမ်းဘေးရှိ နမ့်ထွမ် ရေအားလျှပ်စစ်စက်ရုံအဟောင်းကို ဝင်ကြည့်ကြသည်။ ဤ စက်ရုံသည် ပူတာအိုမြို့ကို လက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူး ပေးဝေနေသော နိုင်ငံပိုင်စက်ရုံ ဖြစ်သည်။

### ဓာတ်အားရရှိသုံးစွဲမှု အခြေအနေ

နမ့်ထွမ်ရေအားလျှပ်စစ်စက်ရုံကို ၁၉၈၇ ခုနှစ်က တည် ဆောက်ပြီးစီးခဲ့သည်။ ၁၀၀ ကီလိုဝပ် ဒိုင်နမိုနှစ်လုံး တပ်ဆင် ထားသည်။ ချောင်း၏ ရေစီးအားအတိုင်း တာဘိုင်လည်ပတ် သောစနစ်ဖြစ်သဖြင့် ရေများချိန်တွင် စက်နှစ်လုံးစလုံး မောင်း နှင်နိုင်ကာ ရေနည်းချိန်တွင် စက်တစ်လုံးသာ မောင်းနှင်နိုင်၏။ တာဘိုင်အမျိုးအစားမှာ ဩစတြီးယားနိုင်ငံလုပ် Voestalpine စက်များဖြစ်သည်။ စီမံကိန်းဆောင်ရွက်စဉ်က လိုအပ်သော ပစ္စည်းများကို မြစ်ကြီးနားမှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပူတာအိုမြို့ဒုတ္တန်ရပ်ကွက်တွင် ၇၅ ကီလိုဝပ် ထွက်ရှိသော ပုဂ္ဂလိကပိုင် ရေအားလျှပ်စစ်စက်ရုံတစ်ရုံရှိသေးသည်။ ထို စက်ရုံမှ ဒုတ္တန်ရပ်ကွက်နှင့် လေယာဉ်ကွင်းရပ်ကွက် အပိုင်း ၄ နှင့် ၅ တို့သို့ ဓာတ်အားဖြန့်ဖြူးပေးသည်။ ထို့အပြင် စုစုပေါင်း ကီလိုဝပ် ၁၀၀၀ ခန့် ထွက်ရှိသည့် ဒီဇယ်အင်ဂျင် လေးလုံးဖြင့် လည်း တစ်ရက်လျှင် သုံးနာရီ မောင်းနှင်ပြီး ဓာတ်အားပံ့ပိုး ပေးနေရ၏။ ပူတာအိုမြို့တွင် လက်ရှိသုံးစွဲနေသော လျှပ်စစ် ဓာတ်အားပမာဏမှာ နည်းပါးနေသေးသည်။ နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်မှာ လျှပ်စစ်ဓာတ်အား ရရှိသုံး စွဲနိုင်မှုအပေါ် မူတည်ပေရာ လိုအပ်သော လျှပ်စစ်ဓာတ်အား ပမာဏကို ဖြည့်ဆည်းပေးရပေမည်။

### တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ၁၈-၃-၂၀၁၄ ရက်နေ့ ပူတာအိုခရီးစဉ်တွင် ဤဒေသအတွင်း၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို အမြန်ဆုံး အကောင်အထည်ဖော်တည်ဆောက်သွားရန် လမ်းညွှန်ခဲ့သည်။ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ရရှိသည်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေး ဦးစီးဌာနသည် ဂျာမနီနိုင်ငံ STUCKY SA GmbH မှ ပညာရှင်များနှင့်အတူ ၂၀၁၄ ခုနှစ် မတ်လမှ ဇွန်လအထိ ပူတာအိုဒေသရှိ နမ့်ထွမ်ချောင်းနှင့် မူလာချောင်းတို့တွင် စူးစမ်းတိုင်းတာရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

နမ့်ထွမ်ချောင်းသည် နမ့်ထွမ်ခူးရွာ၏ အနောက်ဘက် တောတောင်များအတွင်းမှ ချောင်းဖျားခံကာ အရှေ့ဘက်သို့ စီးဆင်းလာသည်။ ပူတာအိုမြို့၏ အနောက်တောင်ဘက် လက်ရှိနမ့်ထွမ် ရေအားလျှပ်စစ်စက်ရုံဟောင်းအနီးတွင် မြောက်ဘက်သို့ ပြန်ကွေ့ကာ နမ့်လပ်ချောင်းနှင့်ပေါင်းလျက် မလိခမြစ်ထဲသို့ စီးဝင်သည်။ ပူတာအိုဒေသသည် နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၁၆၂ လက်မရရှိသည်။ မြစ်ချောင်းများသည် တစ်နှစ်ပတ်လုံး ရေပြတ်လပ်မှုမရှိသည့်အပြင် မိုးရာသီ၌ ရေစီး အားပိုကောင်းသည်။ ထို့ကြောင့် မူလရေစီးအားကို အသုံးပြု ပြီး ဓာတ်အားရယူသောစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူ ရန် သင့်လျော်သည်။ ထိုစနစ်သည် ဓာတ်အားထွက်ရှိမှု ပိုကောင်းသလို သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုနည်း သည်။ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနသည် ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ပြုစုတင်ပြပြီးသည်နှင့် ၂၀၁၄ ခုနှစ် ဇွန် ၂၄ ရက်မှ စတင်ကာ အကြိုပြင်ဆင်မှုလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ခဲ့သည်။

### စီမံကိန်း ဆောင်ရွက်ခြင်း

အထက်နမ့်ထွမ်ရေအားလျှပ်စစ်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင်ခဲ့သည်။ စီမံကိန်းတွင် ဆောင်ရွက်ရမည့် အဓိကအစိတ်အပိုင်းကြီး ငါးခုမှာ ရေလှောင်ဆည်၊ ရေယူ အဆောက်အအုံနှင့် သဲနုန်းထုတ်ကန်၊ ရေသွယ်မြောင်း၊ ရေ ထိန်းကန်၊ ဖိအားမြင့်ပိုက်လိုင်းနှင့် ဓာတ်အားပေးစက်ရုံတို့ ဖြစ်သည်။ ရေအားလျှပ်စစ်အကောင် အထည်ဖော်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းပစ္စည်းများ သယ်ယူပို့ဆောင်သည့် လုပ်ငန်းအပါအဝင် မြို့ပြဆိုင်ရာ လုပ်ငန်းအားလုံးကို တိုင်းရင်းသားပိုင် ထူးကုမ္ပဏီသို့အပ်နှံ ကာ စက်မှုလျှပ်စစ် တပ်ဆင်ရေးလုပ်ငန်းများကိုသာ မိမိ ဌာနမှ အင်ဂျင်နီယာများဖြင့် ဆောင်ရွက်သည်။ စီမံကိန်းတွင် အသုံးပြုမည့် စက်ပစ္စည်းများကို ဩစတြီးယားနိုင်ငံ Andritz Hydro S.A.S ကုမ္ပဏီမှ ဝယ်ယူသည်။ စက်ပစ္စည်းများ တပ်ဆင်ရန်အတွက် ၎င်းတို့ကုမ္ပဏီမှ ပညာ ရှင်များစေလွှတ်ပေးမည့် သီးခြား စာချုပ်တစ်ရပ်ကိုလည်း ချုပ်ဆိုဆောင်ရွက်ခဲ့သည်။ စီမံကိန်း၏ နည်းပညာဆိုင်ရာ အတိုင်ပင်ခံအဖြစ် ဆွစ်ဇာလန်နိုင်ငံ Stucky SA က တာဝန်ယူပြီး စီမံကိန်းကြီးတစ်ခုလုံးကို ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက ကြီးကြပ် ဆောင်ရွက်သည်။

စီမံကိန်းနယ်မြေထဲဝင်ဝင်ချင်း ဦးစွာတွေ့ရှိရသည်မှာ ရေထိန်းကန်ဖြစ်၏။ ရေထိန်းကန်သို့ မဝင်သေးဘဲ အထက် ဘက်ရှိ ရေလှောင်ဆည်ဆီသို့ မောင်းခဲ့ကြသည်။ ကားလမ်းမှာ ကျောက် ကြမ်းခင်းလမ်းဖြစ်ပြီး ရေသွယ်မြောင်းဘေးမှ ကပ်ဖောက်ထား၏။ ရေသွယ်မြောင်းမှာ ချောင်း၏ဝဲဘက် ကမ်းတွင်ရှိပြီး ၇၅၄၆ ပေ (တစ်မိုင်ခွဲခန့်) ရှည်သည်။ သံကူကွန်ကရစ်ဖြင့် ဆောက်လုပ်ထားပြီး အကျယ် ၁၂ ပေခွဲ၊ အမြင့် ၁၁ ပေ ရှိသည်။ တစ်ပေထု သံကူကွန်ကရစ်ဖြင့် ဖုံးထားသဖြင့် ရေသွယ်မြောင်းပေါ်မှ ယာဉ်ငယ်တစ်စီး မောင်းနှင်နိုင်သည်ဆို၏။ ရေသွယ်မြောင်းအဆုံး၌ ရေလှောင် ဆည်နှင့် ရေယူအဆောက်အအုံသို့ ရောက်ရှိကြသည်။ ရေယူအဆောက်အအုံ၏ တံခါးပေါက်ကို ပိတ်ထားသဖြင့် ရေလှောင်ဆည်ပေါ်မှရေများ တဝေါဝေါကျော် ကျနေရာ ရေတံခွန် ငယ်တစ်ခုပမာ ဖြစ်တော့၏။

### အလွန်ရိုးရှင်းသည့်စနစ်

နမ့်ထွမ်ချောင်းရေကို အမြင့် ၄၁ ပေရှိ ကွန်ကရစ်တမံ ဖြင့်ပိတ်ဆို့ကာ ထိုနေရာမှ တစ်မိုင်ခွဲခန့်အကွာအထိ ရေသွယ် မြောင်းဖြင့် ရေကိုယူသွားပြီး ရေလှောင်ဆည်အောက် ပေ ၁၄၀ ခန့်နိမ့်သောနေရာ၌ ထိုရေစီးအဟုန်ဖြင့် ဓာတ်အားပေးစက် များကို လည်ပတ်စေခြင်းဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်ယူ ထားရာ အလွန်ရိုးရှင်းသည့်စနစ်ဖြစ်သည်။ သဘာဝပတ်ဝန်း ကျင်လည်းသိပ်မပျက်စီး၊ ရေလည်း အလဟဿမဖြစ်ဘဲ အကျိုးရှိသောစနစ်ဖြစ်၏။

ရေလှောင်ဆည်နှင့် ရေယူအဆောက်အအုံကို ကြည့်ရှု လေ့လာပြီးသည်နှင့် နောက်ကြောင်းပြန်လှည့်ခဲ့ကြသည်။ ရေသွယ်မြောင်းအဖုံးပေါ်မှ လမ်းလျှောက်လာခဲ့ကြရင်း တစ်နေရာ၌ သဲနုန်းထုတ်ပေါက်ကို ကြည့်ရှုကြသည်။ သဲနုန်းများသည် တာဘိုင်စက်များကို ချွတ်ယွင်းပျက်စီးစေ နိုင်သဖြင့် ဤအပေါက်မှ စစ်ထုတ်တားဆီးထားကာ ချောင်းထဲသို့စွန့်ပစ်ရ၏။ ရေအားလျှပ်စစ်ဓာတ်အားကို အဓိကအသုံးပြုနေသော နော်ဝေနိုင်ငံတွင် မြစ်ချောင်းများ သည် သဲနုန်းပါဝင်မှုမရှိသဖြင့် ထိုနိုင်ငံရှိ ရေအားလျှပ်စစ် စက်ရုံများတွင် သဲနုန်းကြောင့် စက်ကိရိယာများ ထိခိုက် ပျက်စီးမှုမရှိကြောင်း ဌာနမှ အငြိမ်းစားအရာရှိကြီး တစ်ယောက်က ပြောဖူးသည်ကို သတိရမိသည်။

### လုပ်ငန်းခွင် အခက်အခဲများ

ပူတာအိုဒေသသည် တစ်နှစ်တွင် ရှစ်လခန့် မိုးရွာသွန်း သည်။ စီမံကိန်းလုပ်ငန်း အတော်များများမှာ မြေကြီးကျောက် သားတူးဖော်ခြင်းနှင့် ကွန်ကရစ်လုပ်ငန်းက အများစုဖြစ် ပေရာ မိုးသည် စီမံကိန်းအတွက် ရန်သူပင်ဖြစ်၏။

*စာမျက်နှာ ၈ သို့*

# ပါဠိပထမပြန်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၇၉(၂၀၁၈)ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုခဲ့ကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၁၀၂၃၆ ပါး/ဦး အနက် ၃၈၁၇ ပါး/ဦး အောင်မြင်၍ ၃၈.၂၉ ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ ၁၀၁၄၂ ပါး/ဦး အနက် ၄၉၇၉ ပါး/ဦး အောင်မြင်၍ ၄၉.၀၉ ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၁၂၆၉ ပါး/ဦး အနက် ၅၄၆၃ ပါး/ဦး အောင်မြင်၍ ၄၈.၄၈ ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၁၆၁၄၉ ပါး/ဦး အနက် ၉၉၀၀ ပါး/ဦး အောင်မြင်၍ ၆၁.၃၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ကြပါသည်။

၁၃၇၉(၂၀၁၈)ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ကြသော သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအနက် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင်ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ကြပါသည်-

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်ဘွဲ့ရ) | စက/၇၇ | ဦးသာဂရဉာဏာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက/၆၈ | ဦးဆေကိန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | ဗဟ/၁၄ | အရှင်ပညာတိက္ခာလင်္ကာရ | ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက/၆၉၉ | မစန္ဒာသိင်္ဂီ | သမိဒ္ဓေါဒယကျောင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စက/၂၀ | ဦးဂုဏာတေဇာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စိန်/၁၇ | ရှင်နန္ဒိယာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | မဟမ/၁၆၁ | ရှင်ပညာဝံသာလင်္ကာရ | စည်ရှင်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | အမဇ/၂၀၅ | မစန္ဒာသိရီ | ဇိနောဒယသီလရှင် စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ/၃၆၃ | ရှင်ပညိန္ဒ | မဟာဇောတိကာရာမ ကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စိန်/၂ | ဦးသီလာစာရ | ရွှာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | ပခ/၆၂ | ဉူးဇာနိဿရ | သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပဲခူးမြို့ ပဲခူးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက/၃၁၈ | မထေရာစာရီ | သမိဒ္ဓေါဒယကျောင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့်တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ/၁၁၅ | ရှင်သိရီဓမ္မ | သာသနာ့ရောင်ခြည် ကျောင်းတိုက်၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | မဟမ/၃၀၉ | ရှင်ပညာဘောဂ | ဓမ္မဝိနယရုံသီကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၃။ | တတိယ | စက/၁၂၉ | ရှင်ပဏ္ဍိတ | မဟာခိုနန်းကျောင်း၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | မြစ်/၄၈ | မက္ကန္ဒစာရီ | ပိန္နဲကုန်းကျောင်းတိုက်၊ မြစ်ကြီးနားမြို့ ကချင်ပြည်နယ် |

၁၃၇၉(၂၀၁၈)ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းများကို နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်သံဃနာယကအဖွဲ့ရုံးများတွင် လည်းကောင်း၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးရုံးများတွင်လည်းကောင်း သက်ဆိုင်ရာ စာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများတွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

၁၃၇၉(၂၀၁၈)ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www. mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

*ကျော့ဖုံးမှ*

ပွဲပယ်ခံထားရသည့် ဆယ်လာနှင့် မင်းကျော်ခန့်မှလွဲ၍ ရန်ကုန်အသင်း လူစုံထုတ်ခဲ့ပြီး ဇွဲကပင်အသင်းမှာလည်း ရန်ကုန်အသင်းထံမှ အမှတ်ရယူနိုင်ရန် အကောင်းဆုံးလူစာရင်းဖြင့် ရင်ဆိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် မောင်မောင်လွင်နှင့်ကျော်ဇင်ဦးတို့၏ ဘယ်ခြမ်းမှ အဓိကတိုက်စစ်ဆင်ခဲ့ပြီး မိနစ် ၃၀တွင် မောင်မောင်လွင်က ရန်ကုန်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဇွဲကပင်အသင်း ချေပဂိုးပြန်ရရန် အားထည့်လာခဲ့ပြီး ရန်ကုန်အသင်း ဂိုးပေါက်ကို ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ဂိုးပြန်မပေးရရန် ခံစစ်ကို စနစ်တကျပိတ်ဆို့ကစားခဲ့ပြီး ဦးဆောင်ဂိုးကို ထိန်းကစားခဲ့သည်။ ရန်ကုန်အသင်းအား အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၈၄ မိနစ်တွင် ကြည်လင်း ကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို အီစိုးက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသည့် Southern အသင်းက ရောဝတီအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Southern အတွက် ဂိုးများကို ၂ မိနစ်တွင် ဝေဖြိုးလွင်၊ ၆၉၊ ၇၁ မိနစ်တွင် ဘယ်ရီ၊ ၉၀+၃မိနစ်တွင် ရန်ကျော်ထွေးက သွင်းယူပြီး ရောဝတီအတွက် ချေပဂိုးများကို ၂၀၊ ၇၄ မိနစ်တွင် အောင်ကျော်နိုင်က သွင်းယူခဲ့သည်။ မုံရွာကွင်း၌ ကျင်းပသောပွဲတွင် စစ်ကိုင်းအသင်းက ဟံသာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ စစ်ကိုင်းအတွက် ဂိုးများကို ၇ မိနစ်တွင် ဝေဖြိုးသူ၊ မိနစ် ၃၀ တွင် ထက်ဇော်ထွန်းက သွင်းယူပြီး ဟံသာဝတီအတွက် ချေပဂိုးကို ၁၀ မိနစ်တွင် မတ်ခ်က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၆)အပြီးတွင် ရန်ကုန်အသင်းက ၃၅ မှတ်၊ ရှမ်းယူနိုက်တက်က ၃၃ မှတ်၊ Southern နှင့်မကွေးအသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၄ မှတ်၊ ဟံသာဝတီအသင်းက ၂၂ မှတ်၊ ရခိုင်အသင်းက ၂၁ မှတ်၊ ဇွဲကပင်အသင်းက ၂၀ မှတ်၊ ရောဝတီအသင်းက ၁၉ မှတ်၊ စစ်ကိုင်းအသင်းက ၁၅ မှတ်၊ GFA အသင်းက ၁၄ မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ **ညီမြတ်သော်တာ**

*ရှေ့ဖုံးမှ*

ထို့ပြင် မုတ္တမမြို့အတွင်း မိုးရွာသွန်းမှုကြောင့် နေအိမ်ပြိုကျခြင်း၊ အမိုးလန်ပျက်စီးခြင်းတို့အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ကျိုက်သလွံ့စေတီတော်ဝတ္တက မြေပြိုကျမှုအခြေအနေ၊ ဘုရားဝင်းအတွင်းရှိ ခေတ်လှေကား၊ စောင်းတန်းနှင့် ဘုရားဆောင်အဆောက်အအုံ ပြိုအက်မှုအခြေအနေများကို ကြည့်ရှုပြီး ပြန်လည်ပြင်ဆင်မည့် အစီအစဉ်များကို သက်ဆိုင်ရာပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် မူလတန်းလွန်ကျောင်း (ကိုဝချောင်) ယာယီရေဘေးရှောင်စခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ အားပေးစကားပြောကြားပြီး လက်တလောစားနပ်ရိက္ခာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေပြင်းတိုက်မိုးသည်းထန်မှုကြောင့် မော်လမြိုင်မြို့ပေါ်ရပ်ကွက်များ၌ ရေကြီး

**မော်လမြိုင် ဇွန် ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့အတွင်းရှိ မြို့ပေါ်လမ်းမကြီးများနှင့် ရပ်ကွက်အချို့တွင် ဇွန် ၁၇ ရက် နံနက်ပိုင်းက လေပြင်းများတိုက်ခတ်ပြီး မိုးအဆက်မပြတ်ရွာသဖြင့် နေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခြင်းနှင့် ကျိုက်သလွံ့ဘုရား အရှေ့ဘက်မုခ်ဦးအနီး မြေသားနံရံများ ပြိုကျမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။



ကျိုက်သလွံ့ ဘုရားအောက်ရှိ အသောကာရာကျောင်းထိုင်ဆရာတော် ဦးကုသလက "မနက် ၄ နာရီလောက်မှာ မြေကစပြိုနေပြီး ကျိုက်သလွံ့ဘုရားပေါ်က ဘုရားတစ်ဆူနဲ့ ညောင်ပင်တွေ အကုန်ပြိုကျကုန်တာ၊ အောက်မှာရှိတဲ့ ကားနှစ်စီးနဲ့ ဦးပဥ္စင်းတို့ ကျောင်းဆောင်ကိုးဆောင်လောက် ပျက်စီးသွားတယ်၊ မိုးသာထပ်ရွာနေဦးမယ်ဆိုရင် ထပ်ပြိုဦးမယ်"ဟု ဆရာတော်က မိန့်ဆိုသည်။

မိုးရွာမှုမှာ မိုးရေချိန် ၁၃ ဒသမ ၇ စင်တီမီတာခန့်ရှိပြီး မြို့နယ်အတွင်း သစ်ပင်ကြီးများနှင့် ခေတ်မီးတိုင်များ ကျိုးကျခြင်း၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး ခြံစည်းရိုးကျိုးပဲ့ခြင်း၊ ကျိုက်သလွံ့ဘုရားအရှေ့ဘက်မုခ်ဦးအနီး မြေသားနံရံများပြိုကျပြီး အောက်နားရှိ ဘုန်းကြီးကျောင်းမှ ကျောင်းဆောင်များ ပျက်စီးခဲ့ကြောင်း၊ အောက်လမ်းမကြီးနှင့် အလယ်လမ်းများတွင် ရေများကျော်တက်ခြင်း၊ အချို့သော ရပ်ကွက်များတွင် နေအိမ် နစ်မြုပ်သွားသူများအတွက် ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ စာသင်ကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးထားကြောင်း၊ အဆိုပါနေရာများကို ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့များ၊ ပြည်သူများက ပူးပေါင်းကာ ကူညီရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပြီး လူထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

မော်လမြိုင်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်း ၁၇ ခုခန့် ဖွင့်လှစ်ထားပြီး လူဦးရေ ၂၃၈၃ ဦးဝန်းကျင် နေထိုင်မှုအစားအသောက် လိုအပ်လျက်ရှိနေကြောင်း၊ မော်လမြိုင်မြို့တွင် လွန်ခဲ့သော နှစ် ၃၀ ခန့်က ရေကြီးမှုကြုံခဲ့ပြီး ယခုနှစ်တွင် ရေကြီးမှုသည် အရင်ကထက် ပိုမိုများပြားကြောင်း၊ အဆိုပါနေရာများကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာ အောင်နိုင်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သွားရောက်စစ်ဆေးကြည့်ရှု အားပေးကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း မြို့နယ် ၁၀ မြို့နယ်မှ မော်လမြိုင်မြို့နယ်၊ ပေါင်မြို့နယ်၊ ကျိုက်မရောမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် ရေးမြို့နယ်တို့တွင် မိုးသည်းထန်စွာ အဆက်မပြတ်ရွာမှုကြောင့် ကားလမ်းများ ရေကျော်ခြင်း၊ တောင်လမ်းများ မြေပြိုခြင်းနဲ့ လူနေအိမ်များ နစ်မြုပ်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# တောင်ကျရေ တိုက်စားမှုကြောင့် ကျိုက်မရောမြို့နယ်၌ တံတားတစ်စင်းပျက်စီး

**ကျိုက်မရော ဇွန် ၁၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဇွန် ၁၇ ရက် နံနက်ပိုင်းမှစ၍ မိုးများသည်းထန်စွာရွာပြီး တောင်ကျရေများ တိုက်စားမှုကြောင့် ခုနစ်တောင်ရှိ မြေသားနံရံပြိုကျပြီး ကျိုက်မရောမုဒုံသွား ဘုရားနှစ်ဆူတောင်ပေါ်ရှေ့နားရှိ ကွန်ကရစ်တံတားတစ်စင်း ပြိုကျပျက်စီးမှုဖြစ်ပွားခဲ့သည်။

အဆိုပါတံတားပြိုကျရာသို့ လမ်းဦးစီးဌာနမှ တာဝန်ရှိသူများလာရောက်၍ ကားများနှင့် ခရီးသွားပြည်သူများ အသက်အန္တရာယ်မဖြစ်စေရန် တံတားပေါ်မှ ဖြတ်သန်းမသွားကြရန် လာရောက်တားဆီး ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ အချိန်မီဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုပ်ရှင်နှင့်ဗီဒီယို ဆင်ဆာအဖွဲ့သစ်တို့ တွေ့ဆုံပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့သစ်တို့တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပသည်။**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရုပ်ရှင်နှင့်ဗီဒီယို ဆင်ဆာအဖွဲ့သစ်အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုပ်ရှင်တီထွင် ဖန်တီးသူများ လွတ်လပ်စွာဖြင့် အစွမ်းကုန် ဖန်တီးခွင့်ပေးနိုင်အောင် အလေးအနက်ထားပြီး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအတွက်၊ အချို့အစိတ်အပိုင်းများနှင့် အစုအဖွဲ့များအတွက် ထိခိုက်နိုင်မည်ဟု ရှုမြင်ရသည့်ကိစ္စရပ်မျိုးရှိလာပါက ဆွေးနွေးညှိနှိုင်းပြီး သင့်တင့်လျောက်ပတ်စွာ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်ရှင်နှင့် ဗီဒီယို ဆင်ဆာအဖွဲ့သစ်ဥက္ကဋ္ဌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့သစ်ကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဖွဲ့ဝင် ၁၅ ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့မှု၊ ရုပ်ရှင် ဗီဒီယိုဆင်ဆာအဖွဲ့ဟောင်း အနေဖြင့် ရုပ်ရှင်ဇာတ်လမ်း၊ ဇာတ်ကားများ ကြည့်ရှုစစ်ဆေးခဲ့မှု၊ ရုပ်သံဇာတ်လမ်းတွဲတွင် မြန်မာဘာသာစာတန်းရေးထိုးထားသည့် နိုင်ငံခြားဇာတ်လမ်းနှင့် ဇာတ်ကားများ ကြည့်ရှုစစ်ဆေးခဲ့မှု၊ ကြည့်ရှုစစ်ဆေးစဉ် တွေ့ကြုံခဲ့သည့် အခြေအနေများ၊ ရုပ်ရှင်ဥပဒေပြင်ဆင်ရန်ဆောင်ရွက်နေစဉ် အဖွဲ့သစ်အနေဖြင့်လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရုပ်ရှင်နှင့် ဗီဒီယို ဆင်ဆာအဖွဲ့ဝင်သစ်များ ဖြစ်ကြသော ဦးကျော်ဦး၊ ဒေါ်ဆွေဇင်ထိုက်၊ ဒေါ်မြကြည်၊ ဒေါ်ယဉ်မျိုးမေတို့ အပါအဝင် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်ပြီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ ဖိတ်ကြား၍ တက်ရောက်လာကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယက ဦးကြည်စိုးထွန်းနှင့် ဥက္ကဋ္ဌ ဦးဇင်ဝိုင်းတို့က ဆွေးနွေးပြောကြားသည်။

ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့သည် တည်ဆဲဥပဒေ၊ နည်းဥပဒေများအရ နှစ်နှစ်သက်တမ်းရှိပြီး အဖွဲ့ဟောင်း တာဝန်ယူခဲ့စဉ် မြန်မာ့ရုပ်ရှင်ဇာတ်လမ်း ၄၂၀ ပုဒ်၊ မြန်မာရုပ်ရှင်ဇာတ်ကား ၂၉၅ ကား၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကား ၂၃၉ ကား၊ ဗီဒီယိုဇာတ်ကား ၁၅၄၅ ကား၊ ကာရာအိုကေ ၄၂၂ ကား၊ လက်ဝှေ့



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ အဖွဲ့ဝင်သစ်များနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

အငြိမ့် ကိုးကားကို သတ်မှတ်လုပ်ငန်း တာဝန်များအတိုင်း ကြည့်ရှုစစ်ဆေးပြီး ခွင့်ပြုပေးနိုင်ခဲ့သည်။

ယခုပြင်ဆင်ဖွဲ့စည်းခဲ့သည့် ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့သစ်သည် ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် မေ ၃၁ ရက်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး သတ်မှတ်လုပ်ငန်းတာဝန်များနှင့်အညီ ကြည့်ရှုစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဗဟန်း၊ ရန်ကင်း၊ တောင်ဥက္ကလာ၊ သဃ်ာန်းကျွန်း၊ လှိုင်နှင့် အလုံမြို့နယ်ရုံး၊ စာကြည့်တိုက်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

မိုးရာသီတွင် မိုးကြောင့် အလုပ်မတွင်ကျယ်သလို ကျွတ်များ၊ မျှော့များ၊ တောင်ဖြုတ်များကလည်း တည်ဆောက်ရေး လုပ်သားများကို ဒုက္ခပေးကြသည်။ စာရေးသူတို့မရောက်မီ မိုးလေးတစ်ပြိုက် နှစ်ပြိုက် ရွာသွားရာ တောင်ဖြုတ်များက ဖွဲနှင့်ဆုပ်ပက်ဘိသည့်အလားရှိ၏။ လက်နှစ်ဖက်လုံး မအားလပ်နိုင်အောင်ပင် မောင်းထုတ်နေရ၏။ တောင်ဖြုတ်အကိုက်ခံလိုက်ရသည့် အရေပြားနေရာသည် ကုတ်လို့မဆုံးနိုင်တော့။ ခဏတဖြုတ်လာသူများပင် ထိုသို့ဖြစ်လျှင် အမြဲနေကြသူတွေ မည်သို့ရှိလေမည်မသိ။

လုပ်ငန်းခွင် အခက်အခဲများထဲတွင် ရေသွယ်မြောင်း ဖောက်လုပ်ခြင်းလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်၏။ ရေထိန်းကန်မှ ရေလွှဲဆည်အထိ ချောင်းနှင့်မြောင်း၍ ရေသွယ်မြောင်းကို ဖောက်လုပ်စဉ် တစ်နေရာ၌ ပေ ၃၀၀ ခန့်မြင့်ကာ ပေ ၁၅၀၀ ခန့်ရှည်လျားသော တောင်စွယ်တစ်ခုက ပိတ်ဆို့ကာဆီးထားသည်။ ကွေ့လို့လည်းမရ၊ လိုဏ်တူးလို့လည်း မလွယ်။ ထိုတောင်စွယ်ကို ယမ်းဘီလူးဖြင့် ဖောက်ခွဲ၊ တန်နှင့်ချီပြီးကျလာသော ကျောက်တုံးကျောက်ခဲများနှင့် မြေသားထုကြီးကို စက်ယာဉ် ယန္တရားအားနှင့် လူအင်အား အသုံးပြုပြီး ဖယ်ရှားခဲ့ရပေရာ အချိန် သုံးလကျော် ကြာမြင့်ခဲ့သည် ဆို၏။ ထိုစဉ်က အရေးပေါ် လိုအပ်လာသည့် ယမ်းဘီလူးများကို ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးစက်ရုံမှ မှာယူကာ တပ်မတော် (လေ)မှ Y-X ကုန် တင်လေယာဉ်ကြီးဖြင့် ပို့ဆောင်ပေးခဲ့ရသည်ကို မှတ်မိသေး တော့၏။

**တာဘိုင် လေးလုံး**

ရေထိန်းကန်သို့ ရောက်ရှိကြသည်။ ရေထိန်းကန်တည်ဆောက်ခြင်းလုပ်ငန်းများမှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၏။ ရေထိန်းကန်၏တာဝန်မှာ ရေသွယ်မြောင်းမှစီးလာသော ရေများကို ခေတ္တထိန်းသိမ်း သိုလှောင်ထားရှိပြီး သံမဏိဂိတ်တံခါးဖြင့် ဖိအားမြှင့်ပိုက်လိုင်းထဲသို့ ထိန်းချုပ်စေလွှတ်ပေးရန်နှင့် ရေထိန်းကန်အောက်ခြေတွင်ရှိသော သဲနုန်း ထုတ်ပေါက်မှတစ်ဆင့် ကြွင်းကျန်သော သဲနုန်းများကို နောက်ဆုံးစစ်ထုတ်ပေးရန်ဖြစ်သည်။ ထို့အပြင် ရေထိန်းကန်၏ နံရံတစ်ဖက်ကို နိမ့်ပေးထားရာ စက်ရုံအတွက် အသုံးမလို ပိုလျှံသောရေနှင့် အကြောင်းတစ်ခုခုကြောင့် ဖိအားမြှင့်ရေပိုက် လိုင်းကို ပိတ်လိုက်ပါက အံထွက်လာသောရေများမှာ ထိုနေရာမှ လျှံကျကာ ရေပိုလွှဲမြောင်းမှတစ်ဆင့် နမ့်ထွမ်ချောင်းထဲသို့ စီးဆင်းသွားစေသည့် အလုပ်ကိုလည်း လုပ်ဆောင်ပါသည်။ ရေထိန်းကန်၏ပမာဏမှာ အလျား ၉၈ ပေခွဲ၊ အနံ ၂၉ ပေ၊ အမြင့် ၁၅ ပေ ရှိရာ ရေထု၏ဖိအားကို ခံနိုင်စေရန် ထုနှစ်ပေခန့်ရှိသည့် သံကူကွန်ကရစ်ဖြင့် အခိုင်အမာတည်ဆောက်ထားသည်ကို တွေ့ရှိရ၏။

ရေထိန်းကန်မှ ချောင်းထဲသို့ ငုံ့ကြည့်လိုက်ရာ ဓာတ်အားပေးစက်ရုံနှင့် ဖိအားပေးသံမဏိပိုက်လိုင်းတို့ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးနေသည်ကို တွေ့ရသည်။ ဖိအားမြှင့် သံမဏိပိုက်လိုင်းမှာ အချင်း ၄ ပေ ၅ လက်မ၊ အရှည် ပေ ၁၈၀ ရှိကြောင်း သိရ၏။ ပိုက်လိုင်း၏အောက်ခြေ၌ ပိုက်လိုင်း ငယ် လေးခုပွားကာ စက်ရုံထဲသို့ဝင်သွား၏။ တာဘိုင်စက်လေးလုံးအတွက် ဖြစ်လိမ့်မည်ထင်၏။

စက်ရုံရှိရာသို့ ကားများဖြင့် ဆင်းခဲ့ကြသည်။ စက်ရုံအဆောက်အအုံထဲတွင် တာဘိုင်နှင့် ဂျင်နရေတာများ တပ်ဆင်ထားပြီးဖြစ်၏။ တပ်ဆင်ထားသော တာဘိုင်အမျိုးအစားမှာ အလျားလိုက် ဖရန်စစ်တာဘိုင် လေးလုံး ဖြစ်သည်။ တာဘိုင်တစ်လုံးလျှင် ၈၀၀ ကီလိုဝပ်ရှိသဖြင့် စုစုပေါင်း ဤစက်ရုံမှ ၃ ဒသမ ၂ မဂ္ဂါဝပ် ထွက်ရှိမည် ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အားမှာ ကီလိုဝပ်နာရီ ၁၄ ဒသမ ၁၃ သန်း ဖြစ်သည်။ သဘာဝ၏ပေးထားချက်ကို လူသားတို့၏အတတ်ပညာဖြင့် ပေါင်းစပ်လိုက်ခြင်းဖြင့် ရရှိလာသော အကျိုးအမြတ်ပင်။

**စက်ပစ္စည်းများ ဝယ်ယူခြင်း**

စက်ပစ္စည်းများကို ယခင် နမ့်ထွမ်ရေအားလျှပ်စစ် စက်ရုံအတွက် စက်ပစ္စည်းများ ဝယ်ယူခဲ့ဖူးသော ဩစတြီးယားနိုင်ငံအခြေစိုက် Andritz Hydro S.A.S ကုမ္ပဏီဖြင့်ပင် စာချုပ်ချုပ်ဆို ဝယ်ယူခဲ့သည်။ ထိုကုမ္ပဏီသည် တာဘိုင်နှင့် ဆက်စပ်ပစ္စည်းများကို ၎င်းတို့ကုမ္ပဏီမှလည်းကောင်း၊ ဂျင်နရေတာကို အီတလီနိုင်ငံအခြေစိုက် Marelli S.A ကုမ္ပဏီနှင့် ပြင်သစ်အခြေစိုက် Leroy Somer ကုမ္ပဏီတို့မှလည်းကောင်း တင်သွင်းခဲ့သည်။ အခြားစက်အစိတ်အပိုင်းများဖြစ်သည့် ထရန်စဖော်မာ၊ ဘက်ထရီ စသည်များကို ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ ဩစတြီးယား၊ အင်ဒိုနီးရှား စသည့်နိုင်ငံများမှ တင်သွင်းခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်နေရာတွင် တည်ရှိသည့် အထက်နမ့်ထွမ် ရေအားလျှပ်စစ်စက်ရုံတွင် အသုံးပြုမည့် စက်ပစ္စည်းများအတွက် စိတ်ချရပြီး တာရှည်ခိုင်ခံ့သော ပစ္စည်းများကိုသာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သုံးစွဲလိုသဖြင့် ထိုသို့ အစဉ်အလာရှိသော ဥရောပ ကုမ္ပဏီများမှ ဝယ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

**ကွန်ပျူတာဖြင့် ထိန်းချုပ်မည့်စနစ်**

စက်ရုံထဲတွင် ပြည်ပပညာရှင်နှစ်ဦး လက်တော့ပ် ကွန်ပျူတာ ကိုယ်စီနှင့် အလုပ်ရှုပ်နေကြသည်။ တစ်ယောက်က ပြင်သစ်လူမျိုး၊ တစ်ယောက်က အင်ဒိုနီးရှားလူမျိုးဟု သိရသည်။ နှစ် ယောက်လုံး လူငယ်များဖြစ်ကြသည်။ ညွှန်ကြားရေးမှူးချုပ်က ပြည်ပပညာရှင်နှစ်ဦးအား အသင့်ပါလာသော သစ်သီးခြင်းနှင့် အသားငါးဘူးများကို လက်ဆောင်ပေးအပ်သည်။ ရေယူ အဆောက်အအုံ၏ ရေအဖွင့်အပိတ်တံခါးမှသည် စက်ရုံအတွင်းရှိ စက်များဖွင့်ပိတ် မောင်းနှင်သည်အထိ ကွန်ပျူတာဖြင့် ထိန်းချုပ်မောင်းနှင်မည့် ပရိုဂရမ်များကို ပြည်ပပညာရှင် နှစ်ဦးက ထည့်သွင်းနေကြခြင်းဖြစ်ကြောင်း သိရသည်။ အားလုံးပြီးစီးသည့်အခါ စက်ရုံလည်ပတ်မှုစနစ်ကြီးတစ်ခုလုံးကို စက်ရုံအတွင်းရှိ ထိန်းချုပ်ခန်းထဲမှ ကွန်ပျူတာဖြင့် ထိန်းချုပ်သွားမည်ဖြစ်သည်။

**ဓာတ်အားပို့လွှတ်နိုင်မည့် ဒေသများ**

အထက်နမ့်ထွမ် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်လိုက်သောအခါ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားပမာဏသည် ပူတာအိုမြို့ပေါ် ရပ်ကွက်များသာမက မချမ်းဘောမြို့အထိပါ ပို့လွှတ်ပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် နမ့်ဘော်၊ ပါမီး၊ နမ့်ဟော်၊ မာမူးလဲ့၊ မကျော့ဝါ၊ ပူတောင်း၊ ထူးဆန်း၊ လယ်မယ် ဝါဂျီ၊ ဟိုဖိုင်၊ မူလာရှီဒီ၊ မူလာအွန်၊ ဇီးအွန်၊ မာမိန်ရှီးဒီ၊ မာမိန်၊ နမ်ပါ၊ ဇီဒန်း၊ နောင်ခိုင် စသည့်ရွာများကိုပါ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

**မကြာမီ ဖွင့်လှစ်နိုင်တော့မည်**

အထက်နမ့်ထွမ်စီမံကိန်းသည် မဟာဓာတ်အားလိုင်းမှ အလှမ်းဝေးကွာသည့် ပူတာအိုဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအတွက် လုံလောက်သော လျှပ်စစ်ဓာတ်အားပမာဏကို ပေးစွမ်းပေးနိုင်ရန် သီးခြားဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်သည်။ ၁၂-၁-၂၀၁၈ ရက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး မိုးမကျမီ စီမံကိန်းအမြန်ပြီးစီးရေး ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေဖြင့် ထူးကုမ္ပဏီနှင့်ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သောကြောင့် မကြာတော့သော အချိန်ကာလအတွင်း အထက်နမ့်ထွမ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖွင့်လှစ်တော့မည်ဖြစ်သည်။

သို့ဖြစ်၍ သွေးချင်းတို့ပျော်ရာ ပူတာအိုဒေသတစ်ခုလုံးသည် နမ့်ထွမ်ချောင်းရေဖြင့် လျှပ်စစ်အလင်းများ ဝေဖြာကာ ရှေးယခင်ကထက် ပိုမိုတိုးတက်ဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

---

# လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇွန် ၁၇**

ကမာရွတ်မြို့နယ် လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးပြည်သူ့စကားဝိုင်း (Public Talk) ကို အမှတ် ၁ ရပ်ကွက် အောင်လုရိပ်သာလမ်းရှိ ဇင်ယော်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၊ မူးယစ်တပ်စု (၄၂) ဒုရဲမှူး တေဇာလွင်၊ မြို့နယ် ဥပဒေအရာရှိ ဦးကျော်မင်းပိုင်၊ မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်သင်းသင်းနိုင်၊ မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရန်နိုင်စိုးအောင်တို့က ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ အရပ်ဘက်အဖွဲ့အစည်းများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ပြီး မြို့နယ်အားကစားမှူး ဦးငြိမ်းချမ်းဖြိုးက ကျောင်းသားကျောင်းသူများအသုံးပြုရန် အားကစားလေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများကို ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်ခင်မျိုးသော်ထံ လှူဒါန်းခဲ့သည်။

**ခင်မောင်သော်(ကမာရွတ်)**

**ဗဟန်းမြို့နယ် တိုင်းဒေသကြီး အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းထွဋ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဝင်း၊ ဥပဒေအရာရှိ ဦးကျော်စွာခိုင်၊ စိတ်ကျန်းမာရေးဆေးရုံမှ ဒေါက်တာထွန်းစန္ဒာလင်းတို့က “လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်”ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇွန် ၁၆ ရက်က ဗိုလ်ချို ၁ ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်းကောင်းထက်ကျော် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်ရာ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၈၀ ခန့် တက်ရောက်ကြပြီး သိလိုသည်များ မေးမြန်းကြစဉ်။**

တင်စိုး(မြန်မာ့အလင်း)




# နောင်မွန်၌ ပြည်သူများအား အခမဲ့ကွင်းဆင်းကုသပေး

**နောင်မွန် ဇွန် ၁၇**

ပူတာအိုခရိုင် နောင်မွန်မြို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ် ၂ တပ်မတော်ဆေးရုံ(ခုတင်-၂၅) နယ်လှည့်ပါရဂူဆေးကုသမှုအဖွဲ့သည် ဇွန် ၁၆ ရက်က နောင်မွန်မြို့လုံမောင်ခန်းမ၌ ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။ ကွင်းဆင်းဆေးကုသရာတွင် နောင်မွန်မြို့မှ ကလေး၊ လူကြီး ၆၅ ဦးအား ဆီးချို သွေးချို ၊ သွေးတိုး ၊ သွားနှင့်ခံတွင်း စသည့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အခမဲ့ ဆေးဝါးကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင်မှ စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ

**သံတွဲ ဇွန် ၁၇**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းသည် ရခိုင်ပြည်နယ် သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင်မှ စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက စစ်ဆေးရေးအရည်အသွေးမြင့်မားစေရေးအတွက် ပညာရှင်ကျင့်ဝတ်များဖြစ်သည့် ရိုးသားဖြောင့်မတ်မှု၊ သိက္ခာသမာဓိရှိမှု၊ အဂတိတရားလေးပါး ကင်းရှင်းမှု၊ ပညာရပ်ဆိုင်ရာ အရည်အချင်းပြည့်ဝမှု၊ သတိသမ္ပဇဉ်ဖြင့် လုံ့လဝီရိယစိုက်ထုတ်မှု ၊ ပွင့်လင်းမြင်သာမှု၊ ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ဘဝနေထိုင်နည်းဆိုင်ရာ ပုံပြင်နှင့် အသက်ရှည်ရှည်အန္တရာယ်ကင်းစွာဖြင့် နေထိုင်နည်းများကို မှာကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်က သံတွဲခရိုင်နှင့် ကျောက်ဖြူခရိုင်အတွင်းရှိ စာရင်းစစ်ရုံးများ၏ စစ်ဆေးရေးလုပ်ငန်းဆောင်ရွက်မှုနှင့် အစီရင်ခံစာထုတ်ပြန်မှု၊ ဝန်ထမ်းအင်အား အခြေအနေ၊ ရုံးနှင့်ဝန်ထမ်းအိမ်ရာအဆောက်အအုံ အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ဒေါက်တာ စင်ရော်မောင်မောင်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**စစ်တွေ ဇွန် ၁၇**

ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကိုပေါ်လွင်စေမည့် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင်များ ရိုက်ကူးနိုင်ရေးအတွက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုအား ဒေါက်တာစင်ရော်မောင်မောင်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ပြည်နယ် ဝန်ကြီးချုပ်ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၏ ပုံရိပ်ကိုမြှင့်တင်ပေးမည့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ရေး၊ တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရှည်လျားလှပသည့် ပင်လယ်ကမ်းရိုးတန်း၊ ကျယ်ပြောလှသည့် လယ်ယာမြေများ ပိုင်ဆိုင်ထားမှု၊ သာယာလှပသော ရခိုင်ရိုးမတောင်တန်းတို့ကို အခြေခံပြီး ဒေသခံတိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှုတို့ကို ပေါ်လွင်အောင် ရိုက်ကူးနိုင်ရေး၊ အတူတကွယှဉ်တွဲနေထိုင်မှုကို ဖော်ကျူးနိုင်ရေး၊ ရခိုင်ပြည်နယ်၏ ပထဝီအနေအထားကို ဖော်ကျူးမည့် မှတ်တမ်းရုပ်ရှင်ဖြစ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ဒါရိုက်တာ ဦးဖုန်းဝေ(SKY NET)၊ စာရေးဆရာ မင်းခိုက်စိုးစံတို့ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**




# ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာ၌ လူနေအိမ်များပေးအပ်ပွဲနှင့် ကျေးရွာတွင်း လမ်းဖွင့်ပွဲတက်ရောက်

**မောင်တော ဇွန် ၁၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်တို့သည် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် မောင်တောမြို့နယ် သစ်တုံးနားခွဆုံကျေးရွာ၌ ကျင်းပသည့် မြို့တိုင်းရင်းသားများအတွက် နေအိမ်များနှင့် ကျေးရွာတွင်းလမ်းသစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က နေအိမ်နှင့်လမ်းများ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျေးရွာမှ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သစ်တုံးနားခွဆုံကျေးရွာမှ မြို့တိုင်းရင်းသားများအတွက် လှူဒါန်းခဲ့သည့် နေအိမ် ၄၄ လုံး၊ လမ်းနှင့် လက်နှိပ်ရေတုံကင်များကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်သားပြည်သူများ၏ ထည့်ဝင်ငွေဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း တန်ဖိုးငွေကျပ် ၄၁၆၇ ဒသမ ၆ သိန်းဖိုး လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့တိုင်းရင်းသားများနှင့် အမှတ်တရဓာတ်ပုံရိုက်ကြသည်။

**နေဝင်းထွန်း၊ ဓာတ်ပုံ- ခင်မောင်ဝင်း**



# ကျောက်ဖြူ သိုင်းချောင်းရေလှောင်တမံ တည်ဆောက်မှုပြီးစီး၍ ရေပေးဝေနိုင်ရန် အဆင်သင့်ရှိနေ

**ရန်ကုန် ဇွန် ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် သိုင်းချောင်းကျေးရွာအနီးတွင် တည်ဆောက်ထားသည့် သိုင်းချောင်းရေလှောင်တမံ စီမံကိန်းမှာ တည်ဆောက်မှုလုပ်ငန်းများအားလုံး ပြီးစီးနေပြီဖြစ်၍ ပတ်ဝန်းကျင်အနီးအနား ကျေးရွာများနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန်သို့ ရေပေးဝေမှုလုပ်ငန်းများ စတင်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉) မှ သိရသည်။



**သိုင်းချောင်း ရေလှောင်တမံ။**

"သိုင်းချောင်း ရေလှောင်တမံကနေ အနီးအနားမှာရှိတဲ့ ပတ်ဝန်းကျင် ကျေးရွာတွေကတော့ သောက်သုံးရေအတွက် အသုံးပြုနေပါပြီ၊ အဓိက ကျောက်ဖြူ အထူးစီးပွားရေးဇုန်ကို ရေပေးဝေဖို့ပါ၊ အခု စက်မှုဇုန်တွေက လုပ်ငန်း မစသေးပေမယ့် ရေပေးဝေဖို့ကတော့ အဆင်သင့်ဖြစ်နေပြီ၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် တစ်ခုလုံးအတွက် ရေမလုံလောက် နိုင်ရင်တောင် တစ်စိတ်တစ်ဒေသတော့ အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပါတယ် " ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉)မှ ဦးစီးအရာရှိ ဦးမြင့်အေးက ပြောသည်။

သိုင်းချောင်းရေလှောင်တမံ စီမံကိန်းသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ တောင်ဘက် ၁၃ မိုင်ခန့်အကွာ သိုင်းချောင်းကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာ သိုင်းချောင်းပေါ်တွင် တည်ဆောက်ထားပြီး အလျား ပေ ၅၁၀၊ အမြင့် ပေ ၇၀ နှင့် ရေလှောင်ပမာဏ ၉၅၅ ဧကပေ သိုလှောင်နိုင်မည့် မြေသားရေလှောင်တမံတစ်ခုဖြစ်ကာ စီမံကိန်းအနီးရှိ ကျေးရွာများအား သောက်သုံးရေပေးဝေနိုင်ရန်နှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် ရေဂါလန် ၂၄၉ သန်းခန့် ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သိုင်းချောင်းရေလှောင်တမံ စီမံကိန်းကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆- ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တမံနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယခုအခါ တမံအနီးပတ်ဝန်းကျင်ကျေးရွာနေပြည်သူများမှ သောက်သုံးရေများရယူ အသုံးပြုလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉)မှ သိရသည်။

ထို့ပြင် ကျောက်ဖြူမြို့နယ် အထူးစီးပွားရေးဇုန် စီမံကိန်းအတွက် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကို ကျောက်ဖြူ အထူးစီးပွားရေးဇုန် ကော်မတီမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျောက်ဖြူ အထူးစီးပွားရေးဇုန်မှာလိုအပ်တဲ့ ရေကို ဒီဆည်ကနေ တစ်စိတ်တစ်ဒေသ ဖြည့်ဆည်းပေးနိုင်ရင် စီးပွားရေးလုပ်ငန်းတွေ လာရောက်လုပ်ကိုင်မယ်၊ ဒါဆို ဒေသမှာလည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ရလာမယ်၊ ဒေသမှာရှိတဲ့ ပြည်သူတွေ စီးပွားရေးဖွံ့ဖြိုးလာရင် ကျန်တဲ့ ကျန်းမာရေး၊ လူမှုရေးတွေပါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉)မှ ဦးစီးအရာရှိ ဦးမြင့်အေးက ပြောသည်။

ရခိုင်ပြည်နယ်တွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံကိန်းတွင် အသုံးပြုရန်အတွက် လိုအပ်သောရေကို ပေးဝေနိုင်ရန် ရေလှောင်တမံစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခု အကောင်အထည်ဖော်တည်ဆောက်ပြီးစီးသည့် သိုင်းချောင်းရေလှောင်တမံ စီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။ **မင်းသစ် (MNA)**

# ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ဝင်ရောက်လာသူများနှင့် လှေစီးဒုက္ခသည်များအား ပြန်လည်နေရာချထားရေးနှင့် အသက်မွေးဝမ်းကျောင်းထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

ပြည်တွင်းသတင်းမီဒီယာအဖွဲ့သည် ဇွန် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မောင်တောဒေသ၌ သတင်းရယူစဉ်အတွင်း ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိနေသည့် လှေစီးဒုက္ခသည်များနှင့် စပ်လျဉ်းပြီး စခန်းတွင်ရောက်ရှိနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ရေးသားတင်ပြလိုက်ပါသည်။

**မေး။ ။ လက်ခံရေးစခန်းမှာရောက်နေတဲ့ လှေစီးဒုက္ခသည်တွေကို ဘယ်လိုပြန်လည်နေရာချထားသွားမလဲ။ လှေစီးဒုက္ခသည်တွေထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတွေလည်း ပါနေတယ်ဆိုတော့ ဘယ်လိုဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ဇွန် ၁၁ ရက်ကနေစပြီး ဒီဘက်ကမ်းခြေကို ရောက်ရှိလာတဲ့ လှေစီးဒုက္ခသည် ၁၀၄ ဦးကို သက်ဆိုင်ရာ တာဝန်ရှိသူတွေက စိစစ်ဖို့ ငါးခူရလက်ခံရေးစခန်းကို ခေါ်ဆောင်လာတယ်။ ဒီမှာစောင့်ရှောက်ထားပြီး တာဝန်ရှိတဲ့ ဌာနဆိုင်ရာတွေက စစ်ဆေးမေးမြန်းမှုတွေလုပ်တယ်။ သူတို့ ဘယ်ကလာကြသလဲဆိုတာ မေးမြန်းတယ်။ မေးမြန်းတဲ့အခါကျတော့ ဟိုဘက်ကလာတယ်။ လာတဲ့အခါ သူတို့လှေပျက်လို့ ဒီဘက်ကမ်းရောက်လာတယ်။ အဲဒီထဲမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂ ဦးရယ်၊ ဘူးသီးတောင်၊ မောင်တောဒေသမှာ ယခင်တုန်းကနေခဲ့တဲ့ အစ္စလာမ်ဘာသာဝင် ၉၂ ဦးရယ် အားလုံး စုစုပေါင်း ၁၀၄ ဦး ရောက်ရှိလာတယ်။ ရောက်လာပြီး စိစစ်တဲ့အခါ ၁၂ ဦးက ဘင်္ဂလားဒေ့ရှ်နိုင်ငံသားလို့ပြောတယ်။ စစ်တွေမှာရှိတဲ့ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်ဆီ ကျွန်တော်တို့ဆီက လူဝင်မှုကြီးကြပ်ရေးညွှန်ကြားရေးမှူးနဲ့ ဖုန်းဆက်တယ်။ ဖုန်းဆက်ပြီး ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂ ဦးကို ဖုန်းနဲ့စကားပြောခိုင်းလိုက်တယ်။ စကားပြောတဲ့အခါကျတော့ လေယူလေသိမ်းကတော့ ဘင်္ဂလားဒေ့ရှ် လေယူလေသိမ်း၊ အသံသိပ်မသဲကွဲဘူး၊ စကားပြောရတာ အားမရဘူး၊ သေချာအောင် ၁၇ ရက်နဲ့ ၁၇ ရက်နောက်ပိုင်းကို လာပြီးအင်တာဗျူးမယ်လို့ ကောင်စစ်ဝန်က ပြောတယ်၊ သူတို့ဆီမှာလည်း ဘင်္ဂလားဒေ့ရှ် ID ကတ်တွေရှိတယ်ပြောတယ်၊ တွေ့ဆုံပြီးတာနဲ့ သူတို့နိုင်ငံသားဆိုရင် နှစ်နိုင်ငံလုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်မယ်။

၉၂ ဦးကိုလည်း စိစစ်နေပါတယ်။ သူတို့မှာက ရည်ရွယ်ချက် အမျိုးမျိုးရှိကြတယ်။ တချို့ကလည်း ဒီဘက်ကိုလာဖို့ လှေပေါ်တက်လာတယ်လို့လည်း ပြောတဲ့သူရှိတယ်။ တချို့ကလည်း မလေးရှားသွားမယ်ဆိုပြီးပြောတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၂ ဦးကတော့ မလေးရှားသွားအလုပ်လုပ်ဖို့လို့ ပြောတယ်။ လှေသမားတွေကို ကြိုတင်ငွေအနေနဲ့ ဘင်္ဂလားဒေ့ရှ်ငွေနှစ်သောင်းကို မလေးရောက်ရင်ပေးရမယ်ဆိုတာတွေ ပြောပြတယ်။ အားလုံးပေါင်း ဘင်္ဂလားဒေ့ရှ် ငွေနှစ်သိန်းလောက် အကုန်ခံပြီးသွားရတဲ့ သဘောရှိကြတယ်။ ရည်ရွယ်ချက် အမျိုးမျိုးနဲ့ သွားကြပေမယ့်လည်း တချို့က ဒီဘက်ကို ရောက်လာတဲ့အနေအထားမျိုးတွေ့ရတယ်။ ဘူးသီးတောင်၊ မောင်တောဘက်မှာ နေခဲ့တဲ့သူတွေ ကိုယ်တိုင်လည်း ဘင်္ဂလားဒေ့ရှ်ဘက်က ကယ်ဆယ်ရေးစခန်းတွေမှာ နေခဲ့တဲ့သူတွေဆိုတာ သိရတယ်။

UEHRD ရဲ့ပြည်ထောင်စုစီမံကိန်းအရ ဒီဘက်မှာနေခဲ့တဲ့ သူတွေအတွက် သူတို့ကို မေးတဲ့အခါကျတော့ သူတို့က ဒီမှာပဲ ပြန်နေချင်ပါတယ်ပြောတယ်။ ပြန်နေချင်ပါတယ်ပြောပေမယ့် သူတို့ရဲ့မိဘတွေ၊ ဆွေမျိုးတွေက ဟိုဘက်စခန်းတွေမှာ ကျန်ခဲ့တဲ့သူတွေလည်း ရှိနေတယ်။ ရှိနေတဲ့အတွက် နီးစပ်ရာဆွေမျိုးရွာတွေမှာ နေချင်ပါတယ်ဆိုတဲ့အတွက် အခု စာရင်းတွေ ပြုစုနေတယ်။ နှစ်နိုင်ငံသဘော တူညီချက်အရ လက်ခံမယ်ဆိုရင် ဒီကိုရောက်လာတဲ့သူတွေကို သူတို့သဘောဆန္ဒအလျောက် ဘယ်မှာနေချင်သလဲ စသည်ဖြင့်မေးတယ်။ သူတို့ကို နေရာချထားမယ့်နေရာမှာ အိမ်တွေတည်ဆောက်မယ်။ ဟိုဘက်စခန်းမှာရှိတဲ့ သူတို့မိဘဆွေမျိုးတွေကို ခေါ်ချင်တယ်ဆိုရင်လည်း ဟိုဘက်စခန်းမှာရှိတဲ့ စာရင်းတွေတောင်းမယ်။ တောင်းပြီး လုပ်ထုံးလုပ်နည်းအရ ဟိုဘက်ကို ဆက်သွယ်အကြောင်းကြားပြီးတော့မှ ဒီလူတွေကတော့ အဲဒီမှာရှိပါတယ် စသည်ဖြင့် ပြောမှာပါ။ အဲဒီလိုပြောပြလိုက်ရင် ပိုပြီးတော့မှ ပြန်လာချင်လို့ လှေပေါ်တက်လာတယ်ပြောတယ်။ တချို့က လည်း သူတို့ယောက်ျားတွေ ဟိုဘက်မှာရှိလို့ သွားတယ် ပြောတယ်။ ယောက်ျားလေးတွေကလည်း မလေးကို သွားမယ် ပြောတယ်။

ရာသီဥတုက အလွန်ဆိုးရွားနေတဲ့အတွက်၊ လှေပွဲစားတွေက လှေမကောင်းတော့တဲ့အတွက် ဒီဘက်ကမ်းကပ်ပြီးတော့ သေချာတဲ့သဘောမျိုး။ ၉၂ ဦးက မောင်တောဒေသမှာ နေတယ်ဆိုတာ သေချာတယ်။ ပိုပြီးသေချာအောင် ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကိုခေါ်ပြီး မေးနေတယ်။

**မေး။ ။ လှေစီးဒုက္ခသည်တွေနဲ့ တွေ့ဆုံမေးမြန်းရာမှာ ဘင်္ဂလားဒေ့ရှ်က ကယ်ဆယ်ရေးစခန်းမှာ သူတို့နေထိုင်စဉ်ကာလမှာ မြန်မာဘက်က ပြန်လည်လက်ခံဖို့ပေးပို့လိုက်တဲ့ ဖောင်ပုံစံတွေ သူတို့မရဘူးလို့ပြောတယ်။ လာပေးတာလည်းမရှိဘူးပြောတယ်။ ဒီပေါ်မှာ ဘယ်လိုစီစဉ်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးလည်း ဘင်္ဂလားဒေ့ရှ်ဘက်က ကယ်ဆယ်ရေးစခန်းတွေကိုသွားတယ်။ ခင်ဗျားတို့မေးသလို မေးတယ်။ မသိဘူး ပြောတယ်။ မသိဘူးပြောတဲ့အခါကျတော့ ပြည်ထောင်စုဝန်ကြီးက နားလည်အောင်ရှင်းပြတယ်။ နှစ်နိုင်ငံသဘောတူညီချက်ထဲမှာ ဒီအကြောင်းအရာတွေကို ထည့်လည်းရေးတယ်။ ပူးတွဲလည်းပေးလိုက်တယ်။ ဟိုဘက်ကမလုပ်တာပါ။ မလုပ်တဲ့အပိုင်းကိုလည်း ဒီဟာတွေလုပ်နိုင်ဖို့အတွက် သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာနကနေ ဒီဟာကို သံတမန်လမ်းကြောင်းက သွားရမှာ။ အကြောင်းကြားထားတယ်ဆိုတာကိုလည်း ဒီအတိုင်းဆက်လုပ်ပေးဖို့ ပြောထားတယ်။ ဒါကိုလည်း အခု ရောက်လာတဲ့လူတွေကို ပြောပြတယ်။ ဒီလိုဒီလို လက်ခံပေးတယ်။ နေစရာမရှိတဲ့သူတွေကို နေစရာဖန်တီးပေးမယ်။ အိမ်တွေပြန်ဆောက်တဲ့အခါမှာ ကိုယ့်အတွက်လည်း လုပ်အားခရမယ်။ ကိုယ်အိမ်လည်းပြီးသွားမယ်။ အဲဒီလိုပုံစံမျိုးနဲ့လုပ်နေတဲ့အစီစဉ်တွေရှိတယ်ဆိုတာ သူတို့ကိုပြောပြတယ်။

အသက်မွေးဝမ်းကျောင်းနဲ့ပတ်သက်ပြီး ဘာလုပ်ချင်တာလဲ။ ကိုယ်က ဘာကျွမ်းကျင်တာလဲဆိုတာလည်း မေးပြီးတော့မှ သူတို့နဲ့အပ်စပ်တဲ့ လုပ်ငန်းတွေဆိုရင် အသက်မွေးဝမ်းကျောင်း ပြန်ထူထောင်တဲ့ လုပ်ငန်းတွေကို ဆက်ပြီးလုပ်ပေးရမှာပါ။ ပြီးခဲ့တဲ့ အသုတ်ဆိုရင်လည်း သူတို့ဒေသ သူတို့ပြန်သွားကြပြီ။ လက်ခံရေးစခန်းရောက်တယ်။ လက်ခံရေးစခန်းကနေပြီးတော့မှ စိစစ်မှုတွေလုပ်တယ်။ စိစစ်မှုတွေလုပ်ပြီးတော့မှ လှုဖိုးခေါင်ကြားစခန်းသွားမယ်။ လှုဖိုးခေါင်ကနေ သူတို့အတွက် လိုအပ်တာတွေယူပြီးတာနဲ့ သူတို့ရဲ့ ဆွေမျိုး၊ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေကနေ လာခေါ်သွားမယ်။ ခေါ်သွားတဲ့အချိန်မှာ လိုအပ်တဲ့ ထောက်ပံ့ရေးပစ္စည်းတွေ ပေးလိုက်တယ်။

**မေး။ ။ မြို့တွေအတွက် နေစရာအဆောက်အအုံတွေ ဆောက်လုပ်ပေးထားတာ တွေ့ရပါတယ်။ အစ္စလာမ်ဘာသာဝင်တွေနဲ့ တွေ့တဲ့အခါမှာတော့ သူတို့အတွက် မီးလောင်သွားတဲ့နေရာတွေမှာ အဆောက်အအုံဆောက်လုပ်ပေးတာ မရှိဘူးလို့ပြောတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ ပန်းတောပြင်မှာ မီးလောင်သွားတဲ့အိမ် ၂၂ လုံးကိုတော့ မောင်တောနားမှာ ဆောက်ပေးထားတယ်။ ဆောက်ပြီးလို့အိမ်မှာ တက်တောင်နေကြပါပြီ။ နောက်တစ်ခုက ကြိမ်ချောင်းတောင်မှာ ဆောက်နေတယ်။ ဒါက အိမ်အလုံး ၆၀ ပါ။ ဆောက်နေတာကလည်း အိန္ဒိယနိုင်ငံနဲ့ ကျွန်တော်တို့နိုင်ငံ MoU ထိုးပြီးတော့မှ သူတို့ရဲ့ထောက်ပံ့မှုနဲ့ ဆောက်နေပါတယ်။ ဆောက်တာကလည်း အိန္ဒိယအစိုးရက ရွေးချယ်ထားတဲ့ ကုမ္ပဏီကပဲဆောက်တာပါ။ ကျန်တဲ့အပိုင်းတွေမှာတော့ ရောက်လာတယ်ဆိုရင် သူတို့ရွာတွေနဲ့အနီးဆုံးမှာ အိမ်တွေဆောက်ပေးမယ်။ အဲဒီလိုဆောက်ပေးနိုင်ဖို့ စီစဉ်နေတယ်။ ပြီးခဲ့တဲ့ အသုတ်တုန်းကလည်း အိမ်တွေဆောက်ဖို့ ပိုက်ဆံတွေထုတ်ပေးနေပြီ။ အိမ်ပြင်ဖို့လိုတဲ့သူက အိမ်ပြင်မယ်။ ပြီးရင် တက်နေကြမယ်။ အိမ်လုံးဝမရှိတဲ့သူတွေကတော့ သူတို့အိမ် သူတို့ဆောက်မယ်။ ဒါအတွက် လုပ်အားခလည်းရမယ်။ အိမ်လည်း ပြီးသွားပါမယ်။

**မေး။ ။ လက်ရှိအချိန်ထိ ဘင်္ဂလားဒေ့ရှ်ဘက်ကနေ တရားဝင်ရော၊ တရားမဝင်ရော ပြန်ဝင်လာတဲ့ လူဦးရေဘယ်လောက်ရှိပြီလဲဆိုတာ သိပါရစေ။**

ဖြေ ။ ။ ဟိုဘက်ကနေ တရားဝင်ပြန်ရောက်လာတဲ့သူ တစ်ယောက်မှ မရှိသေးပါဘူး။ မိမိဆန္ဒအလျောက် ပြန်ရောက်လာတဲ့သူ ငါးဦး မိသားစုတစ်ဖွဲ့ရှိတယ်။ ဟိုတစ်လောက ၆၂ ဦးတစ်ဖွဲ့ရှိတယ်။ အခုဒီမှာတော့ ၉၂ ဦးပါ။ ဒါတွေက တရားဝင်အနေနဲ့ နှစ်နိုင်ငံသဘောတူညီချက်နဲ့ လွှဲပြောင်းပေးတဲ့ဟာတော့မဟုတ်ဘူး။ သူတို့ဆန္ဒအလျောက် ရောက်လာတာဖြစ်ပါတယ်။

စုစည်းတင်ပြ-မင်းသစ်(MNA)၊ ဓာတ်ပုံ-နေလင်း



ဒုတိယဝန်ကြီး ဦးစိုးအောင် သတင်းမီဒီယာများ၏ သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ဖြေကြားနေစဉ်။



ငါးခူရပြန်လည်လက်ခံရေးစခန်း၌ ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်ဘက်မှ ပြန်လည်ဝင်ရောက်လာသူအချို့ကို တွေ့ရစဉ်။



ဘင်္ဂလားဒေ့ရှ်ဘက်မှ ဝင်ရောက်လာသည့် လှေစီးဒုက္ခသည်အချို့ကို ငါးခူရပြန်လည်လက်ခံရေးစခန်း၌ စောင့်ရှောက်ထားမှုကို တွေ့ရစဉ်။

## ကျောက်တော်မြို့နယ်၌ ကျောက်ဆစ်ရုပ်တုများ တွေ့ရှိ

**နေပြည်တော် ဇွန် ၁၇**

ကျောက်တော်မြို့နယ် အလယ်ကျွန်းကျေးရွာနေ ဦးအောင်သိန်းထွန်း(၄၁ နှစ်)သည် ဇွန် ၁၅ ရက် နံနက် ၉ နာရီခွဲက ရေမြောင်းအတွင်းမှ ကျောက်ဆစ်ရုပ်တုများတွေ့ရှိခဲ့ကြောင်း သိရသည်။ ဇွန် ၁၅ ရက် နံနက် ၉ နာရီခွဲက ဦးအောင်သိန်းထွန်းသည် မဲတောင်သာစည်ကျေးရွာသို့ ထော်လာဂျီဖြင့် သွားရောက်စဉ် မဲတောင်သာစည်ကျေးရွာအုပ်စု၌ ထော်လာဂျီပျက်သဖြင့် ရေဖြည့်ရန် ရေသွားခပ်ရာ ရေမြောင်းအတွင်းမှ အမြင့် ၂၇ လက်မ၊ အနံ ၆ လက်မခန့်ရှိ နတ်ရုပ်ပုံသဏ္ဍာန် ကျောက်ဆစ်ရုပ်တုတစ်ခု၊ အမြင့် ၁၈ လက်မ၊ အနံ ၆ လက်မခန့်ရှိ ခါးတစ်ပိုင်းပြတ်လျက် ကျောက်ဆစ် ရုပ်တုတစ်ခု၊ အင်္ဂလိပ်စာလုံး Z ပုံသဏ္ဍာန် အလျား ၂ ပေ၊ ဖြက် ၆ လက်မ၊ ထုထည် ၃ လက်မခန့်ရှိ စက်ဝိုင်းတစ်ခုပါ ကျောက်ပြားတစ်ချပ်တို့အား တွေ့ရှိသဖြင့် ကျေးရွာသားများက တူးဖော်ခဲ့ပြီး မဲတောင်ဘုရားဓမ္မာရုံ၌ ခေတ္တသိမ်းဆည်းထားကြောင်း သိရသည်။ **ကိုရဲ**

# “ပင်လယ်ကြီးက ဘာပြောလဲ”ရုပ်ရှင်ဇာတ်ကား ဇွန် ၂၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

ရန်ကုန် ဇွန် ၁၇

**ရာမည‌ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်သည့် “ပင်လယ်ကြီးက ဘာပြောလဲ”ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ဇွန် ၂၂ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**




ဒါရိုက်တာ အောင်သြဘာ




ထွန်းထွန်း




အိချောပို




သန္တာဗိုလ်

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ အောင်သြဘာက ရိုက်ကူးထားခြင်းဖြစ်ပြီး အပန်းဖြေကမ်းခြေ ဟိုတယ်ကြီးတစ်ခု အတွင်းလာရောက် တည်းခိုကြရာမှ အတူဆုံတွေ့ကြပြီး မထင်မှတ်ဘဲ ရင်ခုန်စရာ အချစ်ဇာတ်လမ်းလေးများ ဖြစ်ပေါ်ခဲ့ပုံနှင့် ဟိုတယ်အတွင်း အဖြစ်အပျက်များ၊ ပင်လယ်ကြီးနှင့် ကမ်းခြေမှ အလှအပများကို ခံစားနိုင်စေရန် အဓိက အခြေခံကာ ရယ်ရွှင်ဖွယ် ရိုက်ကူးထားခြင်း ဖြစ်သည်။

ယင်း ရုပ်ရှင်ဇာတ်ကားကို ခန့်စည်သူ၊ မင်းမော်ကွန်း၊ ထွန်းထွန်း၊ ဖြိုးငွေစိုး၊ စိုးမြတ်သူဇာ၊ အိချောပို၊ သန္တာဗိုလ်၊ ရတနာဗိုလ်တို့နှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပံ့ဖော်ထားပြီး တစ်မူထူးခြားစွာဖြင့် ရိုက်ကူးထားသော ဟာသရုပ်ရှင်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ အောင်သြဘာက “ကျွန်တော်တို့ ရာမညနဲ့ စကားပြောတဲ့ အခါမှာ ပင်လယ်ဟာသကားလေးတစ်ခုခု ရိုက်ချင်တယ်၊ ဟာသတစ်မျိုးတည်းလည်း မဟုတ်တဲ့ ဇာတ်ညွှန်းလေးရိုက်ချင်တယ်ဆိုလို့ ကျွန်တော်တို့ တိုင်ပင်ပြီး ရိုက်ဖြစ်ခဲ့တာပါ၊ ဒီဇာတ်ကားက ဟာသကားဆိုပေမယ့် တခြားပညာပေးလေးတွေလည်း ရှိပါတယ်၊ ဒါပေမယ့် တခြား ပညာပေးကတော့ အများကြီးမပါပါဘူး၊ အဓိကကတော့ လူတွေကို ပျော်ရွှင်စေချင်တယ်၊ ဒီကားလေးကြည့်ပြီးတော့ အမှတ်တရ အနေနဲ့ ပညာလေး နည်းနည်းပါးပါး ရစေချင်တဲ့သဘောလောက်ပါပဲ၊ ဒီကားလေး သွားရိုက်တဲ့ အချိန်တုန်းက နည်းနည်းလေး ဒုက္ခရောက်တယ်၊ ရိုက်တဲ့ရက်နဲ့ ရတဲ့လူတွေပုံစံနဲ့က နည်းနည်းလေး ကွာဟမှုရှိနေတဲ့အတွက်ကြောင့် ရက် နည်းနည်းလေး ကျပ်ကျပ်လေးရိုက်လိုက်ရတယ်၊ အဲဒီလိုဖြစ်တဲ့အတွက်ကြောင့် နေ့တွေ၊ ညတွေ ရိုက်ခဲ့ရတာကြောင့် အားလုံးပင်ပန်းကြတယ်၊ ကမ်းခြေမှာ အချို့ပြဿနာလေးတွေနဲ့လည်း ကြုံခဲ့ရတယ်၊ အဲဒါလေးတွေကို နည်းနည်းလေးရှင်းလင်းပြီး လုပ်ခဲ့ရတာကြောင့် နည်းနည်းလေး အချိန်ပေးခဲ့ရတယ်၊ ကိုယ်လိုချင်သလောက် သိပ်ပြီးတော့ မရခဲ့ပါဘူး၊ ပရိသတ်ရဲ့ အားပေးမှုကတော့ ပါဝင်ထားတဲ့သူတွေရဲ့ကြိုးစားထားမှုအပေါ် မူတည်ပြီးတော့ အားပေးကြမယ်လို့ မျှော်လင့်ပါတယ်၊ ဟာသမှာကတော့ ဘယ်ဇာတ်လမ်းမှာပဲဖြစ်ဖြစ် သူ့ရဲ့ အတိုင်းအတာတစ်ခုကို ကျော်လွန်သွားမယ်၊ လျော့နည်းနေမယ်၊ သူ့ရဲ့အတိုင်းအတာကို မရောက်ဘူးဆိုရင်တော့ ပရိသတ်က လက်မခံနိုင်ဘူးလို့တော့ ကျွန်တော်မြင်ပါတယ်၊ ဒီကားလေးကိုတော့ ကျွန်တော်တို့ အားလုံးကြိုးစားပြီး ပင်ပင်ပန်းပန်း ရိုက်ကူးထားပါတယ်၊ ပရိသတ်တွေကို ပျော်ရွှင်မှုဖြစ်ဖြစ် ၊ ရသတစ်ခုခုဖြစ်ဖြစ်ပေးနိုင်မယ်လို့ မျှော်လင့်တဲ့အတွက် ပရိသတ်တွေအနေနဲ့ လာရောက်ကြည့်ရှုစေချင်ပါတယ်၊ ဇွန် ၂၂ ရက်မှာ ရုံတင်မှာပါ”ဟု ပြောသည်။

သရုပ်ဆောင် ထွန်းထွန်းက “ဒီဇာတ်ကားလေးကတော့ အချစ်ဇာတ်လမ်းဆန်တဲ့ ဟာသကားလေးပါ၊ ဇာတ်လမ်းထဲမှာတော့ ကျွန်တော်က သီချင်းဆိုတဲ့ ချာတိတ်ပါ၊ MTV လာရိုက်ရင်းနဲ့ ကမ်းခြေကို ရောက်လာတာပေ့ါ၊ ချောင်းသာမှာ သွားပြီး ရိုက်ကူးထားတာပါ၊ ၂၀၁၅ ဒီဇင်ဘာလောက်က ရိုက်ခဲ့တာလို့ ထင်တယ်၊ မှတ်မှတ်ရရ အနေနဲ့ကတော့ ရိုက်နေရင်းနဲ့လည်း တော်တော်ပျော်ပါတယ်၊ ဖြိုးငွေစိုးဆိုရင် သူ့သားလေးလည်းပါတော့ သူ့သားလေးနဲ့လည်း ဆော့ကစားဖြစ်ပါတယ်၊ ပင်လယ်ဇာတ်လမ်းဖြစ်တဲ့အတွက် ဇာတ်လမ်းထဲမှာပါတဲ့ ဇာတ်ကောင်စရိုက်အတိုင်းပဲ ရိုက်ကူးခဲ့တာပါ၊ အထူးတော့ ပြောစရာ မရှိပါဘူး၊ ရိုက်ကူးတဲ့ အခါမှာတော့ ကျွန်တော့်ကြောင့်ပဲ တခြားသူတွေ အခက်အခဲရှိမှာကို စိတ်ပူခဲ့တာပါ၊ ကျွန်တော့်အတွက်ကတော့ ဝါရင့်သရုပ်ဆောင်တွေနဲ့ ရိုက်ကူးရတဲ့အတွက် ကျေနပ်ပါတယ်၊ ဒီဇာတ်ကားမှာ အဆိုတော်တစ်ယောက်အနေနဲ့ သရုပ်ဆောင်ခဲ့ရတယ်၊ ယေဘုယျအားဖြင့်တော့ အခက်အခဲမရှိခဲ့ပါဘူး၊ ကိုယ်နဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ အပေးအယူမျှဖို့အတွက်တော့ အများကြီးကြိုးစားခဲ့ရပါတယ်၊ ဒါရိုက်တာရဲ့ ညွှန်ကြားမှုအတိုင်း လုပ်ခဲ့တဲ့အတွက် ကျွန်တော်ကတော့ ကျေနပ်ပါတယ်၊ ဒီကားလေးက ဟာသကားဖြစ်တဲ့အတွက် ကြည့်ရှုအားပေးဖို့ ဖိတ်ခေါ်ပါတယ်၊ ဘဝအမောတွေ ပြေဖို့အတွက် ကျွန်တော်တို့ ကြိုးစားထားပါတယ်”ဟု ပြောသည်။

သရုပ်ဆောင် အိချောပိုက “ဒီဇာတ်ကားက ရိုက်ထားတာလည်း တော်တော်ကြာပါပြီ၊ ဒီကားလေးမှာ သရုပ်ဆောင်တွေလည်း အများကြီးပါတယ်၊ ကိုယ်ပါဝင်တဲ့အခန်းကဏ္ဍအတွက်ကတော့ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ထားပါတယ်၊ ဇာတ်ကားထဲမှာ ရွှေစင်ဆိုတဲ့ မော်ဒယ်မင်းသမီး ဇာတ်ကောင်တစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ခဲ့တာပါ၊ ကမ်းခြေမှာ သွားရိုက်ထားတဲ့ ဇာတ်ကားလေးဖြစ်လို့ ရိုက်တဲ့အချိန်တုန်းက တော်တော်ပျော်ပါတယ်၊ သရုပ်ဆောင်တွေ များတော့ ပိုပြီးပျော်ဖို့ကောင်းပါတယ်၊ အမှတ်တရဆိုရင်တော့ ကိုယ့်ကြောင့်မဟုတ်ပေမယ့် ဇာတ်ကားထဲမှာပါတဲ့ မမျိုးမျိုးခိုင်ဆိုရင် မြင်းကိုက်ခံရတယ် အဲဒီလို ဟာသလေးတွေ ဖြစ်ခဲ့တာတွေတော့ရှိပါတယ်”ဟု ပြောသည်။

သရုပ်ဆောင် သန္တာဗိုလ်က “ဒီဇာတ်ကားမှာတော့ ကိုခန့်ကို တစ်ဖက်သတ်ကြိုက်တဲ့ ဇာတ်ကောင်ပုံစံ သရုပ်ဆောင်ထားတာပါ၊ ဒီကားလေး ရိုက်ထားတာ သုံးနှစ်လောက်ရှိပြီဆိုတော့ ညီမရဲ့လိုအပ်ချက်တွေလည်း အများကြီး ရှိပါတယ်၊ သည်းခံပြီး ကြည့်ပေးပါလို့ ပြောချင်ပါတယ်၊ ဇာတ်ကားမှာ ပါဝင်တဲ့ သူတွေအားလုံးက ညီမကို သည်းခံပြီး ရိုက်ပေးကြပါတယ်၊ မကြီးစိုးနဲ့ ရန်ဖြစ်တဲ့ ဇာတ်ဝင် ခန်းမှာဆိုရင်လည်း ကိုယ့်ထက် ဝါရင့်တဲ့သူလည်းဖြစ်၊ ကိုယ့်ထက် အကြီးလည်း ဖြစ်တဲ့အတွက် အလွန်လည်း အားနာတယ်၊ ကြောက်စိတ်တွေ ဖြစ်နေခဲ့တာလည်း ရှိခဲ့တယ်၊ ဒါပေမယ့် မကြီးစိုးတို့က သည်းခံပြီးရိုက်ပေးခဲ့ပါတယ်၊ စိတ်ရှည်လက်ရှည်လည်း သင်ပေးကြပါတယ်၊ အရပ်ရှည်တဲ့အတွက် ရိုက်တဲ့အခါမှာတော့ အခက်အခဲ အနည်းငယ်ရှိတာကြောင့် အမြဲတမ်း ဖိနပ်အပါးလေးတွေပဲ စီးပါတယ်၊ ဝါရင့် သရုပ်ဆောင်တွေနဲ့ ရိုက်ရတဲ့အတွက် အတွေ့အကြုံတွေလည်း အများကြီးရပါတယ်၊ ဒီဇာတ်ကားထဲမှာ အမှတ်တရ အနေနဲ့ကတော့ ဂေါက်သီးမှန်သွားတာ ရှိမယ်၊ ပြီးတော့ မကြီးစိုးနဲ့ ရန်ဖြစ်တာ လေးတွေက အမှတ်တရရှိခဲ့ပါတယ်၊ ပါဝင်သရုပ်ဆောင်ထားတဲ့ သူတွေ အားလုံးက ဇာတ်ကောင်စရိုက်တစ်ခုစီ ရှိတဲ့အတွက်ကြောင့် အကုန်လုံးနီးပါး တစ်ယောက်ကို တစ်မျိုးစီ ရယ်ရပါတယ်၊ ဒါပေမယ့် ဒီကားကို ပြန်ကြည့်တဲ့အခါမှာ ညီမကိုယ်တိုင် အားမရသေးပါဘူး၊ လိုအပ်ချက်တွေ ရှိသေးတယ်ဆိုတာကို တွေ့ရပါတယ်၊ ပရိသတ်တွေအနေနဲ့လည်း အပန်းဖြေတဲ့ သဘောနဲ့ဖြစ်ဖြစ်၊ ဘဝ အမောတွေ ပြေစေဖို့ပဲဖြစ်ဖြစ် ဒီကား လေးကို လာရောက်ကြည့်ရှုပါ၊ ညီမရဲ့ လိုအပ်ချက်တွေရှိရင်လည်း သည်းခံပြီး တော့ ကြည့်ရှုပေးပါလို့ ပြောချင်ပါတယ်၊ နောက်ထပ်လည်း ရုပ်ရှင်ကားကြီး လေးကားရိုက်ထားတာရှိပါတယ်၊ အဲဒါ တွေကတော့ အခု ရုံမတင်သေးပါဘူး၊ ကျောက်သင်ပုန်းပေါ်က ကလေး လက်ရေးရယ်၊ အလှည့်ဆိုတဲ့ ကားရယ်၊ ရေမီးအစုံနဲ့ လေထီးခုန်ချသူများရယ်၊ အဝေးချစ်ဆိုတဲ့ ကားတွေဖြစ်ပါတယ်၊ အဲဒီ လေးကားမှာဆိုရင် ဟာသဘက် တော့ မဟုတ်တော့ပါဘူး၊ အချစ်ကား လေးတွေလည်း ပါပါတယ်” ဟု ပြောသည်။




ပင်လယ်ကြီးက ဘာပြောလဲ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ဇာတ်လမ်းအကျဉ်း အနေဖြင့် လူငယ်လုပ်ငန်းရှင် “ကေရာဇ်” သည် လုပ်ငန်းတိုးချဲ့သည့်အနေဖြင့် ကမ်းခြေ ဟိုတယ်တစ်လုံးကို ဝယ်ယူခဲ့သည်။ ပိုင်ရှင်အသစ် မည်သူမှန်းမသိစေဘဲ ဖုံးကွယ်ထားကာ ဧည့်သည်တစ်ယောက် အနေဖြင့် ဟိုတယ်သို့ သွားရောက်တည်းခိုနေခဲ့သည်။ တည်းခိုရင်းဖြင့် ဟိုတယ်ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အရည်အချင်း၊ ဧည့်သည်များ၏ လိုအပ်ချက်၊ ဖြည့်ဆည်းပေးရမည့် တာဝန်များကို လေ့လာစုံစမ်းနေခဲ့ရာ ဟိုတယ်မန်နေဂျာ “သွင်ဦး”နှင့် ဧည့်ဆောင်၊ စားသောက်ဆောင်တာဝန်ခံ “ပိုက်ထွေး” တို့မှာ လုပ်ငန်းကျွမ်းကျင်ပြီး အလုပ်အပေါ် စေတနာထား ကြိုးစားသည်ကို တွေ့ခဲ့ရသည်။

သို့သော် မမျှော်လင့်ဘဲ ပြဿနာတစ်ရပ် ပေါ်ပေါက်လာသည်။ ဟိုတယ် အတွင်း၌ ခေါင်းပြတ်သရဲတစ်ကောင် ပေါ်လာခြင်းဖြစ်ပြီး ဧည့်သည်များကို ခြောက်လှန့်ရုံမက စားသောက်ဖွယ်ရာများနှင့် ပစ္စည်းအချို့တို့ ပျောက်ဆုံးသွားခြင်းများ ဖြစ်ပေါ်ခြင်း၊ စိတ်ရောဂါဝေဒနာရှင် ကျောက်သူဌေးလေး “နွေကင်း”၊ ဟိုတယ်တစ်လုံးဖွင့်နိုင်ရန် လာရောက်တည်းခိုလေ့လာနေသူ “ယမထာ”၊ MTV ရိုက်ကူးရန် ရောက်ရှိလာသည့် ရက်ပါအဆိုတော် “အောင်ဘီ (အောင်B)” နှင့် မော်ဒယ် “ရွှေစင်”၊ ရွှေစင်နှင့်အတူပါရှိလာသည့် ညီအစ်မဝမ်းကွဲတော်စပ်သူ “သီသီ”နှင့် မိတ်ကပ် “မာမီလျံ”၊ နိုင်ငံခြားတွင် ပိုက်ဆံရှာပြီး လာရောက်အပန်းဖြေနေသူ “ဝေလင်းနှင့် သိန်းသန်း”၊ ဟိုတယ်လုံခြုံရေး “ကိုတောက်”၊ ဟိုတယ်လုံခြုံရေးကို ပေါင်းကာ ဟိုတယ်အတွင်း အကင်ဝင်ရောင်းလေ့ရှိသည့် “စပ်စုစိန်” တို့၏ ဟိုတယ်အတွင်း အဖြစ်အပျက်များ၊ ခေါင်းပြတ်သရဲခြောက်ခံရသည့် အဖြစ်အပျက်များ၊ တန်ဖိုးကြီးကျောက်တစ်လုံး အလိမ်ခံရသည့် ကိစ္စနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်မှုများနှင့် မိမိချစ်နေသည့်သူထံမှ အချစ်ကိုရရှိရန် ကြိုးစားကြရာမှ ဖူးစာရှင်များနှင့် တွေ့ရှိကြပုံများကို အခြေခံကာ ပျော်ရွှင်ဖွယ်ဖြစ်အောင် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကား ဖြစ်သည်။

**သတင်း-ဇော်ကြီး**

**ဓာတ်ပုံ-ဇော်မင်းလတ်**



## ပိုင်ကျုံမြို့ရှိ လေဘေးသင့် အိမ်ထောင်စုများအား ပြည်နယ်အစိုးရအဖွဲ့က ကူညီထောက်ပံ့

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ပိုင်ကျုံမြို့ ဒေါလန်းကျေးရွာအုပ်စုရှိ ထန်းကျွန်းကျေးရွာ၊ ရွာကြီးကျေးရွာနှင့် ကော့မရိုင်းကျေးရွာအုပ်စုရှိ ကျိုက်ပေါင်ကျေးရွာတို့တွင် ဇွန် ၁၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ထန်းကျွန်းကျေးရွာတွင် လူနေအိမ် ၁၈ လုံး၊ ရွာကြီးကျေးရွာတွင် လူနေအိမ်အလုံး ၃၀ နှင့် ကျိုက်ပေါင်ကျေးရွာတွင် လူနေအိမ် တစ်လုံး စုစုပေါင်း လူနေအိမ် ၄၉ လုံး ပျက်စီးဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ၄၉ စု လူဦးရေ ၂၃၀ ဘေးသင့်ခံစားခဲ့ရကြောင်း သိရသည်။

ထိုသို့ ဘေးဒုက္ခခံစားခဲ့ရသူများအား ကရင်ပြည်နယ် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွင်လှိုင်ထွေးနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွင်နှင့် တာဝန်ရှိသူများသည် ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက ဒေါလန်းကျေးရွာဘုန်းကြီးကျောင်း၌ ဘေးဒုက္ခခံစားခဲ့ရသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားများပြောကြားကာ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။ (ဓါတ်ပုံ)

လေဘေးသင့်၍ ပျက်စီးနေအိမ် ၄၉ လုံးအိမ်ထောင်စု ၄၉ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးနှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၃၂၇၀၀၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ဘားအံ)**

## အသင်းလိုက် ကစားပုံပိုကောင်းတဲ့ ဆွီဒင်ပဲ အနိုင်ရမယ်

**ဝင်းမြတ်**

**၁၈ ဇွန်လ ၂၀၁၈ ည ၆း၃၀ (Stadion Nizhny Novgorod )**



ဇွန် ၁၈ ရက် (ယနေ့ည) မှာတော့ ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(စ) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဆွီဒင်နဲ့ တောင်ကိုရီးယားတို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။



### ဆွီဒင်ရဲ့ အခြေအနေ

ဆွီဒင်ဟာ တစ်ဦးချင်းစွမ်းဆောင်ရည်အရ သာမန်သာရှိတဲ့ အသင်းဖြစ်ပေမယ့်လည်း အသင်းလိုက် စွမ်းဆောင်ရည်ကတော့ ကောင်းမွန်မှုရှိပါတယ်။ ဆွီဒင်ဟာ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာ သုံးပွဲဆက်တိုက် အနိုင်ပျောက်ဆုံးခဲ့ပြီး ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့ပါဘူး။

### တောင်ကိုရီးယားရဲ့ အခြေအနေ

တောင်ကိုရီးယားကလည်း ခြေစွမ်းပိုင်း သာမန်သာရှိပါတယ်။ ဆွန်ဟောင်မင်လို တိုက်စစ်ကစားသမားကောင်းရှိနေပေမယ့် ခြေစွမ်းထက်မြက်တဲ့ ဇဟိုတိုက်စစ်မှူးတော့မရှိဘူး။ ဂိုးရရှိရေး ရုန်းကန်နေရပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာဆိုရင် တောင်ကိုရီးယားအနေနဲ့ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် တောင်ကိုရီးယားရဲ့ အသင်းလိုက် စွမ်းဆောင်ရည်ကလည်း မာကျောမှု အားနည်းပါတယ်။

### သုံးသပ်ချက်

အဖွင့်ပွဲစဉ်ဖြစ်တာကြောင့် နှစ်သင်းစလုံး နိုင်ပွဲရရှိဖို့ အားစိုက်ကစားလာကြမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ တိုက်စစ်ပိုင်း အားနည်းချက်ချင်း တူနေပေမယ့် အသင်းလိုက် စွမ်းဆောင်ရည် ပိုကောင်းတဲ့ ဆွီဒင်ပဲအနိုင်ရမယ်။

## အဖွင့်ပွဲစဉ်မှာ ဂိုးပြတ်နိုင်ပွဲရယူမယ့် ဘယ်လ်ဂျီယံ

**၁၈ ဇွန်လ ၂၀၁၈ ည ၉း၃၀ (Olimpiyskiy Stadion Fisht )**



ဇွန် ၁၈ ရက်(ယနေ့ည) မှာတော့ ၂၀၁၈ ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု (ဆ) ပွဲစဉ်တစ်ပွဲဖြစ်တဲ့ ဘယ်လ်ဂျီယံနဲ့ ပနားမားတို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။



### ဘယ်လ်ဂျီယံရဲ့ အခြေအနေ

ဘယ်လ်ဂျီယံမှာ ဟာဇက်၊ လူကာကူ၊ ဒီဘရူနီတို့လို တိုက်စစ်နဲ့ ကွင်းလယ် ကစားသမားကောင်းတွေ ရှိနေတာကြောင့် ခြေစမ်းပွဲတွေမှာ ဂိုးပြတ်နိုင်ပွဲတွေ ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် ခံစစ်ကစားပုံ ကျစ်လျစ်မှုရှိပြီး နောက်ဆုံး ကစားခဲ့တဲ့ ခြေစမ်းပွဲ ငါးပွဲမှာ စုစုပေါင်း တစ်ဂိုးသာ ပေးခဲ့ရတယ်။ အထူးသဖြင့် ဘယ်လ်ဂျီယံဟာ အင်္ဂလန်လိုအသင်းမျိုးနဲ့ အုပ်စုပထမနေရာကို လုယူရမယ့် အခြေအနေဖြစ်နေတာကြောင့် ဒီအဖွင့်ပွဲစဉ်မှာကတည်းက ဂိုးပြတ်နိုင်ပွဲရယူနိုင်ဖို့ တိုက်စစ်ကိုသာ အားပြုကစားလာမှာ ဖြစ်တယ်။

### ပနားမားရဲ့ အခြေအနေ

ပနားမားကတော့ ကစားသမား အင်အားပိုင်းအရ အားနည်းမှုတွေ များလွန်းပါတယ်။ ဒါ့အပြင် ပနားမားရဲ့ အသင်းလိုက် စွမ်းဆောင်ရည်ကလည်း သာမန်သာရှိပြီး ခြေစမ်းပွဲတွေမှာလည်း ရလဒ်ပိုင်း ကောင်းမွန်ခြင်း မရှိခဲ့ပါဘူး။ အထူးသဖြင့် ပနားမားရဲ့တိုက်စစ်ပိုင်းက ခြေစမ်းပွဲတွေမှာ ဂိုးရရှိရေး ရုန်းကန်ခဲ့ရတာကို တွေ့ရပါတယ်။

### သုံးသပ်ချက်

အဖွင့်ပွဲဖြစ်တာကြောင့် ပနားမားတို့အမှတ်ရယူနိုင်အောင် ခံစစ်အားပြုကစားလာမှာဖြစ်ပေမယ့် ဘယ်လ်ဂျီယံရဲ့ တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ ဒါ့အပြင် အားနည်းမှုတွေ ရှိနေတဲ့ပနားမားရဲ့တိုက်စစ်ပိုင်းကလည်း ကျစ်လျစ်တဲ့ ဘယ်လ်ဂျီယံခံစစ်ကို ကျော်ဖြတ်နိုင်ဖို့ခက်ပါတယ်။ ဘယ်လ်ဂျီယံပဲ ဂိုးပြတ်အနိုင်ရမယ်။

## တူနီးရှားကို ဂိုးပြတ်အနိုင်ရဖို့ ခက်တဲ့ အင်္ဂလန်

**၁၉ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Volgograd Arena )**





ဇွန် ၁၉ ရက်မှာတော့ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အုပ်စု(ဆ)ပွဲစဉ်တစ်ပွဲဖြစ်တဲ့ တူနီးရှားနဲ့ အင်္ဂလန်တို့ရဲ့ပွဲကို ကျင်းပသွားမှာ ဖြစ်ပါတယ်။

### တူနီးရှားရဲ့ အခြေအနေ

တူနီးရှားဟာ အာဖရိကအသင်း တစ်သင်းဖြစ်သလို အသင်းလိုက်ခြေစွမ်းပိုင်း မာကျောတဲ့ အသင်းဖြစ်တယ်။ တစ်ဦးချင်း ခြေစွမ်းထက်မြက်တဲ့ ကစားသမားတွေ နည်းပါးပေမယ့် အသင်းကစားပုံ ဟန်ချက်ညီပြီး ခြေစမ်းပွဲတွေမှာ စပိန်ကိုတောင် အကောင်းဆုံး ခံကစားနိုင်ခဲ့တယ်။ တူနီးရှားရဲ့အသင်းလိုက်စွမ်းဆောင်ရည်က လျှော့တွက်ဖို့ ခက်ပါတယ်။

### အင်္ဂလန်ရဲ့ အခြေအနေ

အင်္ဂလန်ကတော့ ဟယ်ရီကိန်း၊ အလီ၊ အီရစ်ဒိုင်ယာ၊ စတာလင်း၊ ဟန်ဒါဆန်၊ ဂျွန်စတုန်းတို့လို ကစားသမားတွေကို အများအပြား ပိုင်ဆိုင်ထားတဲ့ အသင်း ဖြစ်ပါတယ်။ ခြေစစ်ပွဲတစ်လျှောက်မှာလည်း ရှုံးပွဲမရှိခဲ့တဲ့အထိ ခြေစွမ်းထက်မြက်ခဲ့တယ်။ ဒါ့အပြင် အင်္ဂလန်အနေနဲ့ ဒီအုပ်စုအတွင်းမှာ ဘယ်လ်ဂျီယံလိုအသင်းနဲ့ အုပ်စုပထမနေရာကို လုယူရမယ့် အခြေအနေဖြစ်နေတာကြောင့် ဒီအဖွင့်ပွဲစဉ်မှာကတည်းက အားစိုက်ကစားလာမှာ ဖြစ်ပါတယ်။

### သုံးသပ်ချက်

အင်္ဂလန်က အုပ်စုပထမနေရာကို ရယူနိုင်ဖို့ အားစိုက်လာမှာ ဖြစ်သလို ခြေစွမ်းပိုင်းလည်း ကောင်းမွန်နိုင်ပေမယ့် တူနီးရှားကလည်း အသင်းလိုက် ခြေစွမ်းပိုင်းကောင်းမွန်ကာ တန်ပြန်တိုက်စစ်ကစားပုံလည်း ကောင်းမွန်တဲ့အတွက် အင်္ဂလန်တို့ ခက်ခဲနိုင်ပါတယ်။ အင်္ဂလန် ဂိုးပြတ်နိုင်ဖို့ ခက်ပါတယ်။

## ကမ္ဘာ့ ဖလားဘောလုံးပွဲအုပ်စု(င)မှ ဆားဘီးယားအနိုင်ရ လက်ရှိချန်ပီယံ ဂျာမနီ မက္ကဆီကိုအား ရှုံးနိမ့်

၂၀၁၈ ကမ္ဘာ့ဖလားပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၁၇ ရက် ညနေပိုင်းတွင် အုပ်စု (င) မှ ကော်စတာရီကာနှင့် ဆားဘီးယားတို့ပွဲတွင် ဆားဘီးယားအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး တိုက်စစ်ပိုင်းတွင် အထောင်ထားကစားခဲ့ပြီး ပထမပိုင်းပြီးချိန်ထိ ဂိုးမရခဲ့ပေ။ ဒုတိယပိုင်း ၅၆ မိနစ်တွင် ဆားဘီးယား နောက်တန်းကစားသမား ကိုလာရော့ဗ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းကာ တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူခဲ့သည်။ ယင်းပွဲတွင် နှစ်သင်းစလုံး ဘောလုံးပိုင်ဆိုင်မှု အသာစီးမရရှိခဲ့ဘဲ ကော်စတာရီကာသည် ဂိုးကန်သွင်းခွင့် ခုနစ်ကြိမ်အနက် သုံးကြိမ် ဂိုးပေါက်တည့်ခဲ့ပြီး ဆားဘီးယားအသင်းသည် ဂိုးကန်သွင်းခွင့် ၁၀ ကြိမ်ရရှိခဲ့ပြီး လေးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။



ဇွန် ၁၇ ရက် ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ခဲ့သည့် အုပ်စု (စ)မှ ဂျာမနီနှင့် မက္ကဆီကိုပွဲတွင် မက္ကဆီကိုအသင်းတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မက္ကဆီကိုအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၃၅ မိနစ်တွင် လိုဇာနာက သွင်းယူခဲ့သည်။**(အပေါ်ပုံ)** လက်ရှိချန်ပီယံ ဂျာမနီတို့ ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့သော်လည်း ပွဲဦးထွက် ရှုံးနိမ့်ခဲ့ရသည်။

### ခရိုအေးရှားနှင့် နိုင်ဂျီးရီးယား

ဇွန် ၁၇ ရက် နံနက်ပိုင်းက ကစားခဲ့သည့် အုပ်စု (ဃ)ပွဲစဉ်အဖြစ် ခရိုအေးရှားနှင့် နိုင်ဂျီးရီးယားပွဲတွင် ခရိုအေးရှားအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ခရိုအေးရှားအတွက် အနိုင်ဂိုးများကို ပွဲချိန် ၃၂ မိနစ်တွင် နိုင်ဂျီးရီးယားကစားသမား အီတိုဘိုက ကိုယ့်ဂိုးကိုယ် သွင်းယူသလိုဖြစ်ခဲ့သဖြင့် ခရိုအေးရှားတို့ အဖွင့်ဂိုးရရှိခဲ့ပြီး ၇၁ မိနစ်တွင် ခရိုအေးရှားတို့ ပယ်နယ်တီကန်ခွင့်ရကာ မိုဒရစ်က သွင်းယူခဲ့သောကြောင့် ခရိုအေးရှားအသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**

## အားကစားအဖွဲ့ချုပ်များ စနစ်တကျပြန်လည်ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်နှင့် မြင်းစီးအားကစားအဖွဲ့ချုပ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အဖွဲ့ချုပ် စနစ်တကျပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်က ရွေးချယ်တင်မြှောက်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်အဖွဲ့ချုပ် ၄၇ ဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းခဲ့ပြီးဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အလုပ်အမှုဆောင်ကိုယ်စားလှယ်များ၊ ယာယီအဖွဲ့ချုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ယာယီအလုပ်အမှုဆောင်များမှ တာဝန်ရှိသူများက အလုပ်အမှုဆောင်ရွေးချယ်ရက် သတ်မှတ်နိုင်ရေးတို့ကို အသေးစိတ်ရှင်းလင်းတင်ပြပြီး အားကစားနှင့်ကာယပညာဦးစီးဌာန



ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က လိုအပ်ချက်များနှင့် အဖွဲ့ချုပ်များ ပြန်လည်ရွေးချယ်ရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာမှုရှိနိုင်ရေးနှင့် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြောကြားသည်။ **တင်စိုး(မြန်မာ့အလင်း)**

◆ *ကျောဖုံးမှ*

အတွက် ပြင်ဆင်နေခြင်းဖြစ်ပြီး VUC အသင်းမှာလည်း ၂၀၁၈ အာရှဖူဆယ်ကလပ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်သည်။

ယခုပြိုင်ပွဲယှဉ်ပြိုင်မည့် အသင်းများမှာ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသည့် ပရော်ဖက်ရှင်နယ် ဖူဆယ်ကလပ်အသင်းများဖြစ်ပြီး နောက်ဆုံးကျင်းပသည့် 2018 MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် MIC အသင်းက VUC အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

**သတင်း-ရဲရင့်ရှိန်၊ ဓာတ်ပုံ-စိုးညွန့်**



**2018 MFF Open Cup ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် MIC အသင်းနှင့် VUC အသင်း ယှဉ်ပြိုင်နေစဉ်။**

## တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၁၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မျိုးဆက်သစ် စားပွဲတင်တင်းနစ်အားကစားသမားများ ပေါ်ထွက်လာစေရန်အတွက် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက်က ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ၌ အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပွဲစဉ်များအဖြစ် ဆက်လက်ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ဝေဝေအောင်(မန္တလေးတိုင်းဒေသကြီး)မှ ပထမ၊ နန်းဆက်ဝါ (ရန်ကုန်တိုင်းဒေသကြီး)မှ ဒုတိယ၊ အိမ့်မြတ်ချယ်(ရန်ကုန်တိုင်းဒေသကြီး)နှင့် ကြိုင်ကြိုင်သင်း (မန္တလေးတိုင်းဒေသကြီး)တို့က ပူးတွဲတတိယဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်၍ ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပွဲစဉ်များနှင့် အုပ်စုပွဲစဉ်များကို ယှဉ်ပြိုင်ကစားပြီး ဝဏ္ဏသိဒ္ဓိအားကစားရုံ (C) ရုံတွင် ဇွန် ၁၉ရက်ထိ နေ့စဉ်နံနက် ၉နာရီမှစတင်၍ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **မြန်မာ့အလင်း**

● *ကျောဖုံးမှ*

အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင် (သစ္စာအားမာန်)၊ **အလယ်တန်း-**ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊ သန္တာမိုး (သစ္စာအားမာန်)၊ နုနု၊ ခင်မာလာထွန်း၊ သင်းသင်းယု (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး (ဇွဲကပင်)၊ **ရှေ့တန်း-**နီလာဝင်း၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ ရီရီဦး (အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် ဝင်းသီရိထွန်း (မြဝတီ)တို့ ပါဝင်နေသည်။ **ညီမြတ်သော်တာ**

# ပဒါန်းကျေးရွာ၌ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများနှင့် ပေါက်ကွဲစေတတ်သော ဒီတိုနီတာ ၉၀၀ သိမ်းဆည်းရမိ

**ငဖဲ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းကျေးရွာ အမှတ် ၂ ရပ်ကွက်ရှိ တရုတ်လေး(ခ)လီကွမ်ယု၏ နေအိမ်ဘေး ဂိုဒေါင်အတွင်းမှ တောရိုင်းတိရစ္ဆာန်များ၏ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ဒီတိုနေတာများကို ဇွန် ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်က ဖမ်းဆီးရမိကြောင်း ငဖဲမြို့မရဲစခန်းမှ သိရသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် မွန်းတည့် ၁၂ နာရီခန့်က တရုတ်လေး(ခ)လီကွမ်ယု၏ နေအိမ်ဘေး ဂိုဒေါင်အတွင်းမှ တစ်ခုလျှင် သုံးပိဿာခန့်ရှိ သမင်ချို သုံးခု၊ လေးပိဿာခန့်ရှိ အရေခွံခွာပြီး သင်းခွေချပ်အစို လေးကောင်၊ သင်းခွေချပ် အကြေးခွံအစို နှစ်ပိဿာခန့်၊ တစ်ခုလျှင် လေးလက်မပတ်လည်ခန့်ရှိ ဝက်ဝံအရေခွံအပိုင်းလေးခု၊ ဝက်ဝံအရေခွံနှင့် အသားတွဲလျက် အစိုတစ်ပိဿာခန့်၊ ၅၀ ကျပ်သားခန့်ရှိ ဝက်ဝံဦးခေါင်းအစို တစ်ခု၊ ၅၀ ကျပ်သားရှိ ဆင်နှာမောင်းသား အစိုတစ်ခု၊ ဆင်အရေခွံအတုံးသေး လေးတုံး၊ ဝက်ဝံအဆီ တစ်ပိဿာခန့် ထည့်ထားသည့် ဘူး တစ်ဘူးနှင့် ဖြူဆူးများ၊ တစ်အိတ်လျှင် ၅၀ ကီလိုဂရမ်ပါ အမိုနီယံနိုက်ထရိတ် သုံးအိတ်၊ တစ်စည်းလျှင် ဖျူစ်နှင့်ကပ်တွဲလျက် ဒီတိုနီတာ ၅၀ ခုပါ ၁၈ စည်း အရေအတွက် ၉၀၀ ခုတို့ကို ရဲတပ်ဖွဲ့က သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရားမဝင်ပစ္စည်းများဖြင့် ဖမ်းဆီးရမိသည့် တရုတ်လေး(ခ)လီကွမ်ယုအား ငဖဲမြို့မရဲစခန်း၌ အမှုဖွင့် စစ်ဆေးဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**ဧယျာတု(မကွေး)**



# ချမ်းမြသာစည်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၇**

ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် မနော်ဟရီလမ်းနှင့် ၄၉ လမ်းထောင့်၌ ဇွန် ၁၅ ရက်က စောထူး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးကို လည်းကောင်း၊ ကွင်းဆက်အရ ပြည်ကြီးတံခွန်မြို့နယ် စံပြလမ်းထောင့်၌ တင်မောင်ဝင်း(ခ)ယူစွတ်အား ဆိုင်ကယ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၅ ပြား၊ ငွေကျပ် ၇၂၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ဇွန် ၁၆ ရက်က ပြည်ကြီးတံခွန်မြို့နယ် (က)ရပ်ကွက် သာယာဝတီမင်းကြီးလမ်းနှင့် ၇၃ လမ်းထောင့်၌ ကောင်းမြတ်စံ(ခ) ဖက်တီး(ခ)လင်းလင်းအား ဆိုင်ကယ် တစ်စီးနှင့်အတူ တွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

အလားတူ ဇွန် ၁၆ ရက် မွန်းလွဲ ၃ နာရီက မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် မန့်ဟောင်းကျေးရွာ အဝင်လမ်းတွင် ဟန်မော် မောင်းနှင်ပြီး ရှမ်းလဒွဲ လိုက်ပါလာသည့် ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူ ၁၂ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ တို့ကို လည်းကောင်း၊ ကွင်းဆက်အရ နမ့်ခမ်းမြို့နယ် ကောင်းကတ်ကျေးရွာ အုပ်စု မုံရွဲကျေးရွာနေ လောချက်၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ကိုးခွက် (ဘိန်းဖြူ အလေးချိန် ၁၀၈ ဂရမ်)၊ စိတ်ကြွရူးသွပ် ဆေးပြား ၂၈၀၀ နှင့် ငွေကျပ် လေးသိန်းတို့ကို လည်းကောင်း၊ အလားတူ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာအုပ်စု ဝမ်ပဲ့န်ကျေးရွာ-ဝမ်ပေါက်ကျေးရွာ သွားလမ်းတွင် ကျော်လု မောင်းနှင်လာသည့် ဆိုင်ကယ် ရောက်ရှိလာ၍ရှာဖွေရာ ၎င်း၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၃ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# နမ့်စန်မြို့၌ တရားမဝင် အရက်နှင့် ဘီယာများ ဖမ်းဆီးရမိ

**နမ့်စန် ဇွန် ၁၇**

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် ဇွန် ၁၆ ရက် နံနက် ၃ နာရီခန့်က နမ့်စန်-မိုးနဲ မြို့ဝင်၊ ထွက် စစ်ဆေးရေးဂိတ်၌ ၁၂ ဘီးယာဉ်ဖြင့် တရားမဝင် တင်ဆောင်လာသော ကာလတန်ဖိုး ငွေကျပ် ၁၂၇၈၆၆၀၀၀ ရှိသော နိုင်ငံခြားအရက်များ၊ ထိုင်းနိုင်ငံထုတ် ဘီယာနှင့် ဝိုင်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နမ့်စန်မြို့မရဲတပ်ဖွဲ့စခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးနဲမြို့မှ နမ့်စန်မြို့သို့ ရွှေညောင်မြို့နေ ယာဉ်မောင်း သန်းထိုက် မောင်းနှင်ပြီး မြတ်မင်းသူနှင့် တင်ဆန်းဦးတို့ လိုက်ပါလာသော နစ်ဆန်း ၁၂ ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေခဲ့ရာ တရားမဝင် နိုင်ငံခြားအရက် BLACK LABEL တစ်လီတာဝင်ပုလင်း ၁၂ ပုလင်းပါ ဗာ ၁၃၀၊ ၀.၇၅လီတာဝင်ပုလင်း ၁၂ ပုလင်းပါ ဗာ ၅၀၊ ၀ ဒသမ ၃၇၅ လီတာဝင် ပုလင်း ၂၄ ပုလင်းပါ ၂၄ ဗာ၊ ၀ ဒသမ ၂ လီတာဝင် ပုလင်း ၂၄ ပုလင်းပါ ၂၈ ဗာ၊ JOHNNIE WALKER AGED 18 YEAR တစ်လီတာပုလင်း ခြောက်ပုလင်းပါ ဗာ ၃၀၊ ထိုင်းနိုင်ငံထုတ် SPY ဝိုင်အရက် ၂၄ ပုလင်းပါ ၄၁၁ ဗာ၊ ထိုင်းနိုင်ငံထုတ် DIABLO BEER ၂၄ ဘူးပါ ၁၃၄၄ ဗာ တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင် အရက်၊ ဘီယာနှင့် ဝိုင်များ တင်ဆောင်လာသူ သန်းထိုက်၊ မြတ်မင်းသူ ၊တင်ဆန်းဦးနှင့် ပစ္စည်းပိုင်ရှင် လင်းခေးမြို့နယ် နားကုန်းကျေးရွာနေ မနန်းခမ်းအောင်တို့လေးဦးအား နမ့်စန်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား

၁၈ -၆- ၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၈း၃၅ | - | "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၆၃) |
| ၈း၅၀ | - | "မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ" |
| ၉း၂၅ | - | "၂၀၁၈ ခုနှစ် ကြယ်ပွင့်လေးများ" |
| ၉း၄၅ | - | ရတနာအလား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ "Petra" (Jordan) |
| ၁၀း၃၀ | - | စိုက်ပျိုးရေးရာအဖြေရှာ "ပြင်ဦးလွင်ထူးဖောင်ဒေးရှင်းလိမ္မော်စိုက်ခင်း" |
| ၁၁း၃၀ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၂း၄၅ | - | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ယက်" (အပိုင်း-၃) |
| ၁၅း၀၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း- ၄၂) |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၂၅ | - | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -စတုတ္ထနှစ် (ဥပဒေပညာ အထူးပြု) (ဥပဒေပညာ) |
| ၁၈း၃၅ | - | ဥပဒေရေးရာအဖြာဖြာ "အမေနှင့်အမေ" |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ"(အပိုင်း-၁၇) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း |
| ၂၀း၃၅ | - | ရာဇဝင်ထဲကသမိုင်း အနုပညာ"ဆယ်ပွင့်ပန်း" (ပန်းထိမ်လုပ်ငန်း) |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ " မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၂၄) |
| | - | မြန်မာဗီဒီယိုဇာတ်လမ်း "ဘာဘီအရုပ်ကလေး" |
| ၁၂း၀၀ | - | "၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (Tunisia Vs England) |

# ဦးကိုနီလုပ်ကြံခံရမှုနှင့် ပတ်သက်၍ ရာဇဝတ်ပြင်ဆင်မှု ဇွန် ၁၈ ရက် အမိန့်ချမှတ်မည်

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီး တရားလွှတ်တော် ရုံးခန်းအမှတ် ၇ ၌ ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် တိုင်းတရားသူကြီးရှေ့၌ ရာဇဝတ်ပြင်ဆင်မှုအား အမိန့်ချမှတ်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါအမှုမှ ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂/၃၄/၁၂၀(ခ)အရ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်များအက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရ စွဲဆိုထားမှုအား တင်ပို့ထားသော တရားလိုပြသက်သေ ၈၀ ကို မြောက်ပိုင်းခရိုင် အထူးတရားရုံးက စစ်ဆေးပြီးနောက် သေနတ်သမား ကြည်လင်း(ခ)ဖိုးထူးကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂(၁)(ခ)/၃၄ နှင့် ပုဒ်မ ၃၀၂(၂)အရ လည်းကောင်း၊ အမှုနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုးတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ လည်းကောင်း၊ အချုပ်လွတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းကို ရာဇသတ်ကြီး ပုဒ်မ ၂၁၂ အရ လည်းကောင်း၊ ပြီးနောက် ကြည်လင်း(ခ)ဖိုးထူးနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်တို့ကို လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)အရ လည်းကောင်း မြောက်ပိုင်းခရိုင် အထူးတရားရုံးက စွဲချက်တင်အမိန့်ချမှတ်ခဲ့သည်။

စွဲချက်အမိန့် ချမှတ်ခဲ့မှုကို တရားစွဲဆိုခံထားရသူများ၏ တင်ပြချက် ပြန်ခေါ်သက်သေများကို စစ်ဆေးနေဆဲကာလတွင် နှစ်ဖက်ရှေ့နေများမှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ရာဇဝတ်ပြင်ဆင်မှု ၈ မှုဖြင့် တင်ပြလျှောက်ထားခဲ့ရာ မေ ၂၅ ရက်ရုံးချိန်း၌ ပြင်ဆင်မှု ၈ မှုလုံး တိုင်းတရားသူကြီး ဦးအောင်နိုင် တရားခွင် ၇ ၌ နေ့ချင်းပြီး ကြားနာခဲ့သည်။

ထိုသို့ ကြားနာခဲ့ပြီးနောက် ရုံးချိန်းအား ထပ်မံချိန်းဆိုရာ၌ တိုင်းဒေသကြီး တရားလွှတ်တော် ရုံးခန်းအမှတ် ၇ ၌ ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီမှစ၍ တိုင်းတရားသူကြီးရှေ့တွင် ရာဇဝတ်ပြင်ဆင်မှုအား အမိန့်ချမှတ်သွားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# YBS-20 ယာဉ်မောင်း ဦးတိုက်လျှောက် တိုင်တန်းမှု ပြန်လည် ရုပ်သိမ်းရန် လျှောက်ထား

**ရန်ကုန် ဇွန် ၁၇** ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဒဂုံ-ရော အဝေးပြေးယာဉ်ရပ်နားစခန်းအနီး OMMI FOCUS ကုမ္ပဏီပိုင် YBS-20 ခရီးသည်တင်မော်တော်ယာဉ်နှစ်စီး တိုက်မိရာမှ ယာဉ်မောင်းများက လှိုင်သာယာမြို့နယ်တရားရုံးသို့ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၄ နှင့် ပုဒ်မ ၃၂၃ အရ ဦးတိုက်လျှောက်ထားရာမှ ဇွန် ၁၅ ရက် နံနက် ရုံးချိန်း သုံးချိန်းမြောက်၌ အမှုအား လှိုင်သာယာမြို့နယ် ဥပဒေရုံးသို့ ပြန်လည်ရုပ်သိမ်းပေးရန် ကာယကံရှင်များကိုယ်တိုင် လျှောက်ထားကြောင်း လှိုင်သာယာမြို့နယ် တရားရုံး သတင်းနှင့် ပြန်ကြားရေးအရာရှိ မြို့နယ်တရားသူကြီး ဦးကျော်သူမိုးထံမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ရေပူစစ်ဆေးရေးအဖွဲ့က အထောက်အထားမဲ့ကုန်ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဇွန် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၅၆ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး ၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၂ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှတားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၈၈ သန်းခန့် စုစုပေါင်း တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃ ဒသမ ၀၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၆ ရက်တွင် မန္တလေးမြို့နှင့် မူဆယ် မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Hello Box Satellite Receiver (၂၀×၃) ဗာ၊ JIVI AJ 3 Handset အလုံး ၈၀၊ OPPO Handset အလုံး ၁၂၀၊ Red MI (Note 5) ၁၀ လုံးနှင့် MI Handset အလုံး ၃၀ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇ ဒသမ ၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားခံပြေးအား ဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် သုံးဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၁၇**

ကွမ်းခြံကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ကွမ်းခြံကုန်းမြို့နယ် တရားရုံးတွင် တရားစွဲဆိုထားသော အမှုတို့မှ တရားခံပြေး တောင်ဘက်ပိုင်းရပ်ကွက်နေ လင်းထွဋ်ဝင်း(၂၁ နှစ်)သည် တစ်ရပ်ကွက်တည်းနေ အသိဖြစ်သူ ဒေါ်စန်းအေး(၄၅ နှစ်)နေအိမ်၌ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးခဲ့သည်။ ထိုသို့ဖမ်းဆီးစဉ် လင်းထွဋ်ဝင်းနှင့် ၎င်း၏အစ်ကို ကိုနိုင်(ခ)နိုင်မျိုးအောင်(၂၄ နှစ်) တို့က ရဲတပ်ဖွဲ့ဝင်များအား ဆဲဆိုကာပြန်လည်ခုခံတိုက်ခိုက်သဖြင့် လုံးထွေး ဖမ်းဆီးရာ ရဲတပ်ဖွဲ့ဝင်သုံးဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် လင်းထွဋ်ဝင်းနှင့် ကိုနိုင်(ခ)နိုင်မျိုးအောင်တို့နှစ်ဦးအား ကွမ်းခြံကုန်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မောက်မယ်မြို့နယ်၌ မြေပြို၍ သုံးဦးသေ၊ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၁၇**

မောက်မယ်မြို့နယ် တိညုကျေးရွာ ထိပ်တန်းကျားဖြူ ဂေါဒန်ကျောက် တူးဖော်ရေးကုမ္ပဏီလုပ်ကွက်၌ ဇွန် ၁၆ ရက် နံနက် ၁၁ နာရီက မြေပြို၍ သုံးဦးသေ၊ နှစ်ဦးဒဏ်ရာရရှိကြောင်း သိရသည်။

ဇွန် ၁၆ ရက် နံနက် ၁၁ နာရီက အဆိုပါ ကျောက်တူးဖော်ရေးလုပ်ကွက်၌ တောင်တွင်းကြီးမြို့နယ် သီရိမင်္ဂလာကျေးရွာနေ ဟန်ရွှေမြင့်(၃၂ နှစ်)ပါ ငါးဦးသည် ကျောက်ထုတ်ယူနေစဉ်မြေပြိုကျ၍ ဟန်ရွှေမြင့်ပါ သုံးဦးမှာ ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး မလှိုင်မြို့ သက္ကယ်ကျင်းကျေးရွာနေ ဦးထွန်းသန်း(၇၀)နှစ်ပါနှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် မောက်မယ်မြို့မရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# စက်လှေမှောက်၍ ပျောက်ဆုံးသူတစ်ဦးအလောင်း ထပ်မံတွေ့ရှိ

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်မြစ်အတွင်း ဇွန် ၁၃ ရက် ညပိုင်းက စက်မောင်းသူအပါအဝင် ခရီးသည် ၁၂ ဦး ပါဝင်သော စက်လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ လေးဦးပျောက်ဆုံးခဲ့သည့်အနက် ဇွန် ၁၆ ရက် နံနက်ပိုင်းက အမျိုးသမီးတစ်ဦးအလောင်း ပြန်လည်ရရှိခဲ့ပြီး ဇွန်၁၇ရက် မွန်းလွဲပိုင်းက အမျိုးသားအလောင်း တစ်လောင်းကို ထပ်မံရရှိခဲ့ကြောင်း သိရသည်။

အမျိုးသမီးသုံးဦးနှင့် အမျိုးသားတစ်ဦး ပျောက်ဆုံးရာတွင် မဆန်းသီး(၂၇ နှစ်)ကို ဦးစွာတွေ့ရှိခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် သီလဝါရေနက်ဆိပ်ကမ်း အရည်ကျိုကားများ ဖျက်ဆီးရာဝင်းအနီးရှိ ရေဝဲခင့်အတွင်း ရေကျချိန်တွင် ရှာဖွေရေးအဖွဲ့က တွေ့ရှိခဲ့ခြင်းဖြစ်ရာ ပြန်လည်တွေ့ရှိသူမှာ ဦးရာဂျား(၃၀ နှစ်) ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပျောက်ဆုံးသူလေးဦးတွင် ဦးရာဂျား၏ ဇနီး မဒါးနီး(၂၅ နှစ်)လည်း ပါဝင်ရာ ရှာဖွေရေးအဖွဲ့က ဆက်လက်ရှာဖွေလျက်ရှိပြီး ကျန်ပျောက်ဆုံးသူတစ်ဦးမှာ မဥမ္မာလွင်(၂၆ နှစ်)ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ပါကစ္စတန် တာလီဘန်ခေါင်းဆောင် အမေရိကန်ဒရုန်းတိုက်ခိုက်မှုကြောင့် သေဆုံး

**ကဘူးလ် ဇွန် ၁၇**

ပါကစ္စတန်မှ အကြီးမားဆုံး အစ္စလာမ္မစ်စစ်သွေးကြွအဖွဲ့ဖြစ်သည့် ပါကစ္စတန် တာလီဘန် ခေါင်းဆောင်သည် အမေရိကန်တပ်ဖွဲ့၏ ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကြောင်း အာဖဂန်အစိုးရက ပြောသည်။

အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးက ပါကစ္စတန် တာလီဘန် ခေါင်းဆောင် မူလာဖက်ဇ်လူလာသည် ပါကစ္စတန် နယ်စပ်အနီးရှိ ကူနာပြည်နယ်၌ အမေရိကန်တို့၏ ဒရုန်းဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။

ယင်းကဲ့သို့ဒရုန်းဖြင့် တိုက်ခိုက်မှုကို ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းအရင်းအမြစ်များက ပြောသည်။

ဖက်ဇ်လူလာသည် ၂၀၁၂ ခုနှစ်က မာလာလာယူဆွတ်ဖ်ဇိုင်းကို ပစ်သတ်ရန် အမိန့်ပေးခဲ့သူဖြစ်သည်ဟုလည်း ယုံကြည်ရသည်။ အာဖဂန်နစ္စတန်ရှိ တာလီဘန်သူပုန်များကို ကူညီပေးလျက်ရှိသော ပါကစ္စတန်သူပုန်များသည် ၂၀၀၇ ခုနှစ်တွင် ပါကစ္စတန် တာလီဘန်ဟု ဖြစ်လာခဲ့သည်။

ယင်းအုပ်စုသည် ပါကစ္စတန်တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိပြီး ပါကစ္စတန်နိုင်ငံ၏ လုံခြုံရေးကို ပျက်ပြားစေရေး ကြံစည်နေသည့်အဖွဲ့ဖြစ်သည်။ ပါကစ္စတန်အစိုးရက အကြမ်းဖက်နှိမ်နင်းရေး စစ်ဆင်ရေးများဆင်နွှဲလျက်ရှိရာ ပါကစ္စတန် တာလီဘန်များမှာ အင်အားလျော့နည်းလျက်ရှိသည်။

ယင်းအုပ်စုမှခေါင်းဆောင်သေဆုံးသွားသည့်အတွက် ပါကစ္စတန် တာလီဘန်များကို ပိုမိုအင်အားချည့်နဲ့အောင် လုပ်ဆောင်နိုင်လိမ့်မည်ဟုလည်း ယူဆရသည်။ **အင်န်အိတ်ချ်ကေ**



# ဒုက္ခသည်များကို တင်ဆောင်လာသည့်သင်္ဘော စပိန်နိုင်ငံ၌ အောင်မြင်စွာကမ်းကပ်နိုင်

**မက်ဒရစ် ဇွန် ၁၇**

ဒုက္ခသည် ၆၃၀ ကိုတင်ဆောင်လာသည့်သင်္ဘောကို မြေထဲပင်လယ်ထဲမှ ရာသီဥတုဆိုးရွားမှုကြောင့် ကယ်တင်လာသော်လည်း အီတလီက ကမ်းကပ်ခွင့်မပြုသည့်အတွက် သောင်တင်နေခဲ့ရာ စပိန်နိုင်ငံ ဗလင်ဆီယာဆိပ်ကမ်း၌ တနင်္ဂနွေနေ့က ကမ်းကပ်နိုင်ခဲ့ပြီဖြစ်သည်။

သင်္ဘောသုံးစင်းဖြင့် ခွဲ၍တင်ဆောင်လာခဲ့ခြင်းဖြစ်ပြီး ပထမအသုတ် သင်္ဘောကို အီတလီကမ်းခြေစောင့်တပ်မှ ဗလင်ဆီယာဆိပ်ကမ်းအထိ ဒေသစံတော်ချိန် ၆ နာရီခွဲက ဆွဲခေါ်လာခဲ့ခြင်းဖြစ်ရာ ယင်းသင်္ဘောတွင်ရွှေ့ပြောင်းဒုက္ခသည် ၂၇၄ ဦး ပါဝင်ကြောင်း ကြက်ခြေနီအဖွဲ့က ပြောသည်။

ကျန်းမာရေးဝန်ထမ်းများက သင်္ဘောပေါ်တွင်ပါလာသောဒုက္ခသည်များ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးပေးခဲ့ကြသည်။ တခြားဒုက္ခသည်များကို သယ်ဆောင်လာသောသင်္ဘောသည် အီတလီရေတပ်သင်္ဘောဖြင့် ရောက်ရှိလာမည်ဖြစ်ပြီး Aquarius သင်္ဘောပင်လျှင် မွန်းလွဲပိုင်းမှ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယင်းဒုက္ခသည်များမှာ အာဖရိကမှဖြစ်ပြီး ၎င်းတို့ကို လူပေါင်း ၂၀၀၀ ခန့်ကစောင့်ကြိုနေကြခြင်းဖြစ်သည်။ တစ်ထောင်ခန့်မှာကြက်ခြေနီအဖွဲ့မှဖြစ်ပြီး ၄၇၀ ခန့်မှာ စကားပြန်များဖြစ်ကြသည်။

ယခုအခါ၌ မြေထဲပင်လယ်အတွင်း ဖြတ်ကျော်ခဲ့ရသည့်၎င်းတို့၏ခရီးရှည်ကြီးမှာ ပြီးဆုံးသွားပြီဖြစ်သည်။ ယခုရောက်ရှိလာသောဒုက္ခသည်များတွင် ၄၅၀ ခန့်မှာ အရွယ်ရောက်ပြီးသား အမျိုးသားများဖြစ်ပြီး၊ ၈၀ ခန့်မှာမူအမျိုးသမီးများ ဖြစ်ကြသည်။ ဗလင်ဆီယာ မြို့တော်ဝန်ကမူ ယင်းဒုက္ခသည်များလုံခြုံစိတ်ချစွာ ရောက်ရှိရေးတာဝန်ပေးခံထားရသူဖြစ်ပြီး အီတလီအစိုးရ၏ ဒုက္ခသည်များကို ကမ်းကပ်ခွင့်မပြုသည့် လုပ်ရပ်မှာ လူသားမဆန်ဟု ဝေဖန်ခဲ့သည်။ **အေအက်ဖ်ပီ**

# ကိုလံဘီယာ ငြိမ်းချမ်းရေးစာချုပ် ခြိမ်းခြောက်မှုများအောက်ရောက်နေ

**ဘိုဂိုတာ ဇွန် ၁၇**

ကိုလံဘီယာနိုင်ငံ၌ တနင်္ဂနွေနေ့က သမ္မတအသစ် ရွေးချယ်ပွဲကျင်းပခဲ့ရာ ဖာ့က်သူပုန်များနှင့် ချုပ်ဆိုထားသော ငြိမ်းချမ်းရေးစာချုပ်ကို သမ္မတသစ်ဖြစ်လာမည်ဟုရှေ့ပြေးနေသော မစ္စတာ Ivan Duque က ပြင်ဆင်ရန်လိုလားလျက်ရှိသည်။ "ကျွန်တော်တို့ဟာ ဖာ့က်သူပုန်တွေမရှိဘဲ တိုင်းပြည်ကို တည်ဆောက်လို့ရပါတယ်။ အဲဒါကတော့ ငြိမ်းချမ်းရေးတည်ဆောက်တာပါပဲ"ဟု ကိုလံဘီယာသမ္မတ ဆန်တို့စ်က ပြောသည်။

မစ္စတာ ဆန်တို့စ်သည် ဩဂုတ်လတွင် သမ္မတသက်တမ်းပြည့်သွားပြီဖြစ်သည့်အတွက် ရာထူးမှဆင်းပေးရမည်ဖြစ်သည်။ ၎င်းသည် ဖာ့က်သူပုန်များနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး နိုဘယ်ဆု ရရှိခဲ့သည်။

သို့သော်လည်း ၎င်းမှာ ပြည်သူများအကြားရေပန်းမစားဘဲ ရာထူးမှဆင်းပေးရမည်ဖြစ်သည်။ လွန်ခဲ့သောလက ပထမအကျော့ယှဉ်ပြိုင်ပွဲတွင် အသာစီးရခဲ့သောမစ္စတာ Duque သည် သမ္မတဆန်တို့စ်ပြုလုပ်ခဲ့သော ဖာ့က်ငြိမ်းချမ်းရေးစာချုပ်ကို ပြင်ဆင်မည်ဟု ရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲတွင် ကတိပြုထားသည်။

ယင်းငြိမ်းချမ်းရေးစာချုပ်ကို ပြင်းပြင်းထန်ထန်ဆန့်ကျင်သော မစ္စတာ Duque သည် အသက် ၄၁ နှစ်ရှိပြီဖြစ်ပြီး ၎င်းက ဖာ့က်သူပုန်များကျူးလွန်ခဲ့သည့် ပြစ်မှုများကို အပြစ်ပေးနိုင်ရေးအတွက် ပြင်ဆင်လိုခြင်း ဖြစ်သည်။

မစ္စတာ Duque သည် လက်ရှိအခြေအနေတွင် ပြိုင်ဘက်များထက် အသာစီးရနေပြီး သမ္မတဖြစ်ရန် အလားအလာကောင်းများရှိသည်။ နောက်ဆုံးကောက်ခံထားသော ဆန္ဒမဲများအရ မစ္စတာ Duque သည် ပြိုင်ဘက်ဖြစ်သူ မစ္စတာ ပက်ထရိုထက် မဲသာလျက်ရှိသည်။ မည်သူပင်သမ္မတဖြစ်လာစေကာမူ ငြိမ်းချမ်းရေးစာချုပ်အတွက် စိန်ခေါ်မှုရှိလာမည်ဖြစ်သည်။ အကယ်၍များ မစ္စတာ Duque သာကိုလံဘီယာသမ္မတဖြစ်လာခဲ့ပါက ၁၈၇၂ နောက်ပိုင်းတွင် ကိုလံဘီယာသမိုင်း၌ အသက်အငယ်ဆုံးသမ္မတဖြစ်လာမည်ဖြစ်သည်။

နိုင်ငံရေးပါတီအဖြစ် လုပ်ဆောင်နေသော ဖာ့က်များသည် လူထုထောက်ခံမှုလျော့နည်းသည့်အတွက် သမ္မတရွေးကောက်ပွဲမှ နုတ်ထွက်ထားသည်။ **အေအက်ဖ်ပီ**



# အာဖဂန်နိုင်ငံ အရှေ့ပိုင်း၌ ကားဗုံးခွဲမှုဖြစ်ပွားရာ ၂၆ ဦးသေဆုံး

**ဂျလာလာဘတ် ဇွန် ၁၇**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းပြည်နယ် နန်ဂါဟာပြည်နယ်၌ အစ်ပွဲတော်ကျင်းပနေစဉ်ကာလအတွင်း လူအုပ်ကြားထဲ အသေခံကားဗုံးခွဲမှုဖြစ်ပွားခဲ့ရာ ၂၆ ဦးသေဆုံးခဲ့ကြောင်းစနေနေ့က ဒေသခံအာဏာပိုင်များက ပြောသည်။

အိုင်အက်စ်အဖွဲ့နှင့် ချိတ်ဆက်မှုရှိသော Amaq သတင်းဝက်ဘ်ဆိုက်တွင် အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ယင်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂျလာလာဘတ်မြို့ ဆင်ခြေဖုံးတွင် လူများစုဝေးနေစဉ်ယင်းကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ ၅၄ ဦးဒဏ်ရာရရှိခဲ့ပြီး ထိခိုက်ခံစားရသူများမှာ အရပ်သားများ၊ တာလီဘန်စစ်သွေးကြွများနှင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်တို့ ဖြစ်ကြသည်။ အာဖဂန်အစိုးရနှင့် တာလီဘန်တို့အကြား အစ်ပွဲကာလတွင် ယာယီအပစ်အခတ်ရပ်စဲရေးသဘောတူထားသည်။ **ဆင်ဟွာ**

# တိုကျိုမြောက်ပိုင်း၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်

**တိုကျို ဇွန် ၁၇**

တိုကျိုမြို့မြောက်ပိုင်း ဂန်မာစီရင်စု၌ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း သိရသည်။ ပျက်စီးဆုံးရှုံးမှုကြီးကြီးမားမားမရှိကြောင်း သိရသည်။ ဒေသစံတော်ချိန် ၃နာရီ ၂၇မိနစ်တွင် ငလျင်လှုပ်ခတ်မှုစတင်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံမိုးလေဝသအေဂျင်စီက အဆိုပါငလျင်ပြင်းအားမှာ ၄ ဒသမ ၇ မဂ္ဂနီကျူရှိကြောင်း ခန့်မှန်းထားသည်။

ငလျင်၏ဗဟိုချက်မှာ ဂန်မာစီရင်စု တောင်ပိုင်းဖြစ်ပြီးအနက်မှာ ၂၀ ကီလိုမီတာရှိကြောင်း သိရသည်။ ဆူနာမီသတိပေးချက်များလည်း ထုတ်ပြန်ထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်၌ ရိုလာကိုစတာပြေးလမ်းချော်၍ ခြောက်ဦးဒဏ်ရာရ

**ဖလော်ရီဒါ ဇွန် ၁၇**

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ဒေတိုနာကမ်းခြေရှိ အပန်းဖြေပန်းခြံ၌ ရိုလာကိုစတာလမ်းချော်မှုဖြစ်ပွားခဲ့သည့်အတွက် ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။


ကြာသပတေးနေ့က ဖြစ်ပွားခဲ့ပြီးနောက် ယင်းဖြစ်ရပ်ကိုရိုက်ကူးထားသည့် ဗီဒီယိုမှတ်တမ်းတွင် ရိုလာကိုစတာကား၏ ရှေ့ပိုင်းမှာ လေထဲတွင် တွဲလောင်းဖြစ်နေသည်ကို တွေ့မြင်ရသည်။ စီးနင်းလိုက်ပါသူ ၁၀ ဦးတွင် နှစ်ဦးမှာဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့နှစ်ဦးမှာ ၁၀မီတာအမြင့်မှ ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း၊ နောက်ထပ်လေးဦးမှာလည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ရိုလာကိုစတာကို ယင်းနေ့အစောပိုင်းက စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း ဖလော်ရီဒါပြည်နယ် အာဏာပိုင်များက ပြောသည်။ စစ်ဆေးမှုပြုလုပ်ခဲ့သော်လည်း ပြစ်ချက်ကို ရိုလာကိုစတာလမ်းချော်ပြီးမှ တွေ့ရှိခဲ့ကြောင်း သိရသည်။

ယင်းရိုလာကိုစတာကို ၁၉၇၅ ခုနှစ်က စတင်အသုံးပြုခဲ့ပြီး ပန်းခြံပေါင်းများစွာတွင် အသုံးပြုခဲ့ကြောင်း၊ ဒေတိုနာပန်းခြံတွင်မူ ၂၀၁၃ ခုနှစ်မှ စတင်ကာ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူတိုင်းအတွက်စိုးရိမ်မိကြောင်း၊ ၎င်းတို့ပြန်လည်ကျန်းမာလာစေရေးမှာ အရေးကြီးသည့် အချက်ပင်ဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ်စိုက်ပျိုးရေးနှင့် စားသုံးသူဝန်ဆောင်မှုပေးရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂျနီဖာက ပြောသည်။

ယင်းရိုလာကိုစတာမှာ ကားသုံးတွဲပါဝင်ပြီး အမြင့်မှာ ၈၅ ပေရှိကြောင်း သိရသည်။ ရိုလာကိုစတာချွတ်ယွင်းမှုဖြစ်ရခြင်းအတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးတွေ့ရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ **အင်န်အိတ်ချ်ကေ**



နိုင်ငံတကာ သတင်းတိုထွာ

## ဂျမ္မူးနှင့် ကက်ရှမီးယားဒေသတို့၌ အိန္ဒိယအစိုးရဘက်မှ အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းများစတင်

**နယူးဒေလီ ဇွန် ၁၇**

ဂျမ္မူးနှင့် ကက်ရှမီးယားဒေသတို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများ နှိမ်နင်းရေးလုပ်ငန်းများကို ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း အိန္ဒိယအစိုးရက တနင်္ဂနွေနေ့တွင် ကြေညာခဲ့သည်။

ရာမဒါန်ပွဲတော် ကျင်းပရာ တစ်လတာကာလအတွင်း အပစ်အခတ်ရပ်စဲထားခြင်းဖြစ်ပြီး ယင်းကာလမှာ တနင်္ဂနွေနေ့က ပြီးဆုံးခဲ့ပြီဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီးရာဂျ်နာ့သ်ဆင်းက ဂျမ္မူးနှင့် ကက်ရှမီးယားဒေသတို့တွင် အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းစဉ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများ လုပ်ဆောင်နိုင်သည့် တိုက်ခိုက်မှုများကို အစွမ်းကုန်ကာကွယ်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ မေ ၁၇ ရက်မှ စတင်ကာ အပစ်အခတ်ရပ်စဲရန် အိန္ဒိယအစိုးရက အမိန့်ပေးခဲ့ခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲထားရာ တစ်လတာကာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက အပစ်အခတ်ရပ်စဲထားသော်လည်း အကြမ်းဖက်သမားများကမူ အရပ်သားများကို သတ်ဖြတ်မှုများဆက်လက်လုပ်ဆောင်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့အသက်သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြရကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။ **ဆင်ဟွာ**

---

## ဗင်နီဇွဲလားနိုက်ကလပ်၌ လူများစုပြုံတိုးဝှေ့မှုဖြစ်ပွားရာ ၁၇ ဦး သေဆုံး

**ကရာကတ် ဇွန် ၁၇**

ဗင်နီဇွဲလားနိုင်ငံရှိ နိုက်ကလပ်တစ်ခု၌ စနေနေ့နံနက်ပိုင်းက မျက်ရည်ယိုဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် နိုက်ကလပ်အတွင်း လူများစုပြုံတိုးဝှေ့မှုဖြစ်ပွားခဲ့ရာ ၁၇ ဦး သေဆုံးခဲ့ကြောင်း ဗင်နီဇွဲလားပြည်ထဲရေးဝန်ကြီးက ပြောသည်။ စနေနေ့နံနက်အစောပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အထက်တန်းကျောင်းသားများက အဆိုပါနိုက်ကလပ်အတွင်း ပွဲပြုလုပ်နေစဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရန်ပွဲတစ်ခုအတွင်းမျက်ရည်ယိုဗုံး ထပေါက်ခဲ့ရာ လူရာပေါင်းများစွာတို့ တိုးဝှေ့ထွက်ပြေးကြ၍ အခုလို သေဆုံးမှုများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။ လက်ရှိတွင် ခုနစ်ဦးကို ဖမ်းဆီးထားပြီး ဖမ်းဆီးထားသူများထဲတွင် အသက်မပြည့်သေးသူ နှစ်ဦး ပါဝင်ကြောင်း မျက်မြင်သက်သေများ၏အဆိုအရ ၎င်းအသက်မပြည့်သူထဲမှ တစ်ဦးသည် မျက်ရည်ယိုဗုံးကို လူအုပ်အတွင်း ပစ်သွင်းခဲ့သူဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုက်ကလပ်ပိုင်ရှင်ကိုလည်း တရားဥပဒေ ချိုးဖောက်မှုများအတွက် တရားစွဲဆိုထားကြောင်း သိရသည်။

**ဆင်ဟွာ**

---

# ယီမင်စစ်ပွဲတစ်လျှောက် အပြင်းထန်ဆုံးတိုက်ပွဲဖြစ်လာမယ့် အာရပ်တပ်ပေါင်းစုရဲ့ ထိုးစစ်ဆင်တိုက်ပွဲ

**ချူးစန္ဒီနွေး**




**"အမေရိကန်ဆီက အကူအညီမရတဲ့အခါ ယူအေအီးဟာ ပြင်သစ်ဘက်ကို ဦးတည်လှည့်သွားပါတယ်၊ ပြင်သစ်ဆီက မိုင်းရှင်းသင်္ဘောတွေ အကူအညီတောင်းခံတာပါ၊ အယ်လ်ဟူဒေဒါ ဆိပ်ကမ်းမှာသူပုန်တွေဘက်က ထောင်ထားတဲ့မိုင်းတွေကို ရှင်းလင်းပေးဖို့ပါ"**

ဆော်ဒီအာရေဗျနဲ့ ယူအေအီးတို့ဟာ ယီမင်ဆိပ်ကမ်းမြို့ဖြစ်တဲ့ အယ်လ်ဟူဒေဒါမြို့ကို ဟူသီသူပုန်တွေလက်က သိမ်းယူနိုင်ရေး ယီမင်အစိုးရတပ်တွေနဲ့ ပေါင်းပြီး ကြီးကျယ်တဲ့စစ်ဆင်ရေးတစ်ခုကို ဆင်နွှဲနေတယ်။ လေ့လာသုံးသပ်သူတွေရဲ့ ထင်မြင်ချက်အရတော့ ယီမင်စစ်ပွဲတွေထဲမှာ အခုတစ်ကြိမ်တိုက်ပွဲဟာ အပြင်းထန်ဆုံးပဲလို့ သုံးသပ်ကြပါတယ်။ အဲဒီလို အရေးကြီးနေတဲ့ အချိန်မှာ ဆော်ဒီအိမ်ရှေ့မင်းသား ဘယ်ရောက်နေပါသလဲ။ တိုက်ပွဲရဲ့ဒုတိယမြောက်နေ့မှာ ဆော်ဒီအိမ်ရှေ့မင်းသားဟာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပထမဦးဆုံးဆော်ဒီနဲ့ ရုရှားပွဲစဉ်ကိုကြည့်ဖို့ ရုရှားနိုင်ငံမှာ ရောက်ရှိနေပါတယ်။

### သုံးနှစ်ကျော်ကြာတိုက်ပွဲ

ယီမင်က စစ်မြေပြင်မှာတော့ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေဟာ အီရန်က ကျောထောက်နောက်ခံပြုထားတဲ့ ဟူသီသူပုန်တွေကို တိုက်ခိုက်နေတာဟာဆိုရင် သုံးနှစ်ကျော်ရှိပါပြီ။ အခုအချိန်ထိတိုင် အောင်မြင်မှုတော့ မရသေးပါဘူး။ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေဟာ အယ်လ်ဟူဒေဒါဒေသမှာ အောင်မြင်မှုတွေ စွမ်းဆောင်နိုင်မှာလား၊ ဒါမှမဟုတ်အပျက်အစီး အဆုံးအရှုံးတွေပဲ များမလားဆိုတာကတော့ သေချာမသိနိုင်သေးပါဘူး။

### အမေရိကန်ကငြင်းဆို

အမေရိကန်ပြည်ထောင်စုကတော့ ယူအေအီးရဲ့တောင်းဆိုချက်ဖြစ်တဲ့ ဟူသီသူပုန်တွေရဲ့ သတင်းကို ထောက်လှမ်းပေးဖို့၊ ရန်သူဘက်ကို ကင်းထောက်ပေးဖို့နဲ့ မိုင်းရှင်းသင်္ဘောတွေအကူအညီပေးဖို့အစရှိတာတွေကို လက်မခံဘဲ ငြင်းဆိုထားတယ်လို့ ယူအေအီးအစိုးရက ပြောပါတယ်။ အမေရိကန်ကလည်း ဒီအကူအညီတွေ မပေးနိုင်တာအကြောင်း ရှိပါတယ်။ ဘာလို့လဲဆိုတော့ ယီမင်စစ်ပွဲမှာပါဝင်ကူညီတာနဲ့စပ်လျဉ်းပြီး ကွန်ဂရက်မှာ ကန့်ကွက်မှုတွေများနေတဲ့အတွက်ပါ။ အမေရိကန်ဆီက အကူအညီမရတဲ့အခါ ယူအေအီးဟာ ပြင်သစ်ဘက်ကို ဦးလှည့်သွားပါတယ်။ ပြင်သစ်ဆီက မိုင်းရှင်းသင်္ဘောတွေ အကူအညီတောင်းခံတာပါ။ အယ်လ်ဟူဒေဒါ ဆိပ်ကမ်းမှာသူပုန်တွေ ဘက်က ထောင်ထားတဲ့မိုင်းတွေကို ရှင်းလင်းပေးဖို့ပါ။ ပြင်သစ်အာဏာပိုင်တွေကတော့အကူအညီပေးမပေးကိုအတည်မပြုရသေးပါဘူး။ ပြင်သစ် ဘက်က အကူအညီပေးခဲ့မယ်ဆိုရင်တောင် မိုင်းရှင်းသင်္ဘောတွေဟာ ဘယ်အချိန်ကျမှ အယ်လ်ဟူဒေဒါဆိပ်ကမ်းကို ရောက်ပြီး ယူအေအီးသင်္ဘောတွေ လုံခြုံစိတ်ချစွာ ကမ်းကပ်နိုင်ရေး ဆောင်ရွက်နိုင်မယ်ဆိုတာ မသိသေးပါဘူး။

### နိုင်ငံရေးအရအဖြေရှာစေဖို့ဦးတည်

ယူအေအီးနိုင်ငံက တပ်ဖွဲ့ဝင်လေးဦးကတော့ စစ်ဆင်ရေးအစနေ့မှာပဲ သေဆုံးသွားပါတယ်။ ၎င်းတို့စီးလာတဲ့ဘဘော်ဟာ ဒုံးကျည်ထိပြီး သေဆုံးသွားရတာပါ။ ဆိပ်ကမ်းကနေ မိုင်၂၀ လောက်ဝေးတဲ့နေရာကနေ ဒုံးကျည်နဲ့ အပစ်ခံလိုက်ရတာပဲဖြစ်တယ်။ ယူအေအီးက ဒီစစ်ပွဲထဲကို ပါဝင်ရတဲ့အကြောင်းကတော့ ဟူသီသူပုန်တွေကို နှိမ်နင်းချင်လို့ပါ။ ယူအေအီးနိုင်ငံဟာဟူသီသူပုန်တွေ သိမ်းပိုက်ထားတဲ့ ဆိပ်ကမ်းကိုအသုံးပြုခွင့်ရဖို့ သူပုန်တွေကို တစ်လမှာပျမ်းမျှ ဒေါ်လာသန်း ၃၀ ကနေ သန်း ၄၀ ကြား အခွန်ငွေအဖြစ် ပေးနေရပါတယ်။ ဒီလိုပေးဆောင်နေရတာကို ငြင်းဆန်နိုင်ဖို့ရယ်၊ ဟူသီသူပုန်တွေကို နိုင်ငံရေးအရဆွေးနွေးအဖြေရှာစေဖို့ ဖိအားပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စစ်ပွဲထဲကိုဝင်ပါရတာပါလို့ ယူအေအီးအာဏာပိုင်တွေက ပြောပါတယ်။

### မြို့တော်ဆာနားကိုသိမ်းယူနိုင်မလား

အာရပ် မဟာမိတ်တပ်ပေါင်းစုရဲ့ ရည်ရွယ်ချက်ကတော့ ပြင်းထန်တဲ့ တိုက်ပွဲမစမီ ဆိပ်ကမ်းတွေကို သိမ်းဖို့ပါ။ တစ်နိုင်ငံလုံးကို လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ ပေးဖို့ဆိုရင် ၈၀ ရာခိုင်နှုန်းလောက်က အဲဒီဆိပ်ကမ်းတွေကို အသုံးပြုရမယ့် အခြေအနေမျိုးပါ။ လွန်ခဲ့တဲ့သုံးနှစ်တာအတွင်းမှာ ယူအေအီးနိုင်ငံကဘဏ္ဍာငွေထောက်ပံ့ပေးပြီး လေ့ကျင့်ပေးထားတဲ့ဒေသခံတပ်ဖွဲ့ဝင်တွေနဲ့ ဟူသီသူပုန်တွေဟာ ယီမင်နိုင်ငံတောင်ပိုင်းမှာ တိုက်ပွဲတွေဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ကြပါတယ်။ ဆော်ဒီတပ်ဖွဲ့ရဲ့ ပြောရေးဆိုခွင့်ရှိသူကတော့ အာရပ်မဟာမိတ်တပ်ပေါင်းစုဟာ လေဆိပ်၊ သင်္ဘောဆိပ်နဲ့ မြို့တော်ဆာနားကို သွားလို့ရမယ့် လမ်းကြောင်းမှန်သမျှကို ထိန်းချုပ်နိုင်ဖို့ ကြိုးပမ်းနေတာပဲဖြစ်ပြီး မြို့တွင်းမှာ တိုက်ပွဲတွေပြုလုပ်မှာ မဟုတ်ဘူးလို့ ပြောပါတယ်။

### ပြည်သူများစွာသေဆုံးခဲ့ရ

ယီမင်နိုင်ငံရဲ့ ကာလရှည်ကြာစစ်ပွဲအတွင်းမှာ ပြည်သူတစ်သောင်းခန့် အသက်ခံခဲ့ရပြီး ထောင်ပေါင်းများစွာသောပြည်သူတွေကတော့ အဖျားရောဂါ၊ ငတ်ပြတ်မှုတို့ကြောင့် သေဆုံးခဲ့ရပါတယ်။ အပြည်ပြည်ဆိုင်ရာက အကူအညီပေးရေးအဖွဲ့တွေကတော့ ဆော်ဒီနဲ့ယူအေအီးတို့ရဲ့ အယ်လ်ဟူဒေဒါမြို့ကို သိမ်းယူဖို့ကြိုးပမ်းရာမှာ မြို့မှာနေထိုင်တဲ့လူတွေထိခိုက်နစ်နာမှုမရှိစေရေး သတိကြီးကြီးထားဆောင်ရွက်လျက်ရှိပါတယ်။ အယ်လ်ဟူဒေဒါမြို့မှာဆိုရင် လူဦးရေ ခြောက်သိန်းရှိပြီး လူအတော်များများဟာမြို့ပြစစ်ပွဲတွေကြောင့် ဒဏ်ရာရရှိနေကြတယ်လို့ ကုလသမဂ္ဂက ပြောပါတယ်။ လက်ရှိအချိန်မှာတော့ ယီမင်နိုင်ငံရဲ့ ၂၈ သန်းသော ပြည်သူတွေထဲမှာ ရှစ်သန်းခန့်ဟာ အငတ်ဘေးနဲ့ ရင်ဆိုင်နေရပါတယ်လို့ ကုလသမဂ္ဂနဲ့ အကူအညီပေးရေး အေဂျင်စီတွေက ပြောပါတယ်။

### အရေးပါတဲ့လမ်းကြောင်း

ဆိပ်ကမ်းမြို့ဖြစ်တဲ့ အယ်လ်ဟူဒေဒါမြို့ဟာတစ်နိုင်ငံလုံးကို အကူအညီတွေ ဖြန့်ကြက်ပေးဖို့ အဓိကအရေးပါတဲ့ လမ်းကြောင်းလည်း ဖြစ်တယ်။ ဆော်ဒီကို နယ်နှင်ဒဏ်ပေးခံထားရတဲ့ သမ္မတမန်ဆောဟေဒီကတော့ ကြာသပတေးနေ့မှာပဲ အေဒင်မြို့ကို ပြန်လည်ရောက်ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်ကစလို့ ယီမင်နိုင်ငံကို ပထမဦးဆုံးအကြိမ်အဖြစ် ပြန်လာခဲ့ခြင်းဖြစ်တယ်လို့ ဝါရှင်တန်မှာရှိတဲ့ ယီမင်သံရုံးက ပြောပါတယ်။

### တိုင်းပြည်နှစ်ခြမ်းကွဲသွား

သမ္မတမန်ဆောဟေဒီဟာ ဟူသီသူပုန်တွေကငင်းရဲ့အာဏာကို သိမ်းယူဖို့အတွက် သမ္မတကိုဖြုတ်ချဖို့ကြိုးပမ်းတဲ့အခါမှာတော့ ယီမင်နိုင်ငံကနေထွက်ပြေးခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ သမ္မတရဲ့သစ္စာတော်ခံတပ်သားတွေနဲ့ ဟူသီသူပုန်တွေဆိုပြီး တိုင်းပြည်နှစ်ခြမ်းကွဲသွားပါတယ်။ ဟူသီသူပုန်တွေ ကြီးစိုးထားတဲ့တရားရုံးကတော့သမ္မတမန်ဆောဟေဒီကို ၂၀၁၇ ခုနှစ်မှာ သေဒဏ်ချမှတ်ခဲ့ပါတယ်။ ဆော်ဒီဦးဆောင်တဲ့မဟာမိတ်တပ်တွေကတော့ ဒီစစ်ပွဲကို ပြုလုပ်ရခြင်းကတော့ သမ္မတမန်ဆောဟေဒီရဲ့တပ်ဖွဲ့ဝင်တွေကိုယ်စား တိုက်ပေးရတာပါလို့ ဆိုပါတယ်။ ဟူသီသူပုန်တွေကတော့ သမ္မတမန်ဆောဟေဒီရဲ့တပ်ဖွဲ့တွေဟာဆော်ဒီတို့ယူအေအီးတို့နဲ့ပေါင်းပြီး တိုင်းပြည်ကို တိုင်းတစ်ပါးက ကျူးကျော်စေခဲ့တဲ့အတွက် သမ္မတကိုသေဒဏ်ချမှတ်ခဲ့တာပဲဖြစ်တယ်။

### အီရန်နိုင်ငံရဲ့ကိုယ်ပွား

ကုလသမဂ္ဂလုံခြုံရေး ကောင်စီကတော့ယီမင်အစိုးရနဲ့နှစ်နာရီကျော်ကြာတွေ့ဆုံပြီး အယ်လ်ဟူဒေဒါကပြည်သူတွေရဲ့ လုံခြုံစိတ်ချရရေး အာမမခံနိုင်သေးသရွေ့ထိုးစစ်မဆင်နွှဲဖို့ သတိပေးထားပါတယ်။ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ပေါင်းစုရဲ့အကြောင်းပြချက်ကတော့ သူတို့ထိုးစစ်ဆင်နွှဲရတာဟာ နိုင်ငံကို အကူအညီပေးရေးလမ်းကြောင်းတွေပွင့်သွားဖို့ ပြုလုပ်ရတာပါလို့ ထပ်ခါတလဲလဲ ပြောနေပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ ယူအေအီးသံတမန်ကသူတို့ထိုးစစ်ဆင်နွှဲလိုက်ခြင်းဖြင့် ဟူသီသူပုန်တွေကို နိုင်ငံရေးအရဆွေးနွေးအဖြေရှာဖို့ ဖိအားတွေပေးနိုင်မှာပါလို့ ဖြေကြားခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် ယီမင်ပြည်တွင်းစစ်စတင်ဖြစ်ပွားချိန်ကစလို့ ယူအေအီးနဲ့ဆော်ဒီတို့ဟာ ကြားဝင်ခဲ့ကြပါတယ်။ သူတို့ဟာဟူသီသူပုန်တွေကို အီရန်ရဲ့ ကိုယ်ပွားတွေပဲလို့ ရှုမြင်ထားကြပါတယ်။

ဟူသီသူပုန်တွေဟာ မြို့တော်ဆာနားအပါအဝင် ယီမင်နိုင်ငံမြောက်ပိုင်းကို ထိန်းချုပ်ထားနိုင်ပြီး ဆော်ဒီကကျောထောက်နောက်ခံပြုထားတဲ့ ယီမင်အစိုးရကတော့ နိုင်ငံတောင်ပိုင်း၊ ပင်လယ်နီကမ်းရိုးတန်းအစရှိတဲ့ နေရာတွေမှာ ခြေကုပ်ယူထားပါတယ်။ ဒီတစ်ကြိမ်မှာရောဆော်ဒီဦးဆောင်တဲ့မဟာမိတ်တွေ အကူအညီနဲ့ယီမင်အစိုးရတပ်တွေဟာ ဟူသီသူပုန်တွေလက်ထဲက မြို့တော်ဆာနားကို ပြန်လည်သိမ်းယူနိုင်မှာလား။ သူပုန်တွေနဲ့ နိုင်ငံရေးအရအဖြေရှာနိုင်ဖို့ ဖိအားပေးမယ်ဆိုပေမယ့် ဟူသီသူပုန်တွေတော့ ဒီလိုမျိုးဆော်ဒီဦးဆောင်တဲ့တပ်တွေရဲ့ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ယီမင်ပြည်တွင်းစစ် အခြေအနေကို ပိုပြီးဆိုးရွားသွားစေတယ်လို့ ဆိုပါတယ်။ ကာလရှည်ကြာလာပြီဖြစ်တဲ့ ပြည်တွင်းစစ်ကြောင့် သေဆုံးရတဲ့ ပြည်သူတွေ၊ နေရပ်စွန့်ခွာခဲ့ရတဲ့ ပြည်သူတွေဟာလည်း မနည်းပါဘူး။ နှစ်ဖက်နိုင်ငံရေးအရအဖြေရှာနိုင်ပြီး ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ရင်တော့ အခြေအနေတွေ အားလုံးကို ပြန်လည်ထိန်းနိုင်မှာဖြစ်ပေမယ့် ဒီလိုမှမဟုတ်ပြည်တွင်းစစ်ကို ဆက်လက်ရှည်ကြာစေမယ်ဆိုရင်တော့ပြည်သူတွေအတွက် ရင်လေးစရာပါပဲ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

# ကျွန်တော်နဲ့ ပါရီခရီးစဉ်



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

တလောက ကျွန်တော် ပါရီမြို့နဲ့ ဘရပ်ဆဲလ်မြို့တွေကို ရောက်ခဲ့တယ်။ ကိစ္စကတော့ မြန်မာနိုင်ငံအကြောင်း နားလည်မှု ခေါင်းစဉ်နဲ့ တွေ့ဆုံပွဲ ကျင်းပဖို့၊ ကျွန်တော်နဲ့အတူ အဖွဲ့ဝင်သုံးဦး ပါဝင်တာ။ နယ်ပယ်အသီးသီးမှာ အောင်မြင်မှုရနေတဲ့ လူငယ်၊ လူလတ်တွေ၊ နိုင်ငံတော်အစိုးရကို ကိုယ်စားပြုတာမဟုတ်ဘဲ နိုင်ငံသားအနေနဲ့ ကိုယ့်နိုင်ငံအကြောင်း တင်ပြဖို့ ရည်ရွယ်ခဲ့တာ။ ခရီးစဉ်က ရန်ကုန်ကတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို ထွက်ခဲ့ကြတယ်။ လေယာဉ်က ရန်ကုန်ကိုရောက်တာ နောက်ကျတာမို့ ဗန်ကောက်က တစ်ဆင့် ပါရီသွားမယ့်လေယာဉ် မီပါ့မလားလို့ စိတ်ပူခဲ့ရတယ်။ ဗန်ကောက်ရောက်တော့ လေယာဉ်မီအောင် ခပ်သုတ်သုတ်သွားခဲ့ရတာ။ ဗန်ကောက်နဲ့ ပါရီက ခရီးရှည်ကြီး။ ကြိုးစားပြီး အိပ်နိုင်အောင် ကြိုးစားခဲ့တယ်။

### ပါရီကိုရောက်

ပါရီကို နောက်တစ်နေ့ နံနက်စောစောရောက်တော့ လေယာဉ်ကွင်းမှာ မြန်မာနိုင်ငံ သံအမတ်ကြီးဦးကျော်ဇေယျနဲ့ သံရုံးအဖွဲ့ဝင်တွေက လာကြိုကြတယ်။ ဦးကျော်ဇေယျက သံအမတ်ကြီးဖြစ်တာ မကြာသေးဘူး။ အရင်က နိုင်ငံခြားရေးဝန်ကြီးဌာနမှာ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ယူခဲ့သူ။ အတွေ့အကြုံ ပြည့်တဲ့သူတစ်ဦး။ ကျွန်တော့်ကိုကြိုပြီး သူ့ရဲ့နေအိမ်ကို ခေါ်ပြီး နံနက်စာကျွေးတယ်။ သံရုံးကဝန်ထမ်းတွေအားလုံးက ညှိ့ဝတ်ကျေပွန်ကြတယ်။ တည်းခိုမယ့် ဟိုတယ်ကိုလိုက်ပါပြီး နေ့လယ်စာကို ပါရီမြို့မှာ ထင်ရှားတဲ့ ပြတိုက်အတွင်းရှိတဲ့ စားသောက်ဆိုင်မှာ နေ့လယ်စာကျွေးခဲ့တယ်။ ပါရီမြို့မှာ ပြတိုက်တွေအများကြီး။ ကမ္ဘာလှည့်ခရီးသည်တွေအပြည့်၊ ဒီပြတိုက်တွေမှာ စျေးဆိုင်တွေအပြင် စားသောက်ဆိုင်တွေလည်း ဖွင့်လှစ်ထားတာတွေ့ရတယ်။ ရတဲ့ဝင်ငွေနဲ့ ပြတိုက်တွေကို တစ်ဖက်တစ်လမ်းက စရိတ်ကာစေမိတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဒီပုံစံကိုစဉ်းစားသင့်တယ်။

### ပါရီမြို့နဲ့ရင်းနှီး

နေ့လယ်စာစားပြီး ကျွန်တော်တို့ လမ်းခွဲကြတယ်။ ပါရီမြို့ရဲ့နာမည်ကြီးစျေးဆိုင်တွေရှိတဲ့ အာဇာနည်ဗိမာန်အနီး ကျွန်တော်နေခဲ့ပြီး လမ်းလျှောက်ခဲ့တယ်။ ကျွန်တော်က ပါရီမြို့နဲ့ ရင်းနှီးတယ်။ မကြာမကြာ ရောက်ဖြစ်ခဲ့တာ။ အီတလီမှာ တာဝန်ကျတုန်း ပါရီမှာရှိတဲ့ UNESCO ရုံးချုပ်မှာ သင်တန်းတွေ လာပေးခဲ့တယ်။ ပါရီမြို့က အဆောက်အအုံတွေက တင့်တယ်လှတယ်။ ရှေးကျတယ်။ ပုံစံတွေက ခေတ်မီပုံစံတွေမဟုတ်ဘူး။ ကျစ်ကျစ်လျစ်လျစ်နဲ့ ခမ်းနားတယ်။ ကျွန်တော်တစ်ယောက်တည်း လမ်းလျှောက်ရင်း ဒီအဆောက်အအုံတွေကို ငေးမောနေမိတယ်။ သူတို့ဟာ နှစ်ရာကျော်နေပေမယ့် ခိုင်ခိုင်ခံ့ခံ့ရှိတယ်။ အသုံးပြုပြီး လိုအပ်တဲ့ ပြင်ဆင်ထိန်းသိမ်းမှုတွေကြောင့် မပျောက်မပျက်ရှိနေတာ။ အမှန်တော့ ရန်ကုန်မြို့မှာ ဒေါက်တာ သန့်မြင့်ဦးတို့ ဦးစီးဆောင်ရွက်နေတဲ့ စီမံချက်ဟာ အရေးပါလှတယ်။ ရှေးဟောင်းအမွေအနှစ်ကို ထိန်းသိမ်းဖို့ အသိအမှတ်ပြုတဲ့ အပြာရောင်ကတ်ပြားတွေ တပ်ဆင်ပေးတာက လုပ်သင့်တဲ့ အလုပ်။ တလောက ကျွန်တော့်ဇနီးနဲ့အတူ ၂၆ လမ်းရောက်ပြီး မဂိုလမ်းကိုဖြတ်တော့ ဗလီကြီးအရှေ့က အစိမ်းရောင်ဆေးသုတ်ထားတဲ့အဆောက်အအုံကို လှမ်းမြင်လိုက်တယ်။ အလွန်တင့်တယ်တဲ့ အဆောက်အအုံ။ ဒါပေမယ့် ကျကျနန ပြုပြင်ထိန်းသိမ်းမှုမရှိတော့ ပျက်စီးနေပြီ။ ဒီလိုပဲ ဗိုလ်ဆွန်ပက်လမ်းနဲ့ ၁၉ လမ်းကြားမှာရှိတဲ့ ယခင်က တရုတ်ပုံစံနဲ့ ဆောက်ထားတဲ့ အိမ်တွေနေရာမှာ ခေတ်မီကွန်ဒိုတိုက်ကြီးတွေနဲ့ စီးပွားရေးတွက်ခြေကိုက်အောင် အစားထိုးခဲ့တယ်။

စင်ကာပူမှာတော့ ဒီရှေးဟောင်းအမွေအနှစ်တွေကို စနစ်တကျ ထိန်းသိမ်းထားတာ တွေ့ရတယ်။ ညဘက်မှာ သံအမတ်ကြီးက သူ့ရဲ့နေအိမ်မှာ ညှိ့ခံပွဲကျင်းပပေးတယ်။ သံအမတ်ကြီးတွေ၊ အစိုးရအရာရှိတွေ၊ ပညာရှင်တွေ မြန်မာနိုင်ငံက ပြင်သစ်နိုင်ငံကို ရောက်နေကြသူတွေ၊ လူစုံတက်စုံပဲ။ ကျွန်တော်တို့အဖွဲ့ဝင်တွေနဲ့လည်း စကားပြောဖြစ်ကြတယ်။ ဆွေးနွေးခဲ့တယ်။ ညှိ့ခံပွဲမှာ ကျွေးမွေးတာကြောင့် ထမင်းလွတ်ဖြစ်သွားတယ်။ ပွဲအပြန် ကျွန်တော်နဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ကိုညီငြိမ်းအေး ပီဇာစားချင်လို့ ဟိုတယ် အနီးမှာရှိတဲ့ ဆိုင်မှာစားဖြစ်ခဲ့တယ်။

### ကိုယ့်အားကိုယ်ကိုးပုံစံနဲ့ကျင်းပ

နောက်တစ်နေ့ နံနက်ပွဲမစမီ သံအမတ်ကြီးနဲ့ အခမ်းအနား အစီအစဉ်ကို ဆွေးနွေးတိုင်ပင်ခဲ့ကြတယ်။ ပွဲလုပ်မယ့်နေရာက IRIS လို့ ခေါ်တဲ့ပညာရပ်ဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်း တစ်ခု။ နိုင်ငံတကာဆက်ဆံရေးကို အထူးပြုထားတဲ့အဖွဲ့အစည်း။ ပါရီတက္ကသိုလ်က ဌာနကြီးတစ်ခုနဲ့လည်း ပူးပေါင်းထားတာ။ ဒါကြောင့်လည်း မြန်မာစာကို သင်ကြားနေတဲ့ ဆရာမကြီးတွေ

> **“ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရမှာက နိုင်ငံသားတိုင်းရဲ့ တာဝန်သာဖြစ်တယ်၊ အကြမ်းဖက်မှုကို ကျူးလွန်တဲ့ သူတွေဟာ အခုခေတ်မှာ ခေတ်စားတဲ့ မညီမျှတဲ့စစ်ပွဲကို ကျင်းပနေတာဖြစ်တယ်၊ ဒီစစ်ပွဲမှာ နိုင်ဖို့ဆိုတာထက် တစ်ဖက်က တုံ့ပြန်မှုကို တမင်တကာ ကြိုဆိုခြင်းဖြစ်တယ်”**

လည်း ဝိုင်းကူကြတယ်။ ပွဲကို ကိုယ့်အားကိုယ်ကိုးပုံစံနဲ့ ကျင်းပတာမို့ သံရုံးက ဝန်ထမ်းတွေ အတော်ပင်ပန်းတာ။ အခမ်းအနား အပြင်အဆင်၊ အကျွေးအမွေး ညှိ့ခံကြိုဆိုရေးအားလုံးကို သံအမတ်ကြီးနဲ့ သံရုံးဝန်ထမ်းတွေက လုပ်ဆောင်ပေးကြတယ်။ စေတနာအပြည့်နဲ့ တာဝန်ကျေပွန်ကြတာ။ စင်မြင့်ပေါ်မှာ သံအမတ်ကြီး၊ ကျွန်တော်၊ ကိုညီငြိမ်းအေး၊ ကိုအောင်ခန့်နဲ့ မယဉ်မျိုးစုတို့နေရာယူကြပြီး အခမ်းအနားစခဲ့တယ်။ သံအမတ်ကြီးက ပွဲကျင်းပရတဲ့အကြောင်းကို အသေးစိတ် တင်ပြပေးခဲ့ပြီး ကျွန်တော်က ပြင်ဆင်ထားတဲ့ ဆလိုက်တွေသုံးပြီး မြန်မာပြည်မှာဖြစ်နေတဲ့ အခြေအနေတွေ အထူးသဖြင့် ရခိုင်အရေးကို ပြည့်စုံအောင် ကြိုးစားပြီး တင်ပြခဲ့တယ်။

အမှန်တော့ နိုင်ငံတကာ အသိုင်းအဝိုင်းမှာ ရခိုင်အရေးနဲ့ ပတ်သက်လာရင် တစ်ဖက်သတ်ဖြစ်နေတယ်။ ဇာတ်နာအောင် ပုံစံအမျိုးမျိုး ပုံကြီးချဲ့နေကြတယ်။ တစ်ဖက်နိုင်ငံက ဒုက္ခသည်စခန်းတွေ သွားပြောသမျှကို ယုံ၊ ငိုပြတာကို အမှန်လို့သဘောထားပြီး လူ့အခွင့်အရေးချိုးဖောက်မှုတွေ ရှေ့တန်းတင်ထားကြတယ်။ နိုင်ငံတကာမီဒီယာမှာလည်း တစ်ဖက်သတ်စွပ်စွဲမှုတွေကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လွှင့်ထားကြတယ်။ စွပ်စွဲချက်တွေကတော့ ကြောက်စရာပါပဲ။ ရခိုင်အနောက်ပိုင်းမှာရှိတဲ့ မြို့နယ်သုံးခုဖြစ်တဲ့ မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်ကို အားလုံးက အာရုံစိုက်ပေမယ့် ရခိုင်ပြည်နယ်မှာ မြို့နယ်ပေါင်း ၁၇ ခုရှိတာကို မသိကြဘူး။ မြောက်ပိုင်း၊ အလယ်ပိုင်း၊ တောင်ပိုင်းနဲ့ ဖွဲ့စည်းထားတဲ့ ရခိုင်ပြည်နယ်မှာ ကျန်ရှိတဲ့မြို့နယ်တွေမှာ အေးချမ်းသာယာလျက်ရှိပြီး လူ့အဖွဲ့အစည်းအကြား တင့်တင့်တယ်တယ်နေထိုင်နေကြတာကို မသိကြဘူး။ ကျွန်တော်ပြောတာကို အံ့သြနေကြတယ်။ ရခိုင်ပြည်နယ် အနောက်ပိုင်းမှာတောင် နေရပ်စွန့်ခွာသွားတဲ့သူတွေ အမြောက်အမြားရှိပေမယ့် သေသွားတဲ့သူတွေလည်းရှိတာကို သတိမထားကြဘူး။ လူနည်းစု၊ လူများစုနဲ့ ပတ်သက်လာရင်လည်း မောင်တောမြို့နယ်မှာ အစ္စလာမ်ဘာသာဝင်က ၉၇ ရာခိုင်နှုန်းရှိပြီး အမှန်တော့ ရခိုင်တွေက လူနည်းစုဖြစ်နေတာ။ ဘူးသီးတောင်နဲ့ ရသေ့တောင်မှာလည်း ဒီအတိုင်းပါပဲ။ ရခိုင်အရေးကို ဘာသာရေးဖိနှိပ်မှုတစ်ရပ်အနေနဲ့ စွပ်စွဲနေတာက လုံးဝမဟုတ်ပါဘူး။ ဘာသာရေးပဋိပက္ခတစ်ရပ်မဟုတ်ဘဲ အကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာသာဖြစ်တယ်။

### နိုင်ငံသားတိုင်းရဲ့တာဝန်

နိုင်ငံတိုင်းမှာ နယ်စပ်ဒေသဆိုရင် လုံခြုံရေးအတွက် စိတ်ပူကြတယ်။ စိုးရိမ်ကြပါတယ်။ ဒါကြောင့်လည်း အမေရိကန်နိုင်ငံမှာ မက္ကဆီကိုက ရွှေ့ပြောင်းလာသူတွေကို ဟန့်တားဖို့၊ နံရံကြီးတွေနဲ့ ကာကွယ်ဖို့ ကြိုးစားနေတာ တွေ့ရတယ်။ ဥရောပနိုင်ငံမှာလည်း အလားတူ ရွှေ့ပြောင်းလာသူတွေကို ပုံစံအမျိုးမျိုးနဲ့ တားဆီးကြတာ။ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ရမှာက နိုင်ငံသားတိုင်းရဲ့တာဝန်သာ ဖြစ်တယ်။ အကြမ်းဖက်မှုကို ကျူးလွန်တဲ့သူတွေဟာ အခုခေတ်မှာ ခေတ်စားတဲ့ မညီမျှတဲ့စစ်ပွဲကို ကျင်းပနေတာဖြစ်တယ်။ ဒီစစ်ပွဲမှာ နိုင်ဖို့ဆိုတာထက် တစ်ဖက်က တုံ့ပြန်မှုကို တမင်တကာ ကြိုဆိုခြင်းဖြစ်တယ်။ တုံ့ပြန်မှုကိုလည်း ပုံကြီးချဲ့ပြီး အများသိအောင်လုပ်ဖို့ ရည်ရွယ်တာဖြစ်တယ်။ လုံခြုံရေးတာဝန်ယူထားသူတွေအနေနဲ့လည်း ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခဲ့တာ။ အခုလိုဆောင်ရွက်တဲ့နေရာမှာ အပြစ်ရှိခဲ့ရင် သက်သေပြပါလို့လည်း အတိအလင်းပြောကြားထားခဲ့တယ်။ အပြစ်ရှိတဲ့သူတွေကိုလည်း အရေးယူခဲ့တယ်။ ယူမယ်လို့လည်း ကတိပေးခဲ့တယ်။ တစ်ဖက်နိုင်ငံရောက်နေတဲ့ သူတွေကိုလည်း ပြန်လည်လက်ခံဖို့ ကြိုးစားအားထုတ်လျက်ရှိတယ်။ ပြန်လည်နေရာချထားဖို့လည်း အစီအစဉ်တွေ လုပ်ထားတယ်။ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် အခွင့်အရေးတွေကိုလည်း အာမခံထားတယ်။ ဒါပေမယ့် စိုးရိမ်မှုတွေ၊ ကြောင့်ကြမှုတွေကိုသာ ပြောနေကြတာ။

နိုင်ငံတကာရဲ့ ဖိအားတွေကို ခံနေရသလို ပြည်တွင်းမှာလည်း နှစ်ပေါင်းများစွာ စုစည်းလာတဲ့ ရခိုင်တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေကိုလည်း အလေးထားရမှာဖြစ်တယ်။ သူတို့ စိတ်ပူမှုတွေ၊ ကြောင့်ကြမှုတွေကိုလည်း ထည့်သွင်းစဉ်းစားနေရတယ်။ ဒုတိယဖွံ့ဖြိုးမှုအနိမ့်ကျဆုံးဖြစ်တဲ့ ဒေသတစ်ခု ဖြစ်တာမို့ စီးပွားရေး၊ လူမှုရေးအရ အဘက်ဘက်မှ နိမ့်ကျခဲ့တယ်။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲတွေကြောင့် ဖွံ့ဖြိုးမှုကို နှောင့်နှေးစေခဲ့တယ်။ အခုလိုဖြစ်နေတဲ့ အခြေ အနေကို တုံ့ပြန်နိုင်ဖို့ နိုင်ငံတော်နဲ့ ပုဂ္ဂလိကကဏ္ဍပေါင်းစပ်ပြီး ဖြေရှင်းဖို့ နိုင်ငံတော်က အစီအစဉ်တွေချမှတ်ခဲ့တယ်။ UEHRD ကို ဖွဲ့စည်းခဲ့ပြီး စီမံချက်တွေကို အကောင်အထည်ဖော်လျက်ရှိကြောင်း ရှင်းပြခဲ့တယ်။ အခြေခံစဉ်းစားချက်ကတော့ လိုအပ်တဲ့ လူသားချင်းစာနာမှုလုပ်ငန်းတွေ၊ ပြန်လည်နေရာချထားရေးလုပ်ငန်းတွေနဲ့ ရေရှည်ဖွံ့ဖြိုးမှု အတွက် အစီအစဉ်တွေ ချမှတ်ဖို့ဖြစ်တယ်။ စီးပွားဖွံ့ဖြိုးမှုကို ဖန်တီးနိုင်ရင် ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ဖြေလျှော့နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ပုဂ္ဂလိကကဏ္ဍရဲ့ စွန့်ဦးတီထွင်မှု အင်အားတွေကိုအသုံးချပြီး ထင်သာမြင်သာနဲ့ ပြောင်းလဲမှုတွေကို ဖော်ဆောင်နိုင်အောင် လုပ်ဆောင်နေတာဖြစ်တယ်။ အကျိုးအမြတ်ကို မကြည့်ဘဲ နိုင်ငံရဲ့အရေးကို ဦးစားပေးတဲ့ စိတ်တူသဘောတူရှိတဲ့ လုပ်ငန်းရှင်တွေရဲ့ ကူညီပံ့ပိုးမှုနဲ့ ဆောင်ရွက်လျက်ရှိတယ်။

### နိုင်ငံတကာအဖွဲ့အစည်းတွေကိုလည်း ကြိုဆို

နိုင်ငံတကာအကူအညီကိုလည်း လိုအပ်တဲ့နေရာမှာ နိုင်ငံရဲ့အစီအမံနဲ့လက်ခံဖို့ အဆင်သင့်ရှိကြောင်းကိုလည်း တင်ပြခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတွေ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေကိုလည်း ကြိုဆိုလျက်ရှိတယ်။ ဒါပေမဲ့ တစ်ချိန်ကကျင့်သုံးတဲ့ ကူညီမှုပုံစံကိုတော့ သုံးသပ်ရမှာဖြစ်တယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေးပိတ်ဆို့မှုတွေကြောင့် မြန်မာနိုင်ငံအတွက် ကုလသမဂ္ဂမှဖွံ့ဖြိုးမှု အကူအညီ၊ အထောက်အပံ့တွေ လုံးဝမရခဲ့ပါဘူး။ လူသားချင်းစာနာမှု အကူအညီတွေကိုသာပေးခဲ့တယ်။ အခုလိုကူညီတဲ့အခါ ရခိုင်ပြည်နယ်မှာ အဘက်ဘက်က နိမ့်ကျနေတယ်လို့ယူဆတဲ့ မူဆလင် လူ့အဖွဲ့အစည်းတွေကိုသာ ကူညီထောက်ပံ့ခဲ့တယ်။ ဆင်းရဲတာချင်းအတူတူ တစ်စုကတော့ အထောက်အပံ့တွေရပြီး ကျန်တဲ့အဖွဲ့ကမရရင် မကျေနပ်မှုတွေဖြစ်လာတာဟာ မဆန်းပါဘူး။ ဒါကြောင့်လည်း လူ့အဖွဲ့အစည်းအားလုံးကို အထောက်အပံ့ပေးနိုင်ဖို့ စီစဉ်ထားပါတယ်။ ရခိုင်ပြည်နယ်နဲ့ပတ်သက်လာရင် အမြင်တွေ၊ အယူအဆတွေ၊ အတွေးအခေါ်တွေဟာ အလွန်အရေးပါပါတယ်။ အမှန်တရားဆိုတာ ကြည့်တဲ့လူဘက်က အဓိပ္ပာယ်ရှိတာမြင်ရတယ်။ ကျွန်တော့်ရဲ့တင်ပြချက်အပြီးမှာ ပရိသတ်တွေက မေးခွန်းတွေထုတ်ကြတယ်၊ ဆွေးနွေးကြတယ်။ အာဆီယံနိုင်ငံ သံအမတ်ကြီးတွေက ထောက်ခံဆွေးနွေးကြတယ်။ တချို့အနောက်နိုင်ငံက ပညာရှင်တွေက မေးခွန်းတွေထုတ်ကြတယ်။

၂၀၀၈ ဖွဲ့စည်းပုံကိုလည်း ဆွေးနွေးကြတယ်။နေရပ်ပြန် အစီအစဉ်တွေကိုလည်း မေးခွန်းတွေထုတ်ခဲ့ကြတယ်။ ကျွန်တော်ကကြိုးစားပြီးဖြေဆိုခဲ့တယ်။ အမှန်တော့ ကျွန်တော်တို့ အခုလိုလာခဲ့ရတဲ့ ရည်ရွယ်ချက်ကလည်း အခုလို အမြင်ချင်းဖလှယ်ဖို့ရယ်၊ ကိုယ့်နိုင်ငံရဲ့အနေအထားကို ပြတ်ပြတ်သားသားတင်ပြဖို့ဖြစ်တယ်။ မြန်မာရဲ့အမြင်ကို၊ အခြေအနေကို ရှင်းပြဖို့ဖြစ်တာ။ တစ်ဖက်သတ်တင်ပြမှုတွေကို တုံ့ပြန်နိုင်အောင် စီစဉ်ခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးပွဲအပြီး သံအမတ်ကြီးတည်ခင်းတဲ့ နေ့လယ်စာကို အဖွဲ့ဝင်တွေရယ်၊ သံရုံးကတာဝန်ရှိသူတွေ စားသောက်ကြတယ်။ ကျွန်တော်တို့က ခရီးဆက်ရမှာမို့ ဘူတာရုံကို သံအမတ်ကြီးက လိုက်ပို့တယ်။ ရထားခရီးက တစ်နာရီခွဲကျော်ကျော်။ ပါရီမှ ဘယ်လ်ဂျီယံနိုင်ငံမြို့တော်ဖြစ်တဲ့ အီးယူအဖွဲ့အစည်းရုံးစိုက်တဲ့ ဘရပ်ဆဲလ်မြို့တော်သို့ ခရီးထွက်ခဲ့တာဖြစ်တယ်။ နောက်တစ်နေ့မှာ ဆွေးနွေးပွဲလုပ်ရမှာဖြစ်တာ ခရီးကမဆုံးသေးဘူး။ ။

---

## လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

**တောင်ကုတ် ဇွန် ၁၇**

ရခိုင်ပြည်နယ် သံတွဲခရိုင် တောင်ကုတ်မြို့နယ် မြို့တောင်ကျေးရွာအုပ်စု၌ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဇွန် ၁၃ ရက်တွင် ထောက်ပံ့ငွေနှင့် ပစ္စည်းများ လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လေဘေးသင့်၍ ပြိုလဲခဲ့သည့် အိမ်ထောင်စု လေးစုအတွက် အိမ်ဆောက်ပစ္စည်း ဝယ်ယူရန် ငွေကျပ်လေးသိန်းနှင့် ထောက်ပံ့ရေးပစ္စည်း ၁၅ မျိုးပါ ပလတ်စတစ်ပုံး လေးပုံး၊ လေဘေးသင့် အိမ်ထောင်စု ၃၀ အတွက် ထောက်ပံ့ရေးပစ္စည်း ၁၀ မျိုးပါ ပလတ်စတစ်ပုံးအလုံး ၃၀၊ လေဘေးသင့်ပြည်သူ ၁၄၉ ဦးအတွက် ဆန်ဝယ်ယူရန် ငွေကျပ် ၃၁၂၉၀၀၊ ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းအတွက် ကျောင်းဆောက်ပစ္စည်းဝယ်ယူရန် ငွေကျပ် တစ်သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၃၃၀၂၉၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းထောက်ပံ့ပေးအပ်ပွဲကို ပြည်ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တောင်ကုတ်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လေဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# စိုက်ပျိုး၊ မွေးမြူရေးမှ နိုင်ငံ့စီးပွားတိုးတက်ရေးသို့

မြင့်ဆွေ (ကြေး၊ မြေ)

မြန်မာနိုင်ငံသည် ခေတ်အဆက်ဆက် ယနေ့ကာလတိုင် စိုက်ပျိုးရေးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါသည်။ လယ်ယာသားငါးကဏ္ဍသည် ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းခန့်နှင့် စုစုပေါင်းလုပ်အားအင်အား၏ သုံးပုံနှစ်ပုံခန့် ပါဝင်လျက်ရှိရာ နိုင်ငံ့စီးပွားရေးတွင် အဓိက အရေးပါသည့်ကဏ္ဍဖြစ်ပါသည်။ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်း တင်ပို့နိုင်ရေးအတွက် လယ်ယာသားငါးထုတ်ကုန်များကို ပိုမိုတိုးတက် ထွက်ရှိအောင် အစဉ်တစိုက် ဆက်လက်ဆောင်ရွက်နေရမည်ဖြစ်ပါသည်။

ယနေ့မျက်မှောက်ကာလ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ် တင်ပို့နိုင်ခြင်းမှာယခင်ခေတ်ကာလများက နိုင်ငံတော်၏ လယ်ယာသားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံကောင်းများ ချမှတ်ဆောင်ရွက်ခဲ့ခြင်းအပေါ် အရှိန်မပျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း၏ အကျိုးရလဒ်များဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ် ၂၀ ကာလ ၁၉၉၈ ခုနှစ် ဝန်းကျင်က ကမ္ဘာနှင့်တစ်ဝန်းဒေသအသီးသီးတွင် စီးပွားရေးကျဆင်းမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုအပြင် နိုင်ငံတကာစားနပ်ရိက္ခာလိုအပ်မှုကို ထောက်ပံ့တင်ပို့နိုင်ရန် ရည်ရွယ်လျက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးရေးကို နိုင်ငံတော်စီမံကိန်းတစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

## မြေယာဖော်ထုတ်စိုက်ပျိုးမွေးမြူရေးစီမံကိန်း

လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် စိုက်ပျိုးမြေဧရိယာ တိုးချဲ့ရေးနှင့် သီးနှံတစ်ဧကအထွက်နှုန်းတိုးရေးကို စီမံဆောင်ရွက်ရာတွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို စိုက်ပျိုးမြေအဖြစ်ဖော်ထုတ်ရေးလုပ်ငန်းသည် ငွေကြေးအရင်းအနှီးနှင့် စက်ယန္တရားများ စိုက်ထုတ်လုပ်ကိုင်ရန်လိုအပ်ပါသည်။ အလားတူသီးနှံအထွက်နှုန်းတိုးရေးအတွက် သီးနှံမျိုးကောင်း မျိုးသန့်များ၊ လယ်ယာသုံးစက်ကိရိယာများ၊ မြေဩဇာ၊ ပိုးသတ်ဆေးစသည့် သွင်းအားစုများ ဖြည့်ဆည်းရန်လည်း လိုအပ်ပါသည်။ ယင်းလုပ်ငန်းလိုအပ်ချက်များကို နိုင်ငံတော်အစိုးရတစ်ခုတည်းက စိုက်ထုတ်သုံးစွဲရန် လွယ်ကူသည့်အနေအထားမဟုတ်သည့်အတွက် မြေယာဖော်ထုတ်စိုက်ပျိုးရေး လုပ်ငန်းစီမံကိန်းတွင် ငွေကြေးအရင်းအနှီးနှင့် စီမံခန့်ခွဲမှုအားကောင်းသော တိုင်းရင်းသားလုပ်ငန်းရှင်များ ဝင်ရောက်ရင်းနှီးလုပ်ကိုင်လာအောင် အားပေးစည်းရုံး လုပ်ကိုင်ခွင့်ပြု ဆောင်ရွက်ခဲ့ပါသည်။

၁၉၉၈-၁၉၉၉ ခုနှစ်တွင် မြေယာဖော်ထုတ်စိုက်ပျိုးရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ရာ ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီး သုံးခုအတွင်း ရေကြီးကွင်း၊ ရေနက်ကွင်း၊ ရေအောက်မြေများ အပါအဝင် မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးများနှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်အဆင့်မှ ဦးဆောင်၍ ဦးစီးကော်မတီနှင့် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ နိုင်ငံတော်၏ မြေသယံဇာတ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ကေထောင်သောင်းရှိသော ခေတ်မီလယ်ယာလုပ်ကွက်ကြီးများအဖြစ် ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် လယ်ယာကဏ္ဍ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝနှင့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်လာရေးကို ဦးတည်ရည်မှန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

## လယ်မှာစပါး၊ ရေမှာငါး

ဧရာဝတီ၊ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းမှ ရေကြီးကွင်း၊ ရေနက်ကွင်း ဧရိယာများမှာ မိုးရာသီတွင် စိုက်ပျိုးမရနိုင်ဘဲ ရေကျချိန်တွင် ကျူတောကိုင်းတော၊ ဒိုက်တောဒေါင်းတောများ ထူထပ်စွာပေါက်ရောက်လျက်ရှိသဖြင့် ဒေသခံတောင်သူလယ်သမားများ မြေယာဖော်ထုတ် စိုက်ပျိုးလုပ်ကိုင်ရန်အင်အားမရှိပါ။ နိုင်ငံတော်ကတာဝန်ပေးအပ်သည့် တိုင်းရင်းသားကုမ္ပဏီလုပ်ငန်းရှင်များက ကျွမ်းကျင်ဝန်ထမ်းနှင့်ပညာရှင်များ၊ စက်ယန္တရားနှင့်ငွေကြေးအရင်းအနှီးများ စိုက်ထုတ်ဖော်ထုတ်၍ ပေါ်ထွက်လာသည့်မြေများကို ဒေသခံတောင်သူလယ်သမားများသို့ လယ်ယာသုံးစက်ကိရိယာ၊ မျိုးစေ့၊ မြေဩဇာမှအစ သွင်းအားစုများနှင့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ငွေကြေးစိုက်ထုတ်ပေးပြီး အကျိုးတူစိုက်ပျိုးရေး (Contract Farming) အဖြစ် ပူးပေါင်းလုပ်ကိုင်ကြခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်မြင်ခဲ့ပါသည်။

ရေကြီးကွင်း၊ ရေနက်ကွင်းဧရိယာများမှာ ရေမြေအနေအထားအရ အနိမ့်ပိုင်း ရေဝပ်ဧရိယာများ ဖြစ်သည့်အတွက် စိုက်ပျိုးမြေအဖြစ် မဖော်ထုတ်နိုင်သည့် နေရာများတွင် ငါးမွေးမြူရေးကန်များ ဖော်ထုတ်လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ အင်းချောင်းများမှ သဘာဝအလျောက် ငါးထုတ်လုပ်မှုအပြင် ရေကြီးကွင်း၊ ရေနက်ကွင်းများမှ တစ်နှစ်ပတ်လုံး ရေဝပ်သည့်ဧရိယာများတွင် ငါးမွေးကန်များတူးဖော်ပြီး ငါးမွေးမြူခြင်း၊ မြစ်ဝကျွန်းပေါ်အောက်ပိုင်း ရေငန်ဝင်ဒေသတွင် သဘာဝအလျောက် ရေငန်ပုစွန်မွေးမြူခြင်း၊ ဒီရေတောရေဝပ်ဧရိယာများတွင် သိပ္ပံနည်းကျ ရေငန်ပုစွန် မွေးမြူရေးကန်များ ဖော်ထုတ်မွေးမြူခြင်းတို့ဖြင့် ငါးပုစွန်ထုတ်လုပ်မှု သိသိသာသာတိုးတက်မြင့်မားလာခဲ့ပါသည်။

## စိုက်ပျိုးရေးနှင့်မွေးမြူရေးအတူယှဉ်ပြိုင်တိုးတက်ခဲ့သည်

မြေယာဖော်ထုတ်၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော်မှုတွင် သာဓကအားဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြေကေတစ်သန်း ဖော်ထုတ်ရေး လုပ်ငန်းစီမံချက်အရ တိုင်းရင်းသားကုမ္ပဏီများအပြင် ဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် ဒေသခံတောင်သူလယ်သမားများကိုပါ မြေယာဖော်ထုတ်လုပ်ကိုင်ခွင့်ပြုပေးခဲ့ပါသည်။ ၁၉၉၈-၁၉၉၉ ခုနှစ်မှ ၂၀၀၂-၂၀၀၃ ခုနှစ် အတွင်း မြေဧရိယာ ၇၄၈၄၈၇ ဧက ချထားပေးခဲ့ပြီး ၇၁၉၃၆၁ ဧက ဖော်ထုတ်နိုင်ခဲ့၍ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကို မြေဧရိယာ ၅၃၅၁၉၆ ဧက အသုံးပြုနိုင်ခဲ့ကြောင်း သိရှိရပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ၁၉၉၇-၁၉၉၈ ခုနှစ်က မိုးစပါး၊ နွေစပါး စုစုပေါင်း စိုက်ဧရိယာ ၄၅ ဒသမ ဝ၆ ဧကသိန်းမှ ၂၀၀၁-၂၀၀၂ ခုနှစ်ကုန်တွင် စုစုပေါင်း စပါးစိုက်ဧရိယာ ၅၀ ဒသမ ဝ၃ ဧကသိန်းအထိ မိုးစပါးဧကတစ်သိန်းကျော်နှင့် နွေစပါးဧကလေးသိန်းခန့် စပါးစိုက်ဧရိယာပေါင်း ဧကငါးသိန်း တိုးတက်စိုက်ပျိုးနိုင်ခဲ့ပါသည်။ မြေယာဖော်ထုတ် လုပ်ကိုင်ရာတွင် မြေလွတ်မြေလပ် မကျန်စေရန် “စိုက်လို့ရသည့်နေရာစိုက်၊ စိုက်လို့မရသည့်နေရာမွေး” ဟူသည့်မူအရ သီးနှံစိုက်ပျိုးမရနိုင်သည့် ဧရိယာများတွင် ငါးပုစွန်မွေးမြူရေးကန်များ ဖော်ထုတ်လုပ်ကိုင်ခဲ့ရာ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် ငါးပုစွန်မွေးမြူရေးကန်ဧရိယာ ၇၃၁၄ ဧကရှိရာမှ ၂၀၀၁-၂၀၀၂ ခုနှစ်ကုန်တွင် ၆၄၅၅၅ ဧကအထိ တိုးတက်လာခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငါးပုစွန်မွေးမြူရေးကန် ဧရိယာ ၁၄၄၀၁၆ ဧကရှိကြောင်း လေ့လာသိရှိရပါသည်။

ရေကြီးကွင်း၊ ရေနက်ကွင်း ရေအောက်မြေများကို စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ရာတွင် လိုအပ်သော စက်ယန္တရားများနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများကို ပြည်ပမှ ဝယ်ယူတင်သွင်းနိုင်ရေးအတွက် မြေယာဖော်ထုတ်၍ ဧက ၅၀၀၀ နှင့်အထက် စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သူများအား ထွက်ရှိသည့် စပါးသီးနှံ၏ ထက်ဝက် (၅၀ ရာခိုင်နှုန်း) ကို ပြည်ပသို့တင်ပို့ရောင်းချခွင့်ပြုခဲ့ပါသည်။ ယင်းသို့ နိုင်ငံတော်က ဦးဆောင်၍ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ကေထောင်သောင်း ရှိသော ခေတ်မီလယ်ယာလုပ်ကွက်ကြီးများအဖြစ် ဖော်ထုတ်လုပ်ကိုင်ခြင်းဖြင့် လယ်ယာကဏ္ဍ သိသိသာသာ တိုးတက်လာမည်ဖြစ်သကဲ့သို့ တောင်သူလယ်သမားများ၏ လူမှုစီးပွားနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်လာရေးကို ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

> **“နိုင်ငံတစ်ဝန်းဖော်ထုတ်ခဲ့ပြီးသော မြေယာအရင်းအမြစ်များကို လုပ်ကိုင်ခွင့် ရရှိသူ တောင်သူလယ်သမားများ အနေဖြင့် ရေမြေရာသီဥတုအခြေအနေနှင့် ကိုက်ညီစွာ ထိရောက်အကျိုးရှိအောင် အမှန်တကယ်အသုံးချ စိုက်ပျိုးလုပ်ကိုင်ရန် လိုအပ်ပါသည်။ မြေနှင့်ရေကိုအသုံးပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက် ထွက်ရှိအောင် လုပ်ဆောင်ကြရပါမည်။ သီးနှံစိုက်ပျိုးရန်မဖြစ်ထွန်းသည့် နေရာများတွင် တိရစ္ဆာန်မွေးမြူရေး၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းကို ဥပဒေနှင့်အညီ တရားဝင်ခွင့်ပြုချက် ရယူလုပ်ကိုင်ကြရမည်ဖြစ်”**

## မြေပြန်လည်အပ်နှံခြင်းနှင့် လုပ်ကိုင်ခွင့်ချထားပေးခြင်း

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများနှင့် ရေနက်ကွင်းမြေယာဖော်ထုတ်ရေးသည် လုပ်ငန်းပမာဏကြီးမားသည့်အတွက် လက်တွေ့လုပ်ဆောင်ရာတွင် ဖော်ထုတ်လုပ်ကိုင်သူများအနေဖြင့် အဆင်မပြေမှုများနှင့် အခက်အခဲများစွာကြုံတွေ့ခဲ့ကြပါသည်။ တိုင်းရင်းသားကုမ္ပဏီများအနေဖြင့် နိုင်ငံတော်က အမျိုးသားရေးတာဝန်အဖြစ် စည်းရုံးတာဝန်ပေးအပ်ချက်အရ မြေယာဖော်ထုတ်စိုက်ပျိုးရေးလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းကြောင့် စိုက်ပျိုးမြေများ ပေါ်ထွက်လာပြီး ကျေးလက်ဒေသနှင့် တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်လာခဲ့သော်လည်း ကုမ္ပဏီအများစုအနေဖြင့် ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ပါသည်။

နိုင်ငံတော်အနေဖြင့် မြေယာဖော်ထုတ်စိုက်ပျိုးမွေးမြူရေးစီမံကိန်းလုပ်ငန်း စတင်စဉ်ကပင် ရေကြီးကွင်း၊ ရေနက်ကွင်းများ အပါအဝင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ဖော်ထုတ်၍ လယ်ယာစိုက်ပျိုးမြေများပေါ်ထွက်လာပြီးနောက် ဒေသခံတောင်သူလယ်သမားများ လုပ်ကိုင်နိုင်စွမ်းရှိသည့်အချိန်တွင် လွှဲပြောင်းလုပ်ကိုင်ရန် ရည်ရွယ်ချက် ရှိခဲ့သည်ဟုလည်း သိရပါသည်။ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ကုမ္ပဏီအချို့အနေဖြင့် မိမိတို့လုပ်ကိုင်ခွင့်ရရှိထားသော မြေများကိုဆက်လက် လုပ်ကိုင်လိုခြင်း၊ လုပ်ကိုင်နိုင်ခြင်းမရှိသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ကြပါသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၁၉၉၉ -၂၀၀၀ ခုနှစ်တွင် ကုမ္ပဏီအဖွဲ့အစည်းပေါင်း ၃၀ က ရေကြီးကွင်း၊ ရေနက်ကွင်း၊ ရေအောက်မြေများအပါအဝင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းဧရိယာ ၂၆၂၂၉၆ ဧကကို ရယူဖော်ထုတ် လုပ်ကိုင်ခဲ့ကြသော်လည်း အခက်အခဲမျိုးစုံ ကြုံတွေ့ရပြီး ဆက်လက်လုပ်ကိုင်လိုမှုမရှိသဖြင့် ကုမ္ပဏီအချို့က ရယူထားသည့် မြေဧရိယာများကို ပြန်လည်စွန့်လွှတ်အပ်နှံခဲ့ကြပါသည်။ ယင်းသို့ အပ်နှံရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုသာ ပြန်လည်အပ်နှံခဲ့ခြင်းဖြစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ပုဂ္ဂလိကသို့ ချထားပေးခြင်းဖြစ်ပါသည်။

အဆိုပါ စီမံကိန်းဖြင့် ဖော်ထုတ်ခဲ့ပြီး ပြန်လည်အပ်နှံခဲ့သော မြေယာများကို ဒုတိယသမ္မတ ဦးဆောင်သည့် ဗဟိုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အဆင့်ဆင့်စိစစ်ပြီး အမှန်တကယ် လုပ်ကိုင်လိုသော၊ လုပ်ကိုင်နိုင်စွမ်းရှိသော ဒေသခံ တောင်သူလယ်သမားများအား မြေယာလုပ်ကိုင်ခွင့်များ စနစ်တကျပေးအပ်ချထားဆောင်ရွက်လျက်ရှိသော်လည်း ကြန့်ကြာမှုများရှိနေပါသည်။ အထူးသဖြင့် ပြန်လည်ရယူအသုံးပြုလိုကြသည့်သူများ အချင်းချင်းမကျေလည်မှုများနှင့် အငြင်းပွားမှုများ ရှိနေကြကြောင်း သိရပါသည်။ မည်သို့ပင်ဖြစ်စေ တာဝန်ရှိသူများနှင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်တို့က စေတနာမှန်၊ လုပ်နည်းမှန်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါသည်။

## မြေယာများကို ဥပဒေနှင့်အညီ အကျိုးရှိစွာအသုံးချရေး

နိုင်ငံတစ်ဝန်းဖော်ထုတ်ခဲ့ပြီးသော မြေယာအရင်းအမြစ်များကို လုပ်ကိုင်ခွင့်ရရှိသူ တောင်သူလယ်သမားများအနေဖြင့် ရေမြေရာသီဥတုအခြေအနေနှင့် ကိုက်ညီစွာ ထိရောက်အကျိုးရှိအောင် အမှန်တကယ်အသုံးချစိုက်ပျိုးလုပ်ကိုင်ရန် လိုအပ်ပါသည်။ မြေနှင့်ရေကိုအသုံးပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ပိုမိုတိုးတက်ထွက်ရှိအောင် လုပ်ဆောင်ကြရပါမည်။ သီးနှံစိုက်ပျိုးရန်မဖြစ်ထွန်းသည့် နေရာများတွင် တိရစ္ဆာန်မွေးမြူရေး၊ ငါးပုစွန်မွေးမြူရေးလုပ်ငန်းကို ဥပဒေနှင့်အညီ တရားဝင်ခွင့်ပြုချက် ရယူလုပ်ကိုင်ကြရမည်ဖြစ်ပါသည်။

ရေကြီးကွင်း၊ ရေနက်ကွင်း၊ ရေအောက်မြေများ အပါအဝင် နိုင်ငံတစ်ဝန်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ “လယ်လုပ်လွယ်လျက် လယ်တည်ခက်သည်” ဆိုသည့်အတိုင်း မြေရိုင်းမှမြေယဉ်ဖြစ်အောင် ဖော်ထုတ်ရသည်မှာ လုပ်ကွက်ဧရိယာကြီးမားကျယ်ပြန့်လျှင် ကျယ်ပြန့်သလောက် အခက်အခဲများစွာရှိပါသည်။ အညာဒေသ သစ်ပင်ချုံနွယ်များ ပေါက်ရောက်လျက်ရှိသော တောရိုင်းမြေများ၊ မြစ်ဝကျွန်းပေါ်ဒေသ ကျူတောကိုင်းတောများ ပေါက်ရောက်လျက်ရှိသည့် ရေအောက်မြေများနှင့် ဒေသခံများ ဖော်ထုတ်နိုင်စွမ်းမရှိသော မြေလွတ်မြေရိုင်းများကို နည်းပညာကျွမ်းကျင်မှု၊ စက်ယန္တရားများနှင့် ငွေကြေးအရင်းအနှီးများစွာ အကုန်အကျခံဖော်ထုတ်ပြီးမှ စိုက်ပျိုးလုပ်ကိုင်နိုင်သောမြေအဖြစ် ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

ပေါ်ထွက်လာသောမြေကို ရာသီဥတု ရေမြေအခြေအနေနှင့် ကိုက်ညီသည့် စပါးအပါအဝင် ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ဝါ၊ ကြံ စသည်နှင့်နှစ်ရှည်ပင်များ စိုက်ပျိုးလုပ်ကိုင်ရာတွင်လည်း စက်ကိရိယာ၊ မျိုး၊ မြေဩဇာစသည့် သွင်းအားစုများသာမက ပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများ၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်များကို စိုက်ထုတ်လုပ်ကိုင်ကြရပါသည်။ အချို့ဧရိယာများတွင် ဒေသခံတောင်သူလယ်သမားများ၏ လုပ်အားပါဝင်လျက် အကျိုးတူစိုက်ပျိုးရေးအဖြစ် လုပ်ကိုင်ရာ၌ အောင်မြင်မှုများရှိသကဲ့သို့ ဆုံးရှုံးမှုများလည်းရှိခဲ့ပါသည်။

မြေယာဖော်ထုတ်၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အဓိက အရင်းခံ အကျဆုံးလိုအပ်ချက်မှာ မြေနှင့်ရေဖြစ်ပါသည်။ မြေယာဖော်ထုတ်စိုက်ပျိုးမွေးမြူလုပ်ကိုင်ခွင့်နှင့် အသုံးချခွင့်ကို မြေယာဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခိုင်ခိုင်မာမာရရှိရန် အရေးကြီးပါသည်။ စက်ကိရိယာနှင့် သွင်းအားစုများအပါအဝင် လုပ်သားအင်အားနှင့် နည်းပညာကျွမ်းကျင်မှုတို့အပြင် ငွေကြေးအရင်းအနှီးလိုအပ်ချက်များစွာရှိပါသည်။ ဒေသခံတောင်သူလယ်သမားများနှင့် အကျိုးတူလုပ်ကိုင်ရာတွင် လုပ်အားနှင့် အရင်းအနှီးစိုက်ထုတ်ပါဝင်မှု၊ သီးနှံထွက်ရှိမှုနှင့် အကျိုးအမြတ်ခွဲဝေခံစားပိုင်ခွင့် စသည့်မူဘောင်စည်းမျဉ်းများ ကြိုတင်ညှိနှိုင်းသဘောတူ သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဒေသအသီးသီးရှိ မြေ၊ ရေ၊ လူလုပ်အားတို့ကို စက်ကိရိယာ၊ သွင်းအားစု၊ နည်းပညာ၊ အရင်းအနှီးတို့နှင့် စိုက်ထုတ်ပေါင်းစပ်၍ ဟန်ချက်ညီစွာ စီမံဆောင်ရွက်နိုင်ကြမှသာ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမည်ဖြစ်ပါသည်။

## လယ်ယာ၊ သားငါးကဏ္ဍဖွံ့ဖြိုးမှ နိုင်ငံ့စီးပွားတိုးတက်မည်

နိုင်ငံတစ်ဝန်းမြေယာဖော်ထုတ်၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းကြီးများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံနှင့် အခြေအနေများအပေါ် သင်ခန်းစာရယူ၍ လယ်ယာ၊ သားငါးထုတ်ကုန်များပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး အားသစ်လောင်း ဆောင်ရွက်ကြရမည့်အချိန်ဖြစ်ပါသည်။

ယင်းသို့ဆောင်ရွက်ခြင်းဖြင့် ဒေသအသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်ဦးချင်း ဝင်ငွေတိုးလာခြင်းနှင့်အတူ နိုင်ငံ့စီးပွားရေးလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်၍ စိုက်ပျိုး၊ မွေးမြူရေးကို အခြေပြုလျက် လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးမှုမှသည် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းပါဝင်ပံ့ပိုးကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# ပေါင်မြို့နယ်တွင် စပါးဖျက်ခရုများကို ဌာနဆိုင်ရာနှင့် တောင်သူများ စုပေါင်းနှိမ်နင်းနေရ

**ပေါင် ဇွန် ၁၇**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ယခုနှစ်မိုးစပါးစိုက်ရာသီအတွင်း ဒေသအခေါ် ရွှေခရုဟုခေါ်သော သီးနှံဖျက်ခရုများ ကျရောက်မှုများပြီး စပါးပင်များကို ဖျက်ဆီးစားသောက်ခံနေရသဖြင့် တောင်သူများနှင့် စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ခရုများကို ကောက်ယူခြင်းဖြင့် နှိမ်နင်းလျက်ရှိကြောင်း သိရသည်။

ပေါင်မြို့နယ်အတွင်းသို့ ရွှေခရုများ ဝင်ရောက်မှုမှာ ၁၀ နှစ်ကျော်ခန့် ရှိပြီဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့စဉ်က ရေများနှင့်လိုက်ပါလာ၍ ပေါင်မြို့နယ်သို့ စပါးဖျက်ခရုဖျား ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း၊ ကျေးရွာများရှိ မျိုးစပါးပင်များကို ဖျက်ဆီးစားသောက်ခဲ့ကြသဖြင့် လယ်သမားများမှာ နှစ်စဉ်နှစ်တိုင်း မျိုးစပါးပင် အခက်အခဲများနှင့် ကြုံတွေ့ရကြောင်း တောင်သူများ၏ ပြောပြချက်အရ သိရသည်။

ရွှေခရုများသည် ပါးဟက်ဖြင့် အသက်ရှူနိုင်သလို အဆုတ်ဖြင့်လည်း အသက်ရှူနိုင်ကြောင်း၊ ၄င်းခရုများကို ကောက်ယူနင်းခြေ၊ ထုခြေဖျက်ဆီးပြီး မြေမြှုပ်မှသာလျှင် သေဆုံးနိုင်ကြောင်း၊ ချောင်း၊ မြောင်းအတွင်းသို့ ပြန်လွှတ်မည်ဆိုပါက သေဆုံးမည်မဟုတ်ကြောင်း၊ ရေကြီးနှစ်မြုပ်ပြီး ရေပြန်ကျသွားသောအခါ လယ်ကွင်းများနှင့် စပါးခင်းများတွင် ခရုနှင့် ပိုးမွှားရောဂါများ ကျရောက်တတ်ကြောင်း၊ တောင်သူများကလည်း ဘက်စုံ ခရုကာကွယ်ရေးနည်းလမ်းများကို သိရှိကာ မိမိလယ်မြေတွင် ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်မှသာလျှင် ခရုနှိမ်နင်းရေးအတွက် ထိရောက်မည်ဖြစ်ကြောင်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဥများကိုဖျက်ဆီးရာတွင် လယ်တစ်ဧကလျှင် ထုံး ၁၆ အိတ်ကို သတ်မှတ်နှုန်းအတိုင်း ပြည့်အောင် ဖျန်းမှသာလျှင် နှိမ်နင်းနိုင်မည်ဖြစ်ကြောင်းနှင့် ရွှေခရုများ၏ သက်တမ်းမှာ ခြောက်နှစ်မှ ၁၀ နှစ်အထိ ရှိခြင်းကြောင့် စုပေါင်းနှိမ်နင်းသည့်နည်းလမ်းဖြင့်သာ ထိရောက်မှုရှိနိုင်သည်ဟုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖြူဘကျေးရွာမှ ဒေသခံလယ်သမားတစ်ဦးက "တစ်နှစ်ထက်တစ်နှစ် မလျော့သွားဘူး၊ သူတို့ကို အချိန်ပေးပြီး သေချာကောက်ယူသတ်လိုက်မှပဲ ကုန်မှာ၊ အလုပ်သမားငှားမယ်ဆိုရင်တောင် တစ်အိတ် ၂၀၀၀ ကျော်ပေးပြီး ကောက်ခိုင်းတာတောင် ဘယ်သူကမှ မကောက်နိုင်ကြတော့ဘူး၊ ဒါကြောင့် နှစ်တိုင်း စိုက်ပျိုးရေးဦးစီးဌာန၊ အခြားဌာနဆိုင်ရာများနဲ့ ပူးပေါင်းပြီးတော့ နှိမ်နင်းကောက်ယူသတ်ဖြတ်ကြတာပါ"ဟု ပြောသည်။

ဇွန် ၁၆ ရက် နံနက်ပိုင်းက ဖြူဘကျေးရွာရှိ ဘက်စုံနည်းပညာ အဆင့်မြင့်စံပြကွက်တွင် ခရုများကို တောင်သူများ၊ သထုံခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးနိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်းကောက်ယူပြီး ဖျက်ဆီးခဲ့ကြကြောင်းသိရသည်။



**ကိုဟိန်း(ပေါင်)**

# ကရင်ပြည်နယ် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်နေ

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်များတည်ရှိသည့် နယ်မြေများတွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်၏ ပြောကြားချက်အရ သိရသည်။




လက်ရှိတွင် ပြည်နယ်အစိုးရထံသို့ တိုင်းရင်းသားလက်နက်ကိုင်များမှ တင်ပြတောင်းဆိုထားသော စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် မျိုးစေ့များထောက်ပံ့ခြင်းအပြင် စိုက်ပျိုးရေးနည်းစနစ်များ သင်ကြားပေးခြင်းကိုလည်း ပုံမှန်သင်တန်းပေးဆောင်ရွက်နေသည်ဟု သိရသည်။ "မျိုးစေ့လိုအပ်ချက်ကတော့ သူတို့ကနေပြီးတော့ ပြည်နယ်အစိုးရအဖွဲ့ကို တင်ပြတောင်းခံတာမျိုးရှိတယ်၊ အဲဒါကို ကျွန်တော်တို့က ထောက်ပံ့ပေးရတယ်၊ သင်တန်းတွေကျတော့ အခြားတိုင်းဒေသကြီးတွေက ဆရာဆရာမတွေခေါ်ပြီး သင်တန်းပေးခိုင်းတာထက် ကရင်စကားပြောတတ်တဲ့ ပြည်နယ်အတွင်းက ဝန်ထမ်းတွေနဲ့ပဲ သင်တန်းပေးပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

လက်ရှိအချိန်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA)ကို လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးကို စိတ်ဝင်စားမှုရှိသည့်အတွက် အဆိုပါအဖွဲ့များ၏ စရိတ်ထောက်ပံ့မှုဖြင့် စိုက်ပျိုးရေးဦးစီးဌာနက နည်းပြများစေလွှတ်ကာ စိုက်ပျိုးနည်းပညာများ သင်ကြားပို့ချလျက်ရှိပြီး ယခုနှစ်တွင် ကရင်အမျိုးသားအစည်းအရုံး KNU မှ တင်ပြလာသည့် မျိုးစပါး ၂၈၅ တင်းကို ဖြန့်ဝေပေးထားကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ် တတန်ကူးကျေးရွာအုပ်စု အာရှလမ်းအနီးရှိ KNU စိုက်ပျိုးမွေးမြူရေးစခန်းမှ အထွေထွေတာဝန်ခံ ဆရာမ နော်ငွဲဒါးက "အစိုးရစိုက်ပျိုးရေးနဲ့ ပူးပေါင်းပြီး လုပ်ဆောင်တယ်၊ နှစ်နည်းနည်းတောင် ကြာသွားပြီ၊ အခုဆိုရင် ဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးအတွက်ကိုလည်း ညှိနှိုင်းပြီး လုပ်ဆောင်နေပါတယ်"ဟု ပြောသည်။

ငြိမ်းချမ်းရေးယူထားသည့် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်များ၏ ဒေသများတွင် စပါးအပြင် အခြား ဈေးကွက်ဝင် သီးနှံများနှင့် တောင်သူများတွက်ခြေကိုက်သည့် သီးနှံများအနေဖြင့် အစေ့ထုတ်ပြောင်း၊ ကော်ဖီ၊ စမုန်နက်နှမ်းတို့ကို တိုးချဲ့စိုက်ပျိုးနိုင်ရန်လည်း တိုက်တွန်းလုပ်ဆောင်နေကြောင်း ကရင်ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ **စောလင်းခိုင်(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(ဇွန် ၁၁ ရက်မှ ၁၅ ရက်အထိ)**

**မတ်ပဲ (FAQ/RC) ဈေးကျဆင်း**

မတ်ပဲကတော့ ဒီတစ်ပတ်မှာ ဈေးအတော်ကျဆင်းသွားခဲ့ပါတယ်။ ဇွန်လကနေ ဩဂုတ်လအတွင်းမှာ တန်ချိန် တစ်သိန်းခွဲကို ရောင်းချရမှာဖြစ်ပေမယ့် ပြည်ပနိုင်ငံက ဈေးနှိမ်ဝယ်ယူတဲ့အတွက်ကြောင့် ဈေးက ကျဆင်းသွားတာလည်း ဖြစ်ပါတယ်။ ပြည်တွင်းပဲပို့လျှံမှုကြောင့် ပြည်ပနိုင်ငံက အခွင့်ကောင်းယူကာ ဈေးနှိမ်ဝယ်ယူနေတာဖြစ်တယ်လို့လည်း ကုန်သည်တွေက သုံးသပ်ထားပါတယ်။ ကုန်သည်တွေက ပြည်ပကိုတင်ပို့ဖို့အတွက် ဝယ်ယူစုဆောင်းနေပြီး ရောင်းချသူတွေကလည်း မျှော်လင့်ချက်နဲ့အတက်ဈေးကို စောင့်နေတဲ့ အခြေအနေမှာ ဈေးနှုန်းတွေက အတက်အကျမတည်ငြိမ်တာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့အပတ်အထိ မတ်ပဲတစ်တန်ကို ကျပ်ငါးသိန်းခွဲအထိ ဈေးမြင့်နေခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်ကို ၄၇၀၀၀၀ အထိ ဈေးက ကျဆင်းသွားခဲ့ပါတယ်။ တစ်ပတ်ကျော်အတွင်း တစ်တန်မှာ ကျပ် ၈၀၀၀၀ နီးပါး ဈေးကျဆင်းသွားတာကြောင့် မတ်ပဲဈေးက ပဲစင်းငုံနီဈေးအောက်ကိုပါ ရောက်ရှိသွားခဲ့ပါတယ်။

ပြည်ပတင်ပို့တဲ့ မတ်ပဲဈေးနှုန်းတွေက ကျဆင်းနေပေမယ့် ပြည်တွင်းဝယ်ယူမှုမှာတော့ ဈေးက တက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်ပတ်အတွင်း တစ်တင်းမှာ ၁၅၀၀ ကျပ်လောက် ဈေးတက်လာပြီး ၁၆၀၀၀ ကျပ် ပေါက်ဈေးရှိနေပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ၁၆၆၀၀ ကျော် ပေါက်ဈေးရှိပြီး ၂၀၀ နီးပါး ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ ၁၀၀၀ ကျပ်လောက် ဈေးကျဆင်းခဲ့ပြီး တစ်တင်းကို ၁၆၀၀၀ ကျပ် ပေါက်ဈေးရှိပါတယ်။

**ပဲစင်းငုံနီကို ပြည်ပက ဈေးနှိမ်ဝယ်နေ**

ပဲစင်းငုံနီကလည်း မတ်ပဲနည်းတူ ပြည်ပက ဈေးနှိမ်ပြီး ဝယ်ယူတဲ့အတွက် ဈေးကျဆင်းသွားခဲ့ပါတယ်။ ပြီးခဲ့တဲ့အပတ်ကအထိ တစ်တန်ကို ကျပ် ၅၃၀၀၀၀ ကျော်အထိ ဈေးတက်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တန်မှာ ကျပ် ငါးသောင်းလောက် ဈေးကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ဈေးကျဆင်းခဲ့ပေမယ့် လက်ရှိမှာ မတ်ပဲထက်ကို ဈေးကောင်းရနေသေးတဲ့ အခြေအနေပါ။ ပဲစင်းငုံနီက မတ်ပဲနဲ့ယှဉ်ရင် ပြည်ပဝယ်ယူမှု တန်ချိန်များတဲ့အတွက် ပြည်တွင်းဝယ်လှောင်သူတွေက ဈေးကောင်းပေးပြီး ဝယ်နေလို့ ဈေးဆက်ပြီး ကျမသွားနိုင်ဘူးလို့လည်း ခန့်မှန်းထားတဲ့အပြင် ဩဂုတ်လနောက်ဆုံးထားပြီး အချိန်မီ ပြည်ပတင်ပို့ရမှာဖြစ်ပြီး အလုံးအပြင် ခွဲခြမ်းပါ တင်ပို့ရမှာဖြစ်တဲ့အတွက် ဈေးက ပြန်တက်လာနိုင်တယ်လို့လည်း ကုန်သည်တွေက သုံးသပ်ထားပါတယ်။

ဒီတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၁၃၀၀၀ ကျော်၊ ပခုက္ကူမှာ တစ်တင်းကို ၁၅၀၀၀ ကျော်နဲ့ ပြည်မှာ တစ်တင်းကို ၁၄၀၀၀ ကျော်ရှိပြီး ဈေးနှုန်းတွေက အရင်တစ်ပတ်ထက် အနည်းငယ်စီ ကျဆင်းခဲ့ပါတယ်။

**ပဲတီစိမ်း ပုံမှန်အရောင်းအဝယ်**

ပဲတီစိမ်းက ဒီတစ်ပတ်မှာ ဈေးတက်နေပေမယ့် အသစ်ဝင်လာတဲ့ပဲတွေက မိုးကြောင့် အရည်အသွေးညံ့နေပြီး ဈေးကောင်းမရတဲ့ အနေအထား ဖြစ်နေပါတယ်။ တရုတ်ဝယ်လက်ရှိတဲ့အတွက် ပုံမှန် အရောင်းအဝယ်ရှိနေပေမယ့် အရည်အသွေးကောင်းတာကိုသာ ဈေးကောင်းပေးဝယ်တာဖြစ်လို့ ဈေးက အနည်းငယ်တော့ တန့်သွားပါတယ်။

ပဲအသစ်တွေက ပြီးခဲ့တဲ့အပတ်အထိ တစ်တင်းကို ကျပ်လေးသောင်းကျော် ရရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ တစ်တင်းကို ကျပ် ၃၀၀၀၀ ကနေ ၃၅၀၀၀ အထိပဲ ရရှိနေပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၃၀၀၀ ကျော် ပေါက်ဈေးရှိပြီး တစ်တင်းမှာ ၃၀၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။ မြင်းခြံ ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၃၄၀၀၀ ကျော်ရှိပြီး တစ်တင်းမှာ ကျပ် ၁၅၀၀ ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်တင်းမှာ ကျပ် ၃၀၀၀ ကျော် ဈေးတက်လာလို့ တစ်တင်းကို ကျပ် ၃၆၀၀၀ ကျော် ရှိနေပါတယ်။ ပဲတီစိမ်းဈေးက ပဲတွေထဲမှာ အမြင့်ဆုံးဈေးရရှိနေသေးတဲ့ပဲလည်း ဖြစ်နေပါတယ်။

**ကုလားပဲ ယခင်အပတ်ထက်ဈေးတက်**

ကုလားပဲကတော့ ကြိတ်ခွဲသမားတွေ အပြင် အခြား ပြည်တွင်းသိုလှောင်ဝယ်ယူမှုတွေကြောင့် ဒီတစ်ပတ်မှာလည်း ဈေးတက်လာပါတယ်။ ပြီးခဲ့တဲ့အပတ်နဲ့နှိုင်းယှဉ်ရင် တစ်တင်းမှာ ကျပ် ၁၀၀၀ လောက် ဈေးတက်လာပါတယ်။ တောင်သူတွေကတော့ ယခင်နှစ်ကရတဲ့ ဈေးအထိ ရောက်ရှိဖို့ မျှော်လင့်နေကြပါတယ်။ ကုလားပဲက ပဲပေါ်ချိန်မှာသာ ဈေးတက်လာပြီး ကျန်ကာလတွေမှာ ဈေးအေးတဲ့အနေအထား ရှိပါတယ်။

မုံရွာကုန်စည်ဒိုင်မှာတော့ ကုလားပဲဝါကြီးက တစ်တင်းကို ၂၀၀၀၀ ကျပ်၊ ကုလားပဲဝါ အသေးကတစ်တင်းကို ၂၁၆၀၀ ၊ ကုလားပဲလုံးဖြူကြီးက တစ်တင်းကို ၂၁၇၀၀၊ ကုလားပဲဖြူ အသေးက တစ်တင်းကို ၂၁၇၀၀ ရှိနေပြီး ပဲအားလုံး အနည်းငယ်စီ ဈေးတက်ခဲ့ပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ ကုလားပဲအကြီး(ဝါ၊ဖြူ)က တစ်တင်းကို ၁၉၈၀၀ ကျပ်နဲ့ဈေးငြိမ်နေပြီး ပခုက္ကူကုန်စည်ဒိုင်မှာတော့ ကုလားပဲအကြီး(ဝါ)က တစ်တင်းကို ၂၁၄၀၀ ကျော်နဲ့ တစ်တင်းမှာ ကျပ် ၅၀၀ နီးပါး ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၂၂၀၀ ရှိပြီး ၃၀၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။

**ထောပတ်ပဲအရောင်းအေး၍ ဈေးကျ**

ထောပတ်ပဲကတော့ ပြီးခဲ့တဲ့ အပတ်က ဈေးအမြင့်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်ကျဆင်းသွားပါတယ်။ သည်းထန်စွာ မိုးရွာသွန်းမှုကြောင့်လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အဝင်နည်းသွားသလို အရောင်းကလည်း အေးသွားတဲ့အတွက် ဈေးကျဆင်းသွားခဲ့တာပါ။ မုံရွာကုန်စည်ဒိုင်မှာ ထောပတ်ပဲတစ်တင်းကို ကျပ် ၃၈၀၀၀ ရှိပြီး ၁၀၀၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၃၇၅၀၀ နဲ့ ၁၅၀၀ နီးပါး ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၄၀၀၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

**မြေပဲဆံ(ဆီဆန်)(လုံးဆန်) အငြိမ်ဈေးမှာရှိ**

မြေပဲဆံ(ဆီဆန်) ကတော့ ဒီတစ်ပတ်မှာ ဈေးငြိမ်နေပြီး (လုံးဆန်)ကတော့ ဒီတစ်ပတ်မှာ ဈေးကျဆင်းသွားပါတယ်။ မိုးဆက်တိုက်ရွာနေတဲ့အတွက် ကုန်စည်ဒိုင်တွေကို ဝင်ရောက်မှုနည်းပြီး ဈေးငြိမ်နေတာလည်း ဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာတော့ မြေပဲဆံ(ဆီဆန်)တစ်တင်းကို ၂၀၅၀ ကျပ်နဲ့ဈေးငြိမ်နေပြီး (လုံးဆန်)ကတော့ ၂၃၀၀ ကျပ်နဲ့ ၅၀ ကျပ် ဈေးတက်လာပါတယ်။ မြင်းခြံ၊ ပြည်နဲ့ ပခုက္ကူကုန်စည်ဒိုင်တွေမှာလည်း အတက်အကျ အပြောင်းအလဲ အနည်းငယ်ပဲရှိပြီး ဈေးငြိမ်ခဲ့ပါတယ်။

**နှမ်းရောင်စုံ တက်ရိပ်ပြ**

ပြီးခဲ့တဲ့ အပတ်ကတည်းက နှမ်းရောင်စုံဈေးက အနည်းငယ် တက်ရိပ်ပြခဲ့ပြီး ဒီတစ်ပတ်မှာတော့ နှမ်းအသစ်တွေ ဈေးကွက်ထဲကို ဆက်တိုက်ဝင်ရောက်လာပြီး ဈေးလည်း တက်ခဲ့ပါတယ်။

**နှမ်းညို**။ ။မုံရွာကုန်စည်ဒိုင်မှာ နှမ်းညိုတစ်တင်းကို ကျပ် ၃၇၀၀၀ ရှိပြီး တစ်တင်းမှာ ကျပ် ၅၀၀ ဈေးတက်လာပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၅၀၀၀ နဲ့ မန္တလေးကုန်စည်ဒိုင်မှာ ၃၇၃၀၀ ခန့်ရှိပြီး တစ်တင်းမှာ ၃၀၀ ကျပ် အသီးသီး ဈေးတက်လာပါတယ်။

**နှမ်းနက်**။ ။ဒီတစ်ပတ်မှာလည်း နှမ်းနက်ဈေးက မြင့်လာပါတယ်။မိုးနှမ်းစိုက်ပျိုးချိန်ဖြစ်ပြီး လှောင်နှမ်းကိုသာ အရောင်းအဝယ်လုပ်နေတာဖြစ်တဲ့အတွက် ဈေးတက်လာတာလည်းဖြစ်ပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ နှမ်းနက်တစ်တင်းကို ကျပ် ၃၇၅၀၀၊ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်တင်းကို ၃၇၂၀၀၊ မန္တလေးကုန်စည်ဒိုင်မှာ တစ်တင်းကို ၃၆၅၀၀ နဲ့ အနည်းငယ်စီ ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ၃၅၂၀၀ ရှိပြီး ကျပ် ၈၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**နှမ်းဖြူ**။ ။နှမ်းဖြူကလည်း ဒီတစ်ပတ်မှာ ဈေးတက်လာပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၄၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ၂၀၀၀ ကျပ်ခန့် ဈေးတက်သလို မြင်းခြံကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၄၁၆၀၀ ကျော် ရှိပြီး ၁၀၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။

**နှမ်းနီ**။ ။နှမ်းနီက ပြီးခဲ့တဲ့အပတ်မှာ ဈေးတက်ပေမယ့် ဒီတစ်ပတ်မှာတော့ ဈေးအနည်းငယ်ကျပြီး ငြိမ်သွားပါတယ်။ နှမ်းနီက လက်ရှိဈေးကွက်အတွင်း မရှိသလောက် ရှားသွားပါပြီ။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ကျပ် ၃၇၀၀၀၊ နေပြည်တော်ကုန်စည်ဒိုင်မှာ ကျပ် ၃၃၃၀၀နဲ့ ဈေးငြိမ်နေပြီး ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၃၈၅၀၀ နဲ့ တစ်တင်းမှာ ၁၅၀၀ ကျော်ဈေးကျဆင်းသွားပါတယ်။

**ဝတ်ရည်မွန်(AMIA)**

## ရေစကြိုမြို့နယ်မှ မိုးမိ စပ်မျိုးပြောင်းများ ဝယ်သူမရှိဖြစ်နေ

**ရေစကြို ဇွန် ၁၇**

ရေစကြိုမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိသဖြင့် မိုးမိသည့် ပဲတီစိမ်းများမှာ အရည်အသွေး ကျဆင်းသောကြောင့် ဈေးနှုန်း ပုံမှန်ထက်လျော့နည်း၍သာ ရရှိလျက်ရှိပြီး မိုးမိခဲ့၍ မှိုတက်သွားသည့် CP စပ်မျိုး ပြောင်းဖူးများမှာမူ ဝယ်ယူမည့်သူမရှိဖြစ်နေကြောင်း သိရသည်။

"CP ပြောင်းက မိုးမိလို့မှိုတက်တဲ့ဟာတွေက ဝယ်မယ့်သူမရှိသေးဘူး၊ ရောင်းချင်တဲ့ သူကရှိတယ်၊ မိုးနဲ့ထိထားတော့ အမိုးအောက်ထားလည်း စိုပြီးသားက ဒီတိုင်းကြီးပဲ၊ ဘယ်လိုမှ မခြောက်နိုင်တာကို နေမပူတော့ ပြောင်းစေ့တွေက မခြောက်နိုင်ဘဲ မှိုတက်ရော၊ ပြောင်းဖူးစေ့ကတော့ မှိုများတဲ့ဟာတွေ အရောင်းအဝယ်မဖြစ်သေးဘူး" ဟု CP ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ထို့အတူ ပဲတီစိမ်းခင်းများမှာလည်း ရေနစ်မြုပ်သဖြင့် ပဲများအညှောက်ပေါက်ပြီး ဈေးနှုန်းများ လျော့ကျလျက်ရှိနေသည်ဟု သိရသည်။ "ပဲတီစိမ်းခင်းတွေ ပျက်စီးကုန်တယ်၊ ပုံမှန်ရက်တွေဆိုရင် ပုံမှန်ဈေးပဲပေါ့၊ အခုကျတော့ မှိုတက်တာလေးတွေ အညှောက်ပေါက်လေးတွေကျတော့ ဈေးလျော့ပြီး ဖြတ်တာပေါ့၊ ပဲက မိုးမိလာတော့ အရည်အသွေးကျတော့ ဈေးလျော့တယ်၊ မိုးကရွာတော့ တောင်သူတွေမှာ အလုပ်သမားခက ခါတိုင်းထက် ပိုပေးနေရတယ်၊ ပဲဈေးကျတော့ လျော့တယ်"ဟု ပဲတီစိမ်းပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

ယခင်နှစ်က ယခုအချိန်မျိုးတွင် ပဲတီစိမ်းပေါက်ဈေးမှာ တစ်တင်းလျှင် ကျပ်လေးသောင်းကျော် ရှိခဲ့ပြီး ယခုနှစ်တွင်မူ ပခုက္ကူကုန်စည်ဒိုင်၏ ဇွန် ၁၃ ရက် ပေါက်ဈေးအရ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၃၄၅၀၀ သာရှိကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**



## မိုးညှင်းမြို့နယ်၌ ဘိန်းအစားထိုးသီးနှံ မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်

**မိုးညှင်း ဇွန် ၁၇**

မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသမှ တောင်သူများအား ၂၀၁၈-၂၀၁၉ ခုနှစ် ဘိန်းအစားထိုးသီးနှံ နှစ်ချင်းမျိုးစေ့၊ နှစ်ရှည်ပျိုးပင်နှင့် ဓာတ်မြေသြဇာများ ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က မပြင်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်ဝင်းက အမှာစကားပြောကြားပြီး မိုးညှင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်လွင်က မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မပြင်ကျေးရွာ၊ ပန်းလားကျေးရွာနှင့် ချောင်းဝကျေးရွာတို့မှ တောင်သူများအား ပုလဲသွယ်မျိုးစေ့များ၊ ဓာတ်မြေသြဇာများ၊ စိုက်ပျိုးရေးပညာပေး စာအုပ်စာစောင်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တောင်သူပညာပေးသင်တန်းကို ဆက်လက်ဖွင့်လှစ်ပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်ဇော်အောင်က မျိုးသန့်သုံးစွဲရေးနည်းပညာ အကြောင်းကိုလည်းကောင်း၊ ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးတင့်မျိုးကိုက မြေသြဇာ စနစ်တကျသုံးစွဲနည်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်မျိုးဝင်းနှင့် လက်ထောက်ဦးစီးမှူး ဒေါ်နုနုသွင်တို့က မျိုးသန့်မျိုးစေ့ထုတ်နည်းပညာနှင့် ဘက်စုံနည်းပညာကာကွယ်ရေး နည်းလမ်းများကိုလည်းကောင်း ပို့ချသင်ကြားခဲ့သည်။

ထို့နောက် သင်တန်းသို့တက်ရောက်လာကြသည့် သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အဆိုပါ သင်တန်းသို့ မပြင်ကျေးရွာ၊ ပန်းလားကျေးရွာနှင့် ချောင်းဝကျေးရွာတို့မှ တောင်သူ ၁၆၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

## စင်ကာပူနိုင်ငံသို့ မြန်မာ့စိန်တစ်လုံးသရက်သီးတင်ပို့မှု ရပ်ဆိုင်းထား

**မန္တလေး ဇွန် ၁၇**

တံဆိပ် အလွဲသုံးစားပြုလုပ်မှုများကြောင့် မြန်မာ့စိန်တလုံးသရက်သီးများ စင်ကာပူနိုင်ငံသို့ တင်ပို့မှုကို ယခု ဇွန်လဆန်းပိုင်းမှစတင်ကာ ရပ်ဆိုင်းထားကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်ထံမှ သိရသည်။




စင်ကာပူနိုင်ငံသို့ မြန်မာ့စိန်တလုံး သရက်သီးများ တင်ပို့ရာတွင် အရည်အသွေး စစ်ဆေး၍ တင်ပို့ခဲ့သော်လည်း စင်ကာပူဈေးကွက်တွင် ပြန်လည် ဖြန့်ဖြူးရောင်းချနေသည့် ကုမ္ပဏီအချို့က အရည်အသွေးနှင့်မညီသော သရက်သီးများကို အစားထိုးကာ ရောင်းချနေမှုများကြောင့် သရက်သီးတင်ပို့မှုကို ရပ်ဆိုင်းထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကတင်ပို့တဲ့အချိန်က သရက်သီးတွေက အရည်အသွေး စစ်ဆေးပြီးသား၊ တံဆိပ်လည်း ပါပြီးသား၊ ကွာလတီအမြင့်တွေကို တင်ပို့တာ၊ စင်ကာပူမှာကျ ဒီကတင်ပို့တဲ့ အရည်အသွေးမြင့် တံဆိပ်တော့ ဟုတ်တယ်၊ ဒါပေမယ့် အထဲမှာတော့ တံဆိပ်မှာပါတဲ့ အရည်အသွေးထက် နိမ့်တဲ့ မြန်မာ့သရက်သီးကိုပဲ အစားထိုး ရောင်းနေတာ၊ ဒါကြောင့် ဒီကနေ သရက်သီးတင်ပို့တာကို ရပ်ဆိုင်းထားတာ"ဟု ဦးကျော်စိုးနိုင်က ပြောသည်။

နှစ်စဉ် သရက်သီးရာသီတွင် စင်ကာပူနိုင်ငံသို့ မြန်မာနိုင်ငံမှ တစ်ရက်လျှင် သရက်သီး ငါးတန်နီးပါး တင်ပို့နေရပြီး တစ်တန်လျှင် ကျပ် ၁၅ သိန်းဝန်းကျင်အထိ ဈေးနှုန်းရရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် တံဆိပ်အလွဲသုံးစားပြုလုပ်သည့် ကုမ္ပဏီနှင့် ညှိနှိုင်းနေပြီး ပြေလည်မှုမရရှိပါက တရားစွဲရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံသို့ သရက်သီး တင်ပို့ခြင်းကို မြန်မာ့သရက် ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဝင် ကုမ္ပဏီတစ်ခုက အဓိက လုပ်ကိုင်နေခြင်းဖြစ်ပြီး လက်ရှိအချိန်မှာ မြေပြန့်ပိုင်းဒေသတွင် စိန်တစ်လုံးသရက်သီးရာသီ ပြီးဆုံးတော့မည်ဖြစ်သော်လည်း တောင်ကြီးဒေသနှင့် ကသာဒေသများမှ ထွက်ရှိသည့် စိန်တလုံးသရက်သီးများ ကျန်ရှိနေသေးကြောင်းသိရသည်။

**ထက်အောင်(AMIA)**
**ဓာတ်ပုံ- ကေဇူး(AMIA)**

## ဘိုကလေးမြို့နယ်တွင် မျိုးစေ့သန့်စင်စက်ရုံကို ယခုနှစ် စတင်လည်ပတ်နိုင်ရန် ဆောင်ရွက်မည်

**ဘိုကလေး ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် ယခုနှစ် မိုးစပါးရာသီအတွင်း မျိုးသန့်မျိုးစေ့သန့်စင်စက်ကို စတင်လည်ပတ်နိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဦးသောင်းဝင်းက ပြောသည်။

"ဘိုကလေးမှာက မျိုးသန့်ထုတ်လုပ်တဲ့သူတွေ များတယ်၊ ပံ့ပိုးကူညီမယ့် အဖွဲ့အစည်းတွေလည်း များတယ်၊ မျိုးသန့်စင်စက်အတွက် ဘိုကလေးကနေ အခြားနေရာဒေသတွေမှာရှိတဲ့ မျိုးသန့်စင်စက်တွေဆီကို သွားလုပ်ရတာတွေကြောင့်လည်း အခက်အခဲတွေ ရှိနေကြတယ်၊ ဒီအတွက် သန့်စင်စက်တွေ ဖြစ်ပေါ်လာအောင် လုပ်နိုင်ဖို့ ဆွေးနွေးထားတယ်၊ သာပေါင်းကျေးရွာက အောင်ဘောဂဆန်စက်မှာ ထိုင်ဖို့ လျာထားတယ်။ တစ်နာရီကို တစ်တန်ခွဲလောက် လုပ်ပေးနိုင်မယ်"ဟု ၎င်းက ပြောသည်။



မျိုးသန့်စင်စက်ရုံများ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးပွားလာမှသာ တောင်သူများလိုအပ်နေသော သန့်စင်သည့်မျိုးစေ့နှင့် အဖျင်းအမှော်များ ခွဲခြားပေးနိုင်ခြင်း၊ မလိုအပ်သည့် အမှုံအနယ်များ ခွဲခြမ်းပေးခြင်းတို့ကို ပြုလုပ်လာနိုင်မည်ဖြစ်ပြီး ထိုအတွက် လိုအပ်သည့် နည်းပညာ၊ ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘိုကလေးရှိ စပါးစိုက်တောင်သူ ဦးမိုးကျော်က "ပဲမျိုး၊ စပါးမျိုး သုံးစွဲမှုက နှစ်စဉ် ငါးရာခိုင်နှုန်းလောက် တက်လာပေမယ့် တစ်ဖက်မှာ ပိုကောင်းတဲ့မျိုးကဏ္ဍ အားနည်းမှုကြောင့် အထွက်က ကျဆင်းလာတယ်၊ ဒီဘက်နယ်မှာက စပါးစိုက်ထုတ်အားကောင်းတော့ စိုက်ချိန်ရောက်တိုင်း စပါးမျိုးအတွက် စိတ်ပူနေရတယ်၊ အလွယ်တကူဝယ်လို့ရတဲ့နေရာတွေ ရှိပေမယ့် ဒါတွေက စနစ်တကျလုပ်ထားတာမဟုတ်ဘူးလို့ မြင်တယ်၊ မျိုးစေ့တစ်ခုကို တစ်နှစ်ပြီးတစ်နှစ် စိုက်လာတာ ကြာလာတော့ အထွက်မှာ နည်းလာသလို အဖျင်းအမှော်တွေ ပိုပါလာတယ်"ဟု ပြောသည်။

လက်ရှိ မျိုးစေ့ဈေးကွက်တွင် စပါးမျိုးစေ့အပေါ် မူတည်၍ တစ်တင်းလျှင် ကျပ်တစ်သောင်းခွဲမှ သုံးသောင်းကြား ရှိနေပြီး တစ်ရာသီအတွက် လယ်တစ်ဧကလျှင် မျိုးစေ့ နှစ်တင်းခန့် သုံးစွဲရခြင်းကြောင့် အထွက်နှုန်းမြင့် မျိုးစပါးများကို ပုဂ္ဂလိက၊ အစိုးရဌာနများက ရောင်းချပေးခြင်းဖြင့် လိုအပ်ချက်မြင့်မားနေသည့် မျိုးကဏ္ဍအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နှစ်စဉ် မိုးစပါးစိုက်ဧက ၃ ဒသမ ၅ သန်းခန့်နှင့် နွေစပါး စိုက်ဧက ၁ ဒသမ ၇ သန်းခန့်ရှိပြီး နွေနှင့် မိုး စပါးစိုက်ပျိုးရာသီချိန်တွင် မျိုးစေ့တင်းရေ လိုအပ်ချက်မှာ တင်းပေါင်း သိန်း ၅၀ ကျော်အထိ ရှိနေကြောင်းလည်း ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ-ကေဇူး(AMIA)**

## ကျောက်တံခါးရေလှောင်တမံမှ နွေစပါး ဧက ၁၃၀၀ ကျော်အထိ စိုက်ပျိုးရေ ပိုမိုပေးဝေနိုင်ခဲ့

**မကွေး ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ ကျောက်တံခါးရေလှောင်တမံမှ ယခု ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါး စိုက်ပျိုးရန် ၁၂၆၆ ဧက လျာထားခဲ့သော်လည်း ၁၃၈၉ ဧကအထိ ပိုမိုတိုးတက်ကာ စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည့်အပြင် နှမ်းစိုက်ဧက ၁၄ ဧကကိုပါ စိုက်ပျိုးနိုင်ခဲ့ကြောင်း နတ်မောက်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကျောက်တံခါးရေလှောင်တမံသည် နတ်မောက်မြို့နယ် ကျောက်တံခါးကျေးရွာအနီးရှိ ကျောက်တံခါးချောင်းနှင့် တောင်ဦးချောင်းတို့ကို ပိတ်၍ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူကာ ၂၀၀၂-၂၀၀၃ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် တမံဖြစ်သည်။

အဆိုပါရေလှောင်တမံသည် ပူပြင်းခြောက်သွေ့သော အညာဒေသအတွက် များစွာ အထောက်အကူပြုလျက်ရှိသည့်အပြင် တမံအောက်ဘက် ကျောက်တံခါးကျေးရွာအနီးရှိ အိမ်ထောင်စု ၁၁၁ စုမှ လူဦးရေ ၄၈၀ ကျော်နှင့် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် သောက်သုံးရေကိုလည်း ခြောက်လက်မရေပိုက်နှင့် အိမ်တိုင်းကိုယ်စီ ရေငုတ်များဖြင့် အချိန်ပြည့် ထောက်ပံ့ပေးလျက်ရှိသည်။ အလျား ၉၁ မိုင်ရှိသည့် ကျောက်တံခါး လက်ဝဲမြောင်းတစ်လျှောက်ရှိ ကျေးရွာများမှာလည်း မြောင်းရေကို အသုံးပြု၍ ယခင်က ရေရှားပါးသည့် အခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ကြောင်း၊ ရေလှောင်တမံက သောက်သုံးရေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ငါးသယံဇာတများ ရရှိရေးကို အကျိုးပြုသည့်အပြင် ရေလှောင်တမံ၏ မြောင်းပေါင်လမ်းကို အသုံးပြုနိုင်ခြင်းကြောင့် ဒေသ၏ လမ်းပန်းဆက်သွယ်ရေးအတွက်လည်း များစွာအကျိုးပြုလျက်ရှိကြောင်း သိရသည်။

ကျောက်တံခါးရေလှောင်တမံသည် ကန်ရေပြည့် ရေလှောင်ပမာဏ ၄၁၁၀၀ ဧကပေ၊ ကန်ရေပြည့် ရေပြင်ကျယ် ဧရိယာ ၁၉၄၁ ဧကရှိပြီး အကျိုးပြုဧရိယာမှာ ဧက ၂၀၀၀ ရှိကြောင်း၊ ပြီးခဲ့သော မိုးစပါးစိုက်ချိန်ကလည်း ၂၁၁၃ ဧကကို အောင်မြင်စွာ စိုက်ပျိုးရေပေးဝေနိုင်ခဲ့သည့်အပြင် နွေစပါးနှင့် နှမ်းစိုက်ခင်းများကိုပါ စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ခဲ့သဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိသည့် ရေလှောင်တမံ တစ်ခုဖြစ်ကြောင်း သိရသည်။ **တင်မောင်လွင်(မြန်မာ့အလင်း)**



ကျောက်တံခါးရေလှောင်တမံ

# နိုင်ငံ့ဝန်ထမ်းများအား အသက်အာမခံသုံးမျိုး စတင်ရောင်းချပေးမည်

**ရန်ကုန် ဇွန် ၁၇**

နိုင်ငံ့ဝန်ထမ်းများအတွက် ကာလတို အသက်အာမခံ သုံးမျိုးကို ယခု ဇွန်လ ၂၀ ရက်မှ စတင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြန်မာ့အာမခံရုံးများတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

"ကျွန်တော်တို့ ဒီအာမခံအမျိုးအစားကတော့ ပြည်သူ့ဝန်ထမ်း အသက်အာမခံ ကာလတို ဖြစ်ပါတယ်၊ ရောင်းချမယ့် အာမခံအမျိုးအစားက သုံးနှစ်၊ ငါးနှစ်၊ ၁၀ နှစ် ဖြစ်ပါတယ်။ ဝန်ထမ်းတစ်ဦးက သုံးနှစ်သက်တမ်းရှိ အသက်အာမခံ ကျပ် ၁၀ သိန်း ထားမယ်ဆိုရင် သုံးနှစ်ပြည့်တဲ့အချိန်မှာ ၁၂ သိန်း ရမှာဖြစ်ပါတယ်။ ဒီကြားထဲမှာ အသက်သေဆုံးသွားမယ်ဆိုရင်တော့ ထားတဲ့ ကျပ် ၁၀ သိန်း ပြန်ရမှာဖြစ်ပါတယ်" ဟု မြန်မာ့အာမခံလုပ်ငန်း အထွေထွေမန်နေဂျာ ဦးခင်မောင်ဝင်းက မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်၌ စာနယ်ဇင်းသမားများနှင့် ဇွန် ၁၆ ရက်က တွေ့ဆုံစဉ် ပြောကြားသည်။

အဆိုပါ ဝန်ထမ်းအသက်အာမခံ သုံးမျိုးကို ဇွန် ၂၀ ရက်မှစ၍ မြန်မာ့အာမခံလုပ်ငန်းရုံးချုပ် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြန်မာ့အာမခံရုံးများတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ လောလောဆယ် ဝန်ထမ်းများကိုသာ ရောင်းချပေးသွားမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် အများပြည်သူကိုပါ ရောင်းချပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း ဦးခင်မောင်ဝင်းက ဆက်လက်ရှင်းပြသည်။



မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်

ဝန်ထမ်းအနေဖြင့် အဆိုပါအသက်အာမခံကို ထားရှိရန် ငွေကြေးအခက်အခဲ ရှိပါကလည်း မြန်မာ့အာမခံလုပ်ငန်းက အလွန်သက်သာသော အတိုးနှုန်းဖြင့် ပြန်လည်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အကယ်၍ ဝန်ထမ်းအနေဖြင့် အာမခံကာလအတွင်း လုပ်ငန်းခွင်မှ ထွက်သွားမည်ဆိုပါကလည်း နစ်နာမှုမဖြစ်စေဘဲ ထိုက်သင့်သော အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

# တန့်ယန်းမြို့နယ်မှ ပြည်သူများအား အခမဲ့ မျက်စိကုသမှုများ ဆောင်ရွက်ပေးမည်

**တန့်ယန်း ဇွန် ၁၇**

ရှမ်းပြည်နယ် တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ ဆရာတော်ဘုရားကြီး၏ မွေးနေ့ဝိဇာတ ပူဇော်ပွဲကြီးကို ဇွန် ၂၅ ရက်နှင့် ၂၆ရက်တွင် တန့်ယန်းမြို့ရှိ အဆိုပါ ကျောင်းတိုက်၌ ကျင်းပသွားမည်ဖြစ်ပြီး ဆရာတော်ကြီး၏ မွေးနေ့ပွဲနှစ်ရက်တွင် မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးစီမံကိန်း (နေပြည်တော်)မှ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမောင်အောင်မျိုးဝင်း ဦးဆောင်သောအဖွဲ့က တန့်ယန်းမြို့ရှိ ပြည်သူလူထု အား အခမဲ့မျက်စိစမ်းသပ်ခြင်း၊ အခမဲ့မျက်စိခွဲစိတ်ပေးခြင်းများ ကုသိုလ်ဖြစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမောင်အောင်မျိုးဝင်း ဦးဆောင်၍ မျက်စိအထူးကုဆရာဝန်ကြီးလေးဦး အပါအဝင် အဖွဲ့ဝင် ၁၆ ဦးက အခမဲ့ မျက်စိ စမ်းသပ် စစ်ဆေးပေးမည်ဖြစ်ကာ မျက်စိခွဲစိတ်ကုသရမည့် လူနာများအား တန့်ယန်း တပ်မတော်ဆေးရုံ ၂၅ ကုတင်သို့ ခေါ်ဆောင်၍ ခွဲစိတ်ပေးမည်ဖြစ်ပြီး လိုအပ်သည့် မျက်မှန်၊ မျက်စဉ်း၊ ဆေးဝါးမှအစ အားလုံးကို အခမဲ့ပေး၍ ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မျက်စိဝေဒနာရှင်များအနေဖြင့် လာရောက်ပြသကြရန်လည်း တန့်ယန်းမြို့နယ်အတွင်း ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့် လက်ကမ်းစာစောင်များကို ကျေးရွာများအရောက် ဖြန့်ဝေထားပြီး တန့်ယန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လူနာများ အဆင်ပြေစွာ လာရောက်ကုသနိုင်ရန်လည်း စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပုလောမြို့နယ်၌ ချောင်းလှချောင်းရေစီးကြောင့် တံတားအလယ်တိုင်နှစ်တိုင် နိမ့်ကျ

**ပုလော ဇွန် ၁၇**

ယခုရက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ပုလော မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျ ရေစီးသန်မှုကြောင့် ပုလောမြို့နယ် ရှမ်းဒွတ်ကျေးရွာ အုပ်စု မင်းဝင်းကျေးရွာနှင့် ချောင်းလှကျေးရွာကြား ဆက်သွယ်ထားသော ချောင်းလှချောင်းကူး ဘေလီ သံပေါင်တံတားမှာ ဇွန် ၁၇ ရက်က တံတားအလယ်တိုင် နှစ်တိုင် ငါးပေခန့်နိမ့်ကျကာ တိုင်ခြေယိုင်မှု ဖြစ်ပွား ခဲ့ကြောင်း သိရသည်။



အဆိုပါ ချောင်းလှချောင်းကူး ဘေလီသံပေါင်၊ ပျဉ်ခင်းတံတားမှာ အရှည် ပေ ၁၆၀၊ အကျယ် ခြောက် ပေရှိပြီး ရေမျက်နှာပြင်အထက် အမြင့်ပေ ၂၀ ရှိကာ တံတားခွင် လေးခုရှိသည့်အနက် ယခု တိုင်နိမ့်ကျခြင်း ကြောင့် တံတား၏ အလယ်ခွင်နှစ်ခွင်မှာ ငါးပေခန့် နိမ့်ကျသွားခဲ့ကြောင်း၊ အဆိုပါ တံတားကို ကျေးလက် ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အတွင်း ဧပြီလက ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ချောင်းလှချောင်းတံတား နိမ့်ကျ ယိုယွင်းနေမှုကို ကျေးရွာနေပြည်သူများ ယာယီ သွား လာမှုအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည် များကို ကျေးလက်လမ်းဦးစီးဌာနက ကွင်းဆင်း ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ်ဆရာတော်၏ တရားသင်တန်းအလှူတော် မန္တလေးတွင်ကျင်းပ

**မန္တလေး ဇွန် ၁၇**

ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောက်စဖို့ဒ် ဆရာတော် ဒေါက်တာ အရှင်ဓမ္မသာမိ၏ တရားသင်တန်းပို့ချခြင်း အလှူတော် အခမ်း အနားကို မန္တလေး ကွန်ဗင်းရှင်းစင်တာ ပထမထပ်ရှိ ကွန်ဖရင့်ခန်းမ၌ ဇွန် ၁၄ ရက်က ကျင်းပခဲ့သည်။

တရားပွဲသင်တန်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်ချီးမြှင့်တော်မူသော ဩဝါဒ ကထာကို နာယူကြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်က တရားသင်တန်းအစီအစဉ်ကို အချိန်သုံးပိုင်းခွဲ၍ တစ်နေ့တာ ပို့ချခဲ့ပြီး စုပေါင်းတရားထိုင်ခြင်းနှင့် သင်တန်းတက်ရောက်ကြသူများက မိမိတို့သိလိုသည့် တရားဓမ္မဆိုင်ရာများကို မေးမြန်းခြင်းများလည်း ပြုလုပ်ခဲ့ကြသည်။ အဆိုပါ တရားပွဲ သင်တန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နယူးစတားလိုက် ဆောက် လုပ်ရေးကုမ္ပဏီလီမိတက်က ကျင်းပလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင် မန်းကိုယ်ပွား**

# ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်းရှိ တံတားများကို အကြီးစားထိန်းသိမ်းမှု ဆောင်ရွက်မည်

**ဘိုကလေး ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်အတွင်းရှိ ဘိုကလေး-ကြိမ် ချောင်း-ကဒုံကနိ လမ်းမကြီးသည် ၄၂ မိုင် အရှည်ရှိပြီး နာဂစ်လမ်းကွန်ရက် အမှတ်(၅)ဖြစ်ကာ အဆိုပါလမ်းပေါ်ရှိ တံတားများသည် နာဂစ်မုန်တိုင်းဖြစ်ပြီးနောက် သဘာဝဘေး ထပ်မံကြုံတွေ့ပါက လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် ယာယီ တည်ဆောက်ထားခဲ့သော တံတားများဖြစ်သည်။



အဆိုပါလမ်းတွင် အရှည် ပေ ၁၈၀ အောက် တံတား ၂၅ စင်းနှင့် ပေ ၁၈၀ အထက် တံတား ၁၂ စင်းရှိကာ အဆိုပါတံတားများအနက် ပန်းဖူးတံတား၊ ရေကျော် ဂေါက် တံတား၊ ဥတိုတံတားနှင့် ဓနုံးချောင်းတံတားတို့ကို ၂၀၁၈ ခုနှစ်အတွင်း အသေးစား ရန်ပုံငွေဖြင့် ကြံ့ခိုင်မှုရှိအောင် ပြင်ဆင်သွားမည်ဖြစ်ပြီး နှစ်ရှည်ခံ အကြီးစား ထိန်းသိမ်း ပြုပြင်ခြင်းများကိုလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ပြင်ဆင် ထိန်းသိမ်းခြင်းရန်ပုံငွေ တောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘိုကလေး မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိုင်းထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တိုက်ကြီးမြို့ ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်

**တိုက်ကြီး ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်ပွဲနှင့် ပန်းတစ်ပွင့်တောင် ကုသိုလ်ဖြစ်ဆေးရုံအတွက် အလှူငွေပေးအပ်ပွဲကို ဇွန် ၁၄ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်ပွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုး တော်ဆောင်ဆရာတော်၊ ပန်းတစ်ပွင့်တောင်ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင် မောင်ထွန်းတို့က ပန်းတစ်ပွင့်တောင် ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။ ထို့နောက် ပန်းတစ်ပွင့်တောင် ကုသိုလ်ဖြစ်ဆေးရုံအတွက် အလှူငွေပေးအပ်ပွဲကို ပန်းတစ်ပွင့်တောင်ကျောင်း ကျေးဇူးဆပ်ဗိမာန်တော်၌ ဆက် လက်ကျင်းပပြီး အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ထွန်းလှိုင်(မြိုင်)**

# ထန်တလန်မြို့နယ်၌ ကျေးရွာအလယ်တန်းကျောင်း အဆင့်တိုးဖွင့်လှစ်

**ထန်တလန် ဇွန် ၁၇**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ဖုန်ကကျေးရွာရှိ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ဇွန် ၁၅ ရက်က အဆင့် တိုးမြှင့် ဖွင့်လှစ်ခဲ့သည်။ ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူးဦးရမ်ဟား၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအာကာစိုးပိုင်နှင့် ဖုန်ကကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဇာဟူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ဖွင့်ပွဲသို့ ကျောင်းကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာတာဝန်ခံများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ ကျောင်းတွင် လက်ရှိ ဆရာ ဆရာမ ကိုးဦးတို့ တာဝန်ထမ်းဆောင်လျက်ရှိပြီး ကျောင်း သား ကျောင်း သူ ၁၁၉ ဦး တက်ရောက်ပညာသင်ယူနေကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ထန်တလန်မြို့နယ်အတွင်းမှ ကျောင်းများကို အဆင့်တိုးမြှင့်ရန် ခွင့်ပြုခဲ့မှုမှာ ကိုယ့်အားကိုယ်ကိုးကျောင်းမှ မူလတန်း(ခွဲ)ကျောင်းအဖြစ် သုံးကျောင်း၊ မူလတန်း(ခွဲ) မှ မူလတန်းကျောင်းအဖြစ် တစ်ကျောင်း၊ မူလတန်းလွန်ကျောင်းမှ အလယ်တန်း ကျောင်း(ခွဲ)အဖြစ် ငါးကျောင်း၊ အလယ်တန်းကျောင်း(ခွဲ)မှ အလယ်တန်းကျောင်း အဖြစ် ၁၂ ကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ)မှ အထက်တန်းကျောင်းအဖြစ် သုံး ကျောင်း စုစုပေါင်း ၂၄ ကျောင်းကို အဆင့်တိုးမြှင့်ခွင့်ပြုခဲ့ကြောင်း မြို့နယ်ပညာရေးမှူး ရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စစ်ကိုင်းမြို့တွင် လူငယ်နှင့်အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

**စစ်ကိုင်း ဇွန် ၁၇**

လူငယ်လူရွယ်များ အသိပညာဗဟုသုတများ ပိုမိုမြင့်မားလာစေရန်၊ စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စည်းလုံးစွာ ပူးပေါင်းပါဝင် လုပ်ကိုင်နိုင်သည့် အလေ့အထကောင်းများ ရရှိနိုင်စေရန် ရည်ရွယ်လျက် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း၏ စီစဉ်မှုဖြင့် လူငယ်နှင့်အနာဂတ်နိုင်ငံတော် ခေါင်းစဉ်ဖြင့် ဆွေးနွေး ဟောပြောပွဲကို ဇွန် ၁၆ ရက်က စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဒေါက်တာသင်းထက်ထက်စံ(RAIT)က မော်ဒရေတာအဖြစ် ဆောင်ရွက်ပေးပြီး ဆရာထင်လင်းဦး(Wisdom Villa)၊ ဆရာဖူးကျော်ဇင်(Future Wave)၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်သော ဒေါ်စုမြတ်ထက်နှင့် ဦးစိုးဝင်းထွန်း၊ ဦးမိုးကျော်ကျော်(WF Foundation) တို့က ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြပြီးနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန် ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက လူငယ်များနှင့် သက်ဆိုင်သည့် စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အကြောင်း အရာများကို မေးမြန်းကြကာ ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ တက္ကသိုလ်နှင့် ကောလိပ်များမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**ဇော်မြင့်နိုင်**

## ကော့မှူးမြို့နယ်မှ စံပြရွာများသို့ မျိုးသန့်မျိုးစေ့များပေးအပ်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ ဘက်စုံစံပြကျေးရွာများတွင် ဖွဲ့စည်းထားပြီးဖြစ်သော မျိုးစေ့ထုတ် သမဝါယမအသင်းများမှ အသင်းသားများအား မျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးအပ်ပွဲနှင့် မျိုးစေ့ထုတ်နည်းပညာများ ရှင်းလင်းပွဲကို ရှမ်းစုကျေးရွာရှိ ဘက်စုံစံပြကျေးရွာခန်းမ၌ ဇွန် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

မျိုးသန့်မျိုးစေ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး၊ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာမြတ်သူနှင့် တာဝန်ရှိသူများက လက်ခိုက်၊ လာဝတီ၊ ဆပုဂံ၊ ရေဖြူတွင်း၊ ကျူတောချောင်နှင့် ရှမ်းစု ကျေးရွာများမှ မျိုးစေ့ထုတ် သမဝါယမအသင်းသား ကိုယ်စားလှယ်များထံ မျိုးစေ့များ ပေးအပ်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက မျိုးစေ့ထုတ်နည်းပညာများကို ရှင်းလင်းပြောကြားခဲ့သည်။

ကော့မှူးမြို့နယ်တွင် ဒေသရေမြေနှင့် ကိုက်ညီပြီး ဈေးကွက်ရှိသည့် သီးနှံ မျိုးသန့်များကို တောင်သူများကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သွားနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ကူညီပံ့ပိုး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗထူး

## သထုံ၌ ကျေးလက်ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

သထုံ ဇွန် ၁၇

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဝီယော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။ ပြည်သူ့ဆန္ဒ၊ ပြည်သူတို့၏ သဘောထား၊ လိုအပ်ချက်များအတွက် ပြည်သူများ၏ ပြောဆိုချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်း၍ အကူအညီပေးနိုင်ရန်အတွက် ပြည်သူ့စကားဝိုင်းကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူ့စကားဝိုင်းတွင် သထုံခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က အမှာစကားပြောကြားပြီး ဒေသခံပြည်သူများက မိမိတို့ကျေးရွာများ၏ လိုအပ်ချက်များဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး စသော ကိစ္စရပ်များကို တင်ပြပြီး ကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပြည်သူ့စကားဝိုင်းသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအောင်ကျော်သူ ၊ ဒေါ်ခိုင်ခိုင်လဲ့တို့နှင့်အတူ မြို့နယ်အုပ်ချုပ်ရေးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ကုသရေးဦးစီးဌာန၊ ခရိုင်ပြန်/ဆက်၊ ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်လျှပ်စစ်ဌာနတို့မှ တာဝန်ရှိသူများနှင့် ဝီယော်၊ နောင်ကတုတ်၊ ပိန္နဲတော၊ မတ်ချ၊ ဝင်းဖုန်း၊ ချောင်းစောင့်၊ ကော့လှိုင်း ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ခွန်(ဝင်းပ)

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေး

သထုံ ဇွန် ၁၇

သထုံမြို့နယ် ဝီယော်ကျေးရွာ၊ ဝီယော်ဘုန်းကြီးကျောင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ဇွန် ၁၇ ရက်က ပြုလုပ်သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့၊ ဦးအောင်ကျော်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူတို့က ဆွေးနွေးမေးမြန်းကြရာ ပြန်လည်ရှင်းလင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

## မုန်းချောင်းကမ်းပါးပြိုမှုကြောင့် ဘုရားဆင်းတုတော်များ မထိခိုက်စေရန် စုပေါင်းဆောင်ရွက်နေ



ပွင့်ဖြူ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဇွန် ၉ ရက်မှ ၁၄ ရက်အထိ မိုးများအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် မုန်းချောင်းရေတိုးမြင့်လာကာ မုန်းချောင်းကမ်းပါးပြိုကျမှုများ ဖြစ်ပွားလျက်ရှိသည်။ ဇွန် ၁၇ ရက် နံနက်ပိုင်းကလည်း ရွှေလှေကျေးရွာအုပ်စု ရွာထောင်ကျေးရွာတွင် မုန်းချောင်းကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ကာ ဒေသခံများ ကိုးကွယ်လျက်ရှိသည့် ယခင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ ဘုရားဆင်းတုတော် ငါးဆူမှာ မုန်းချောင်းကမ်းပါးနှင့် တဖြည်းဖြည်း နီးကပ်လာသည့်အတွက် အဆိုပါ ဘုရားဆင်းတုတော် ငါးဆူအား ရေတိုက်စားမှုကြောင့် မျောပါမသွားစေရန် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာနေပြည်သူများက စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်မှာ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် မြို့နယ်အတွင်း ကျေးရွာတော်တော်များများမှာ မုန်းချောင်းရေတိုးမြင့်ပြီး လူနေအိမ်များကို ရေဝင်ရောက်မှုတွေ ဖြစ်ခဲ့ပါတယ်၊ ဒါ့အပြင် တစ်ချို့ကျေးရွာတွေမှာ မုန်းချောင်းရေတိုက်စားတာကြောင့် မုန်းချောင်းကမ်းပါးပြိုကျမှုတွေ ဖြစ်ခဲ့ပြီး လူနေအိမ်တွေ ရွှေ့ပြောင်းရတဲ့ အနေအထားတွေ ဖြစ်ခဲ့ပါတယ်၊ ကျွန်တော်တို့ ရွှေလှေကျေးရွာအုပ်စု မရိုးကုန်းကျေးရွာမှာဆိုရင် မုန်းချောင်းကမ်းပါးပြိုကျခဲ့လို့ အိမ် ၇၅ လုံးလောက် ရွှေ့ပြောင်းခဲ့ရပါတယ်"ဟု ရွှေလှေကျေးရွာအုပ်စု ရွာထောင်ကျေးရွာမှ ရပ်/ကျေးစာရေး ကိုရာဇာကျော်က ပြောသည်။

"ဒီနေ့ မနက်ပိုင်းမှာ ရွာထောင်ကျေးရွာမှာ မုန်းချောင်းကမ်းပါးပြိုကျမှုကြောင့် ကျေးရွာနေပြည်သူတွေ ကိုးကွယ်နေတဲ့ ယခင်ဘုန်းတော်ကြီးကျောင်း မြေအတွင်းက ဘုရားဆင်းတုတော် ငါးဆူဟာ တဖြည်းဖြည်းနဲ့ မုန်းချောင်းကမ်းပါးအခြေထိ ရောက်ရှိနေပါပြီ၊ ဒါကြောင့် ဒီနေ့မနက်ပိုင်းမှာ ကျေးရွာသူကျေးရွာသားများ စုပေါင်းပြီးတော့ ဘုရားဆင်းတုတော် ငါးဆူကို ရေတိုက်စားမှုကြောင့် မျောပါမသွားအောင် သစ်ကိုင်းများခုတ်ချပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြပါတယ်၊ အခုဆိုရင် ဒီ ရွာထောင်ကျေးရွာမှာ မုန်းချောင်းကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ရှစ်လုံး ပြောင်းရွှေ့ထားရပါပြီ"ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ရဲဝင်းနိုင်(ညောင်ဦး)

## မင်းတုန်းချောင်းကူး ရေနံ့သာတံတားကို အမြန်ဆုံး ပြန်လည်ဆောက်လုပ်လျက်ရှိ

ကံမ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေနှင့် မျောပါပျက်စီးသွားသော သရက်-ကံမကားလမ်းပေါ်ရှိ မင်းတုန်းချောင်းကူး ရေနံ့သာဘေလီတံတားကို ဇွန် ၁၇ ရက်မှစတင်၍ ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် တံတားတည်ဆောက်ရေးအဖွဲ့(၃)၊ တံတားအထူးအဖွဲ့(၃)နှင့် တံတားအထူးအဖွဲ့(၁၀)တို့မှ အင်ဂျင်နီယာများနှင့် ကျွမ်းကျင်ဝန်ထမ်းများက တာဝန်ယူ ဆောက်လုပ်လျက်ရှိပြီး တံတား၏အမြင့်ပေကို မူလအမြင့်ထက် မြှင့်တင်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တံတားမရှိ၍ ဆက်သွယ်ရေးလမ်းများ ပြတ်တောက်နေသည့်အတွက် အမြန်ဆုံး ပြန်လည်သွားလာနိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါတံတားသည် မကွေး-သရက်-ကံမ-ပြည် ကားလမ်းပေါ်တွင် အရေးပါသော တံတားတစ်စင်းဖြစ်ပြီး ၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တိုင်များပေါ်တွင် တည်ဆောက်ထားသော ဘေလီတံတားဖြစ်ပြီး အရှည် ပေ ၇၂၀ နှင့် အကျယ် ၁၅ ပေရှိကြောင်း သိရသည်။

ကျော်ဇေယျဝင်း (ပြန်/ဆက်)



## နွေသီးနှံစိုက်ခင်းများအတွက် ရေအလုံအလောက်ပေးဝေနေသော မုန်းချောင်းပေါ်မှ ဆည်တမံများ

အနောက်ရိုးမမှ တောတောင်အသွယ်သွယ်တို့ကြား တသွင်သွင်စီးဆင်းနေသော မုန်းချောင်းရေကြည်တို့သည် သဘာဝအလှကို ဖြည့်စွမ်းပေးရုံသာမက လူသားပတ်ဝန်းကျင်ကိုလည်း အကျိုးပြုလျက်ရှိနေသည်။

မုန်းချောင်းကိုပိတ်၍ တမံတည်ဆောက်ကာ လူသားတို့အတွက် လျှပ်စစ်မီးနှင့် စိုက်ပျိုးရေပေးဝေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မြောက်ဘက်တွင် မုန်းချောင်းရေလှောင်တမံ တည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် ဥမင်ဖောက်ကာ ရေအားရယူပြီး ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကိုပါ တည်ဆောက်ခဲ့သည်။ ရေအားလျှပ်စစ်ထုတ်လွှတ်ရန် လိုအပ်သော ရေအားပမာဏရရှိပြီး ထွက်ရှိလာသောရေတို့ကို ပွင့်ဖြူမြို့နယ် မဲဇလီရေလွှဲဆည်သို့ ရေကူးပေးဝေသည်။ မုန်းချောင်းရေလှောင်တမံ ရေအားလျှပ်စစ်ကို ၂၅ မဂ္ဂါဝပ် သုံးလုံး စုစုပေါင်း ၇၅ မဂ္ဂါဝပ်ဖြင့် နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၃၀ ထုတ်လုပ်ရန် လျာထားခဲ့ကြောင်း သိရသည်။ ကြီးအုံကြီးဝ ရေလှောင်တမံမှလည်း ရေအားလျှပ်စစ်ကို ၃၇ မဂ္ဂါဝပ် နှစ်လုံး ၇၄ မဂ္ဂါဝပ် ထုတ်လုပ်ပေးလျက်ရှိသည်။

မင်းဘူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက "ကျွန်တော်တို့ အရင်က မဲဇလီဆည်တစ်ခုတည်းက သိုလှောင်ရေအပေါ် မှီခိုပြီး ဒေသခံတောင်သူများကို စိုက်ပျိုးရေပေးဝေခဲ့ရတာပါ။ နိုင်ငံတော်အကြီးအကဲများ၊ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ ညွှန်ကြားရေးမှူးချုပ်တို့ရဲ့ စေတနာနဲ့ နည်းပညာတွေ ဖြည့်ဆည်းပံ့ပိုးခဲ့မှုကြောင့် ဆည်ရေအလုံအလောက် သိုလှောင်ရရှိနိုင်တဲ့အပြင် နိုင်ငံတစ်ခုရဲ့ အဓိကဖွံ့ဖြိုးတိုးတက်မှု အရင်းအမြစ်အဖြစ် လျှပ်စစ်ဓာတ်အားကိုပါ တပါတည်း ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပေးခဲ့လို့ နိုင်ငံ့ဝန်ထမ်းတစ်ဦးအနေနဲ့ရော ပြည်သူတစ်ဦးအနေနဲ့ပါ ကျေးဇူးတင်ရှိပါတယ်"ဟု ပြောသည်။

၂၀၁၇-၂၀၁၈ နွေသီးနှံစိုက်ရာသီက မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့မှ ရေသိုလှောင်မှုကြောင့် စိုက်ပျိုးရေ အပြည့်အဝရရှိခဲ့သည်။ မဲဇလီရေသောက်စနစ်အတွက်လည်း နွေစပါး ၂၇၇၃၇ ဧက လျာထားခဲ့ကာ ရေလွှဲဆည်၏ ရေသောက်ဧရိယာအတွင်းမှ နွေစပါးနှင့် နွေနှမ်းစိုက် တောင်သူများ၏ လိုအပ်ချက်နှင့် ဆန္ဒအရ နွေစပါး ၃၆၄၂၀ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားချက်ထက် ပြည့်မီ ကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ နွေနှမ်းစိုက်ပျိုးမှုတွင် ၃၅၈၉ ဧက လျာထားသည့်အနက် ၂၂၄၅၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

မုန်းချောင်းရေအလျဉ်နှင့် ဆည်/တမံများ၏ စွမ်းအား၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိ ဝန်ထမ်းအဆင့်ဆင့်တို့၏ စေတနာနှင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်မှုတို့ဖြင့် မုန်းချောင်းပေါ်ရှိ ဆည်တမံများမှ နွေသီးနှံစိုက်ခင်းများဆီသို့ စိုက်ပျိုးရေများပေးဝေကာ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် လူနေမှုဘဝ မြင့်မားလာစေရေးတို့ကို အထောက်အကူပြုလျက် ရှိနေပေသည်။ ။

သန်းဌေး(မင်းဘူး)



မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံ

# ကျေးဇူးတင်လွှာ

မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်းမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ကျင်းပခဲ့သည့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်များရှိ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၏ ဘွဲ့နှင်းသဘင်များ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ဘွဲ့ဝတ်စုံများ ငှားရမ်းပေးနိုင်ခဲ့ခြင်းများအတွက် ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ကျင်းပမည့် ဘွဲ့နှင်းသဘင်များ ပိုမိုပြည့်စုံအောင်မြင်အောင်ဆောင်ရွက်ပေးလိုပါကြောင်း ကမ်းလှမ်းအပ်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့**
**မြန်မာ့ကုန်တိုက်၊ ဘွဲ့ဝတ်စုံလုပ်ငန်း၊**
**အမှတ် ၄၄၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၅၂၈၅၁၊ ၀၁-၂၅၀၄၄၃၊ ၀၁-၃၈၆၉၃၁**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ (၁)မှ ၂၀၁၈ခုနှစ် ဧပြီလမှစက်တင်ဘာလ ဘဏ္ဍာရေးကာလအတွင်း ဆောင်ရွက်မည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ သီကီရ်ရေလှောင်တမံအနီး သီကီရ်ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရန်အတွက် 0.4 KV ဓာတ်အားဖြန့်ဖြူးလိုင်း ၅ ဒသမ ၇ မိုင် တည်ဆောက်သွယ်တန်းခြင်းအတွက် လိုအပ်သော ဓာတ်အားလိုင်းသုံးလျှပ်စစ်ပစ္စည်းများအားစီမံကိန်းလုပ်ငန်းခွင်သို့ အရောက်ပို့စနစ်ဖြင့် ပြင်ပလုပ်ငန်းရှင်များထံမှ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံများရောင်းချမည့်ရက်** - ၁၉-၆-၂၀၁၈ရက်မှ ၂၅-၆-၂၀၁၈ ရက်အထိ ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၉-၆-၂၀၁၈ရက်၊ ၁၆း၀၀နာရီအတွင်း
**တင်ဒါဖွင့်မည့်ရက်** - တင်ဒါနောက်ဆုံးတင်သွင်းရက်မှ တစ်ပတ်အတွင်း
**တင်ဒါရွေးချယ်ဖွင့်လှစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့

၃။ တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို တင်ဒါလျှောက်လွှာနှင့်အတူ တစ်ပါတည်းထည့်သွင်းဖော်ပြထားပြီး တင်ဒါအဆိုပြုလွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ (၁)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့တွင် သတ်မှတ်ရက်များ၌ ရုံးချိန်အတွင်း တစ်စုံလျှင်(၁၀၀၀၀/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ(၁) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေအားလျှပ်စစ်ဌာနခွဲ (၁)၊**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့၊**
**ဖုန်း-၀၆၅-၃၀၂၈၇၊ ၀၉-၄၅၂၅၂၂၅၀၊ ၀၉-၄၅၅၆၅၂၈၅၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ရုံးအမှတ် (၄၆)၊ နေပြည်တော်
## ဒုတိယဦးစီးမှူး (ဝင်ပေါက်) ရာထူးနေရာများအတွက် ရေးဖြေအောင်မြင်သူများစာရင်း ထုတ်ပြန်ခြင်းနှင့် လူတွေ့စစ်ဆေးမည့်ရက်ကြေညာခြင်း
## (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၆ရက်)
## (၂၀၁၈ခုနှစ် ဇွန် ၁၈ရက်)

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး (၁၄၁)နေရာအတွက် ၁၉-၅-၂၀၁၈ရက်နှင့် ၂၀-၅-၂၀၁၈ရက်များတွင် အရည်အချင်းစစ်ရေးဖြေစာမေးပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး ရေးဖြေအောင်မြင်သူ ၁၈၀ ဦး၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

၂၊ ၇၊ ၁၂၊ ၂၁၊ ၂၄၊ ၂၅၊ ၃၅၊ ၄၂၊ ၅၁၊ ၆၇၊ ၈၀၊ ၈၆၊ ၉၃၊ ၉၅၊ ၉၇၊ ၁၀၆၊ ၁၀၇၊ ၁၀၈၊ ၁၀၉၊ ၁၁၀၊ ၁၁၉၊ ၁၂၀၊ ၁၂၅၊ ၁၃၀၊ ၁၃၁၊ ၁၃၈၊ ၁၃၉၊ ၁၄၆၊ ၁၅၁၊ ၁၅၄၊ ၁၆၀၊ ၁၆၁၊ ၁၆၂၊ ၁၆၄၊ ၁၆၅၊ ၁၆၇၊ ၁၆၉၊ ၁၈၄၊ ၁၈၈၊ ၁၉၀၊ ၂၃၁၊ ၂၃၂၊ ၂၃၅၊ ၂၄၁၊ ၂၄၂၊ ၂၄၃၊ ၂၄၅၊ ၂၄၈၊ ၂၅၇၊ ၂၆၁၊ ၂၆၇၊ ၂၈၁၊ ၂၈၂၊ ၂၈၆၊ ၂၉၁၊ ၃၀၁၊ ၃၀၅၊ ၃၀၇၊ ၃၁၂၊ ၃၂၁၊ ၃၃၄၊ ၃၃၉၊ ၃၄၀၊ ၃၅၁၊ ၃၅၂၊ ၃၅၆၊ ၃၅၈၊ ၃၅၉၊ ၃၆၀၊ ၃၆၃၊ ၃၆၄၊ ၃၆၈၊ ၃၆၉၊ ၃၇၀၊ ၃၇၁၊ ၃၇၃၊ ၃၈၁၊ ၃၈၅၊ ၃၉၃၊ ၃၉၇၊ ၄၀၄၊ ၄၀၆ ၄၁၅၊ ၄၁၆၊ ၄၃၂၊ ၄၃၃၊ ၄၃၇၊ ၄၄၀၊ ၄၄၁၊ ၄၄၃၊ ၄၅၅၊ ၄၆၇၊ ၄၆၉၊ ၄၇၈၊ ၄၇၉၊ ၄၈၀၊ ၄၈၅၊ ၄၈၈၊ ၄၉၃၊ ၅၀၃၊ ၅၁၀၊ ၅၁၂၊ ၅၁၅၊ ၅၁၈၊ ၅၃၀၊ ၅၅၉၊ ၅၇၆၊ ၅၈၃၊ ၅၈၄၊ ၅၈၅၊ ၅၈၈၊ ၅၉၃၊ ၅၉၅၊ ၅၉၇၊ ၆၁၃၊ ၆၂၁၊ ၆၂၃၊ ၆၃၀၊ ၆၃၄၊ ၆၃၈၊ ၆၄၈၊ ၆၅၄၊ ၆၆၀၊ ၆၇၅၊ ၇၀၁၊ ၇၂၄၊ ၇၂၇၊ ၇၄၀၊ ၇၄၂၊ ၇၄၈၊ ၇၅၃၊ ၇၅၆၊ ၇၆၂၊ ၇၈၃၊ ၇၉၂၊ ၈၀၄၊ ၈၁၀၊ ၈၁၆၊ ၈၂၉၊ ၈၅၆၊ ၈၇၂၊ ၈၇၅၊ ၈၉၀၊ ၈၉၁၊ ၈၉၅၊ ၈၉၆၊ ၉၀၁၊ ၉၀၃၊ ၉၁၅၊ ၉၂၀၊ ၉၃၇၊ ၉၃၈၊ ၉၅၁၊ ၉၅၄၊ ၉၅၅၊ ၉၆၉၊ ၉၇၃၊ ၉၇၈၊ ၉၈၃၊ ၉၈၆၊ ၉၉၃၊ ၉၉၉၊ ၁၀၂၀၊ ၁၀၂၂၊ ၁၀၂၆၊ ၁၀၂၈၊ ၁၀၂၉၊ ၁၀၃၅၊ ၁၀၃၆၊ ၁၀၄၃၊ ၄၀၄၇၊ ၁၀၅၃၊ ၁၀၅၅၊ ၁၀၅၆၊ ၁၀၆၆၊ ၁၀၇၂၊ ၁၀၇၆၊ ၁၀၈၀၊ ၁၁၀၇၊ ၁၁၁၀။

၂။ အရည်အချင်းစစ်ရေးဖြေအောင်မြင်သူများအား ၂၆-၆-၂၀၁၈ရက် (အင်္ဂါနေ့)နှင့် ၂၇-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့)တို့တွင် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ရာ ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်သို့ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ၂၅-၆-၂၀၁၈ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရမည်ဖြစ်ပါသည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့် မိတ္တူ (၁)စောင်
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)၊ ဘွဲ့ရလက်မှတ်(မူရင်း)တို့နှင့် မိတ္တူ (၁)စောင်စီ
(ဂ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ဆေးထောက်ခံချက်(မူရင်း) နှင့် မိတ္တူ (၁)စောင်
(ဃ) အိမ်ထောင်စုလူဦးရေစာရင်း (မူရင်း)နှင့် မိတ္တူ (၁)စောင်

၃။ လူတွေ့စစ်ဆေးမှုခံယူရန် လာရောက်သူများသည် အောက်ပါအတိုင်း ဝတ်ဆင်လာရမည်-
(က) အမျိုးသားများ လည်ကတုံးအင်္ကျီအဖြူနှင့် ပုဆိုး
(ခ) အမျိုးသမီးများ မြန်မာဆန်ဆန် ဝတ်ဆင်လာရမည်။

၄။ အဆိုပါရေးဖြေအောင်မြင်သူများစာရင်းအား ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၄၆)၊ နေပြည်တော်တွင် ကြေညာပေးသွားမည်ဖြစ်သည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရုံးအမှတ် (၄၆)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၀၂၁**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သောဆေးဝါးများကို ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၀-၆-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၆-၇-၂၀၁၈ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ကျိုင်းတုံဆေးရုံကြီး**
**ဖုန်း-၀၈၄-၂၁၅၁၁**

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောဦးစီးဌာန
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်(၅/၂၀၁၈-၂၀၁၉)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်းတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| ၁။ | Toyota Double Cab (4 WD) | ၂ စီး |
| ၂။ | Speed Boats 22'x6.5'x3.5' (Roof+Steel+4 Chair+Sofar Chair+Water Blue) With 115 HP Yamaha Engine + Steering (4 Strock Engine, Gasoline) | ၂ စင်း |

၂။ တင်ဒါပေးသွင်းမှုကို ၂၈-၆-၂၀၁၈ ရက် ၁၆း၀၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ၅၀၀၀ိ/-နှုန်းဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**
**ရုံးအမှတ် ၃၉၊ နေပြည်တော်**

## ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်စ်ကား အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၌ လုပ်ငန်းဆောင်ရွက်ရန်နှင့် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းနှင့် ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုသူများအား အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) City Bus ယာဉ်များ ဆွဲနိုင်သည့် ကရိန်းယာဉ်(၁)စီး ဝယ်ယူရန်။ (ရန်ကုန်လိုင်စင်၊ လုပ်ငန်းလိုင်စင်ပါရှိရမည်)
(ခ) ၁၀'-၁၂' Box Truck ယာဉ်(၂)စီးဝယ်ယူရန်။ (ရန်ကုန်ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်ပါရှိရမည်)
(ဂ) 60 KVA မီးစက်(၁)လုံး ဝယ်ယူရန်။
(ဃ) ဘက်ထရီအိုးများ ဝယ်ယူရန်။
(င) မော်တော်ယာဉ်ရပ်ဝင်းနှင့် ရုံးအဆောက်အအုံများ CCTV တပ်ဆင်ရန်။ (မှော်ဘီနှင့် ဒဂုံအရှေ့နှစ်နေရာ)

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ပါအတိုင်း ဝယ်ယူတင်သွင်းရန်-
(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၁၈-၆-၂၀၁၈ရက် (တနင်္လာနေ့)
(ခ) **အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၇-၆-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ၁၁နာရီတိတိတွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တစ်ပါတည်းတင်သွင်းရမည်။
(ဂ) **အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်အစီအစဉ်** - ၂၇-၆-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)၁၄း၀၀ နာရီတိတိ
(ဃ) **တင်ဒါပုံစံဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ** - အမှတ်(၇)၊ မြို့ရှောင်လမ်း၊ မှော်ဘီမြို့နယ် ယာဉ်ရပ်နားဝင်းရှိ ရုံးချုပ်

၃။ အသေးစိတ်အချက်အလက်များကို တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့ ဖုန်း- ၀၉-၄၂၅၀၀၄၈၀၈၊ ၀၉-၉၅၀၉၂၉၉၁၊ ၀၉-၉၆၅၂၀၃၁၇၅၊ ၀၉-၂၅၀၅၀၉၇၅၅၊ ၀၉-၅၀၀၈၃၉၆ တို့ထံ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကမ္ဘာ့စိတ်ကျန်းမာရေးနေ့ (၂၀၁၈)အထိမ်းအမှတ်အဖြစ်ထုတ်ဝေမည့် မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်ခြင်း

ဒေါက်တာနေဝင်း စိတ်ကျန်းမာရေးဖောင်ဒေးရှင်း စတင်ဖွဲ့စည်းခြင်းအထိမ်းအမှတ်အဖြစ် ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁၀ရက် ကမ္ဘာ့စိတ်ကျန်းမာရေးနေ့အမီ စိတ်ကျန်းမာရေးမဂ္ဂဇင်းတစ်စောင် ထုတ်ဝေမည်ဖြစ်ပါသည်။

သို့ပါ၍ ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါး၊ ကာတွန်းများကို မည်သူမဆို ရေးသားပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။
(၁) ဝတ္ထုတို A4 ရှစ်စာမျက်နှာထက် မပိုရ၊ ကဗျာ A4 တစ်မျက်နှာထက် မပိုရ၊ ဆောင်းပါး A4 ငါးမျက်နှာထက် မပိုရ။
(၂) စာမူများကို လက်ရေး သို့မဟုတ် ကွန်ပျူတာစီပြီး ပေးပို့နိုင်ပါသည်။
(၃) အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ စိတ်ကျန်းမာရေးဆိုင်ရာ အထူးကုဆရာဝန်များအားလုံး၊ စိတ်ကျန်းမာရေးသူနာပြုများနှင့် နီးနွယ်သည့် စိတ်ပညာရှင်များကိုလည်း ပါဝင်ရေးသားပါရန် မေတ္တာရပ်ခံပါသည်။
(၄) **ပေးပို့ရမည့်လိပ်စာ**- မြန်မာနိုင်ငံစာရေးဆရာအသင်း(တောင်ဥက္ကလာပ) အမှတ်-၁၂၃၅၊ သစ္စာလမ်း၊ စာတိုက်လမ်းဆုံ၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၇၂၁၁၃၊ ၀၉-၄၂၁၀၃၉၅၂၂
(၅) ပို့စ်ကတ်အရွယ်ဓာတ်ပုံ(၂)ပုံပါ ပူးတွဲပေးပို့ရန်။
(၆) စာမူရွေးချယ်မှုမှာ မဂ္ဂဇင်းကော်မတီ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်ပါသည်။

မရွေးချယ်သော စာမူများ ပြန်လည်ပေးပို့မည်မဟုတ်ပါ။
**စာမူပိတ်ရက်**- ၁၆-၇-၂၀၁၈ ရက် (တနင်္လာနေ့)

**မဂ္ဂဇင်းကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊အထက အထက်တန်းကျောင်း ကျွန်းတောကုန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဇင်မာဝေနှင့် သတ္တမတန်းမှ မောင်ချစ်မျိုးဦးတို့၏ ဖခင်အမည်မှန်မှာ ဦးတင်အေးဖြစ်ပါကြောင်း။

**ဦးတင်အေး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၃)ရပ်ကွက်၊ မြစံပါယ် ၃ လမ်း၊ အိမ်အမှတ်(၆၇၆)နေ မအိမ့်ပြောမာန်ချို တက္ကသိုလ်ဝင်တန်း၊ မောင်ခန့်ပိုင်ဇော် တတိယတန်းတို့၏ ဖခင်အမည်မှန်မှာ ဦးစန်းမျိုးဦးဖြစ်ပြီး မှတ်ပုံတင်အမှန်မှာ ၁၄/ညတန(နိုင်)၀၇၆၆၈၉ ဖြစ်ကြောင်း။

## Climate Adaptation in Coastal Communities of Myanmar: Improved Management of Mangrove Forests
## Denmark-Myanmar Country Programme 2018 – 2023

## JOB VACANCY

### Assistant to International Technical Advisor

The project ***Climate Adaptation in Coastal Communities of Myanmar: Improved Management of Mangrove Forests*** is an engagement implemented by Forest Department of the Ministry of Natural Resources and Environmental Conservation (MONREC), with support from Embassy of Denmark in Myanmar.
The Engagement focuses on strengthening resilience of coastal communities to climate change through rehabilitation and sustainable management of mangrove forests, and access to more sustainable livelihood opportunities, particularly in Rakhine State, with some additional activities in Tanintharyi Region.

The Forest Department is looking for an assistant to the International Technical Advisor, who is working closely with Forest Department based in Nay Pyi Taw.
Duty stations: Forest Department, Nay Pyi Taw, with frequent travels to Project sites in Rakhine, and (to lesser extent)Tanintharyi Region.
Contract period: 2 years, including 3 months of probation.
Main purpose of the job: Assist the International Technical Advisor in overall facilitation of the implementation of the Engagement Project, particularly translation/interpretation, logistical and practical preparation of field missions, workshops and seminars, as well as minor support to administration.
Key responsibilities:
- Assist the International Technical Advisor in liaising with the Forest Department, relevant Government institutions, and other stakeholders
- Interpretation/translation of discussions/documents from Myanmar to English and vice versa, both in writing and verbally
- Assist International Technical Advisor in facilitating field missions including logistical arrangements in coordination with the Forest Department
- Assist the International Technical Advisor in facilitating workshops/seminars, trainings and study tours in coordination with the Forest Department
- Minor administrative support to theEngagement

Qualifications:
- A university degree (at least BSc level)
- Fluent in Myanmar and English both written and spoken
- Experience in interpretation/translation from Myanmar to English and vice versa, both in writing and verbally
- Minimum two years of experience in program/project management with international organizations
- Proven ability to engage government stakeholders and working with and between government institutions as well as with other stakeholders within communities and civil society
- Excellent computer skills
- Experience in the field of forestry or natural resource management will be an asset.

Personal qualifications:
- Flexible, open-minded and energetic
- Ability to work in a political environment
- Good contact, cooperation and communication skills
- Conflict sensitivity.

Deadline for application: 22nd June, 2018 (17:00 hrs). Applications received after the deadline will not be considered. Application form and more information are available at Watershed Management Division, Forest Department (watershedfdmonrec@gmail.com).
The Completed form should be submitted to: U Bo Ni, Director, Watershed Management Division, Forest Department (watershedfdmonrec@gmail.com) CC: Mr. Anders Poulsen, International Technical Advisor (afpoulsen@gmail.com).
Contact Details: Watershed Management Division,
Forest Department,
Ministry of Natural Resources and Environmental Conservation
Phone +673 405398 +673 405115

## ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)
## Commerce Graduates' Association (Myanmar)
## ဟောပြောပွဲကျင်းပမည်

**ဟောပြောပွဲခေါင်းစဉ်** : မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လုပ်ငန်းစဉ်များအကြောင်း (၂၀၁၇)
**ဟောပြောမည့်သူ** : ဦးမျိုးမင်း(ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)
**ကျင်းပမည့်ရက်နှင့်အချိန်** : ၂၀၁၈ ခုနှစ် ဇွန် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ
**ကျင်းပမည့်နေရာ** : ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သင်တန်းကျောင်းခန်းမ ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
**ဆက်သွယ်ရမည့်သူများ** : ဦးကျော်စွာဝင်း (CGA အသင်းရုံးခန်း) ဖုန်း-၀၉-၉၇၈၄၂၃၇၈၄၊ ၀၁-၈၆၁၀၃၆၂ MICPA ရုံးခန်း ဖုန်း-၀၉-၃၁၇၁၈၁၄၉၊ ၀၁-၂၃၁၄၆၅၃ (ရုံးချိန်အတွင်း)
**မှတ်ချက်** : စိတ်ဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။ ဇွန် ၂၂ရက်၊ ညနေ ၃ နာရီနောက်ဆုံးထား၍ ကြိုတင်ဆက်သွယ်စာရင်းသွင်းပါရန်။

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း-သစ်မာသစ်လုံးနှင့် ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-
(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၁-၆-၂၀၁၈ ရက် နံနက် ၉း၀၀နာရီ
**နယ် သစ်မာသစ်လုံး သီးသန့်**
၂၂-၆-၂၀၁၈ ရက် နံနက် ၉း၀၀နာရီ
**ရန်ကုန်/နယ် ကျွန်း/သစ်မာ (သစ်လုံး/ခွဲသား)**
၂၅-၆-၂၀၁၈ ရက် မွန်းတည့် ၁၂း၀၀နာရီ
**ရန်ကုန် ကျွန်းသစ်လုံး သီးသန့်**
(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ**
- ကျွန်းသစ်လုံး ၁၅၈၄ တန်
- ကျွန်းခွဲသား ၂၅၈ တန်
- သစ်မာခွဲသား ၁၃၆ တန်
- သစ်မာသစ်လုံး **(၂၀၁၇-၂၀၁၈ထုတ်သစ်များ ပါဝင်ပါသည်။)**
- ပိတောက်၊ ပျဉ်းကတိုး၊ အင်/ကညင်၊ သင်းဝင်၊ တောင်သရက်၊ သင်္ဂန့၊အင်ကြင်း၊ အောက်ချင်းစာနီ၊ စကားဝါ ၁၄၄၈၀ တန်
(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်) ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)နှင့် Web-Site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၃။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၂၈၇၆၄၊ E-mail;marketing1ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

# မြန်မာအမျိုးသမီးအသင်း အာဆီယံပြိုင်ပွဲမတိုင်မီ အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းမည်

**ရန်ကုန် ဇွန် ၁၇**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၈ အာဆီယံ အမျိုးသမီး ပြိုင်ပွဲမတိုင်မီ အင်ဒိုနီးရှားလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဇွန် ၁၇ ရက်တွင် ထိုင်းခရီးစဉ်မှ ပြန်လည်ရောက်ရှိလာပြီး ဇွန် ၁၈ ရက် **(ယနေ့)** ညနေပိုင်းတွင် လေ့ကျင့်မှုပြန်လည်ပြုလုပ်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းခရီးစဉ်သွားရောက်ခဲ့သည့် ကစားသမား ၂၄ ဦးဖြင့် ပြန်လည်လေ့ကျင့်မည်ဖြစ်ပြီး အပြီးသတ် လူစာရင်းကို ယခုရက်ပိုင်းအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ နောက်ဆုံးပြင်ဆင်မှု အဖြစ် ၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည့် အင်ဒိုနီးရှားအမျိုးသမီးအသင်းနှင့် ဇွန် ၂၇ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ကြိုတင်သွားရောက်မည်ဖြစ်ပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်မည် ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ပြိုင်ပွဲအတွက် ပြင်ဆင်သည့် အနေဖြင့် ဇွန် ၁၁ ရက်မှ ၁၆ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့် ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့ သည်။ မြန်မာအသင်းသည် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ကစားခဲ့ရာ ပထမပွဲတွင် တစ်ဂိုးစီသရေကျပြီး ဒုတိယပွဲတွင် နှစ်ဂိုး-တစ်ဂိုး ဖြင့် ရှုံးနိမ့်ခဲ့သည်။ ထိုင်းအမျိုးသမီးကလပ် ချောင်ဘူရီအသင်းနှင့်ခြေစမ်း ပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းတွင် **နည်းပြချုပ်**အဖြစ် ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**အဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ **ဂိုးနည်းပြ**အဖြစ် ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး-**မေဇင်နွယ် (မြဝတီ)၊ ဇာဇာမြင့် (အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး (ဇွဲကပင်)၊ **နောက်တန်း-** ခင်သန်းဝေ၊ အေးအေးမိုး (မြဝတီ)၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ●



မြန်မာအမျိုးသမီးအသင်းလေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

“ပင်လယ်ကြီးက ဘာပြောလဲ”ရုပ်ရှင်ဇာတ်ကား ဇွန် ၂၂ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

*စာမျက်နှာ -၁၁*

ပဒါန်းကျေးရွာ၌ တောရိုင်းတိရစ္ဆာန် အစိတ်အပိုင်းများနှင့် ပေါက်ကွဲစေတတ်သော ဒီတိုနီတာ ၉၀၀ သိမ်းဆည်းရမိ

*စာမျက်နှာ -၁၃*

# မောင်မောင်လွင်၊ အီစိုးတို့၏ သွင်းဂိုးများဖြင့် ရန်ကုန်အသင်းအနိုင်ရ



ရန်ကုန်နှင့် ဇွဲကပင်အသင်းယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - ဖိုးသော်ဇင်

**ရန်ကုန် ဇွန် ၁၇**

၂၀၁၈ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၆) ဒုတိယနေ့ကို ယနေ့ညနေ ပိုင်းက ကျင်းပရာ ရန်ကုန်၊ Southern နှင့် စစ်ကိုင်းအသင်း အနိုင်ရခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန် အသင်းသည် မောင်မောင်လွင်၊ အီစိုး တို့၏ သွင်းဂိုးများဖြင့် ဇွဲကပင်အသင်းကို အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး လက်ရှိ ချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ထိပ်တိုက် မတွေ့ဆုံမီ နှစ်မှတ်အသာဖြင့် ဆက်လက် ဦးဆောင်နိုင်ခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၆* ❄

# အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲယှဉ်ပြိုင်မည့် MIC အသင်းအတွက် ဖိတ်ခေါ်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၇**

၂၀၁၈ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာကလပ် MIC အသင်း အတွက် ဖိတ်ခေါ်ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး ဇွန် ၁၉ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ရှိ အား/ကာသိပ္ပံ (ရန်ကုန်) ၌ ကျင်းပမည်ဖြစ်သည်။

Myanmar Imperial College က ကြီးမှူး၍ Imperial Cup 2018 ပြိုင်ပွဲအမည်ဖြင့် ကျင်းပမည်ဖြစ်ပြီး MIC အသင်းနှင့်အတူ VUC အသင်း၊ GV Athletic အသင်း၊ Titans XII အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများကို ဇွန် ၁၉ ရက်မှ ၂၁ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၂၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများ အဖြစ် ဇွန် ၁၉ ရက်တွင် VUC အသင်းနှင့် Titans XII အသင်း၊ MIC အသင်း နှင့် GV Athletic အသင်း၊ ဇွန် ၂၀ ရက်တွင် GV Athletic အသင်းနှင့် VUC အသင်း၊ MIC အသင်းနှင့် Titans XII အသင်း၊ ဇွန် ၂၁ ရက်တွင် GV Athletic အသင်းနှင့် Titans XII အသင်း၊ MIC အသင်းနှင့် VUC အသင်းတို့ ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ MIC အသင်းသည် ၂၀၁၈ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ

*စာမျက်နှာ ၁၂ ကော်လံ ၃* ◆

VICTORIA UNIVERSITY COLLEGE
ENJOY SUCCESS
ISO 9001: 2015 CERTIFIED

VICTORIA UNIVERSITY COLLEGE
ENJOY LEARNING ENJOY SUCCESS

အကောင်းဆုံးကို ရွေးချယ် အပ်နှံတတ်သော မိဘများကြောင့် ကျောင်းသား အင်အားအများဆုံး၊ သင်ကြားမှုအကောင်းဆုံးနှင့် နိုင်ငံတကာ စံချိန်စံညွှန်း ISO 9001:2015 အသိအမှတ်ပြု လက်မှတ်ရ VICTORIA UNIVERSITY COLLEGE မှ ၂၀၁၈ ကျောင်းသား၊ကျောင်းသူသစ် များကို ကြိုဆိုပါသည်။

1. Business (HR/ Management/ Marketing)
2. Computing and Systems Development
3. Construction and the Built Environment (Civil Engineering)
4. Electrical and Electronic Engineering
5. Mechanical/ Mechatronic Engineering
6. Health and Social Care

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသူများသည် ၂၀၁၈၊ ဇွန်လ တတိယ အပတ်တွင် ဖွင့်လှစ်မည့်၊ နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့် အတွက် South Essex College(UK) မှ တိုက်ရိုက် ချီးမြှင့်မည်ဖြစ်သည့် Level 3 Foundation Diploma သင်တန်းကို တက်ရောက်ရန် လျှောက်ထားနိုင်သည်။ သင်တန်းကာလ ပြီးဆုံးပါက အထက်ဖော်ပြပါ ဘာသာရပ်များမှ နှစ်သက်ရာ ဘာသာရပ်တစ်ခုကို ရွေးချယ်ပြီး HND (RQF Level 5) ရရှိရန် ၂ နှစ်ခန့်ကြာ သင်ယူရမည်။

HND ရရှိပြီးပါက ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် ပူးတွဲသင်ကြား ပို့ချမည့် အတန်းတွင် BE / BSc/ BA (Hons) ဘွဲ့ရရှိရန် (၁)နှစ်ခန့် စာတွေ့၊ လက်တွေ့ သင်ယူရမည်။

နိုင်ငံတကာ တက္ကသိုလ်များသို့ သွားရောက် သင်ယူလိုလျှင်လည်း VUC မှ ကျောင်းသားတိုင်း အထူးအခွင့်အရေး ရရှိပါသည်။

အသေးစိတ် အချက်အလက်များကို စုံစမ်းရန် ကျောင်းသားရေးရာ ဌာန

ရန်ကုန် – အမှတ် (၁၆၆) ၊ အထက် ပန်းဆိုးတန်းလမ်း၊ MMB Tower ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄။
မန္တလေး – အမှတ် (၁၅၁) ၊ ၂၈ လမ်း (၇၇ x ၇၆)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း ၀၂ ၄၀ ၃၁၁၅၄၊ ၃၉၆၃၃၊ ၀၉ ၉၇၂၂၈၂၈၅၅။